
www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၅၅၅၅၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၃၈၀၅၀၉
၂၀၀၉ ခုနှစ်၊ ဖွန်လ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-) ကျပ်

◉ **ထုတ်ဝေသူ**
ဦးနိုင်မျိုးထွန်း၊ အင်ပါယာစာပေ၊
တိုက်-၂၁၊ အခန်း-၁၁၊ ဦးဝိစာရလမ်းမ/မြောက်ဒဂုံ။

◉ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်၊
အမှတ် (၁၇၁)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

◉ **အတွင်းပုံနှိပ်**
ဦးမြင့်ဝေ (၀၃၄၁၆)၊ ကံ့သာပုံနှိပ်တိုက်၊
အမှတ်(၁၈၂)၊(၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

◉ **ပြည်လုံးကျွတ်ဖြန့်ချိရေး**

◉ **ကြယ်စင်လင်းစာပေ**
အမှတ် (၅၇၇)၊ ဓာနည် (၁၀)လမ်း (၉) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ရ၉၅ • ၈၃

ပုဏ္ဏက
တမလွန်ဝက်ပါ / ပုဏ္ဏက။ - ရန်ကုန်။
အင်ပါယာစာပေ ၊ ၂၀၀၉ ။
၁၃၅-စာ၊ ၁၃၀ × ၂၀၇ စင်တီ။
(၁) တမလွန်ဝက်ပါ။

## အခန်း (၁)

နှစ်၏ရှေ့တော်ပြေး လတာကာရဲ့ အဦးအစသို့ စက္ကန့်တံလေး အရွေ့. . .

" HAPPY NEW YEAR "

တပြိုင်နက်တည်း ဝက်ဝက်ကွဲ ထအော်တဲ့ ကြည်နူးတက်ကြွသံတွေ ကြားလိုက်ချိန်မှာ အိတျာ ရင်တစ်ပြင်လုံး ခဲကျင်လောင်မြိုက်သွားရသည်။

ချမ်းစီးဝေသီတဲ့ ဟောဒီလို လူလုံးမကွဲပြား ညလယ်ယံကြီးမှာပဲ. . .

မောင် အိတျာကို ခွဲသွားခဲ့တာပါ။

" မင်္ဂလာနှစ်သစ်ကြီးအား ကြိုဆိုပါတယ် "

" ကြိုဆိုပါတယ် နှစ်သစ်ကြီး. . . "

ဆူညံစွာ ဟစ်အော်မြူးတူးနေသော အော်သံကြောင့် အိတျာ သောက်လက်စ လက်ဘက်ရည်ခွက်ကိုချရင်းငေးမိသည်။

အရှိန်ပြင်းစွာ ထိုးရပ်လာသော စက်မှုဇုံထုတ် ငွေမှင်ရောင် ဂျစ်ကားတစ်စီးနဲ့ ခေတ်မီသွက်လက် လူငယ်တစ်စု ဆိုင်ထဲသို့ခုန်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ရောက်လာတယ်။

မောင်ရယ်. . .

လူတကာတွေပျော်နေချိန်မှာ အိတ္တာနှလုံးသား တဆစ်ဆစ် ကိုက်ခဲကျွမ်းမြေ့ခဲ့ရတာ. . .

အခုဆို တစ်နှစ်တိတိပြည့်ခဲ့ပြီ။

နေ့စဉ်နဲ့အမျှ မမေ့နိုင် မမေ့စွမ်းပါဘူး မောင်. . .

အထူးသဖြင့်ပြောရရင်. . .

" မောင်စွန့်ခွာရက်ခဲ့တဲ့ . . . ဟောဒီလို ညဥ့်သန်းခေါင် ဆယ့်နှစ်နာရီဝန်းကျင်ရောက်တိုင်း. . . အိတ္တာမောင့်ကို လွမ်းနေပါတယ်"

" ဒီ ခြောက်ဆယ့်နှစ်လမ်းက မိုးလင်းပေါက်ဖွင့်ထားတဲ့ လက်ဘက်ရည် ဆိုင်ထဲမှာ ထိုင်ထိုင်ပြီး မောင့်ကိုလွမ်းနေ ပါတယ် သိရဲ့လားမောင်. . ."

" အိတ္တာရဲ့အစွမ်းတွေကို အိတ္တာကိုယ်တိုင် မောင့်မွေးနေ့မှာ လက်ဆောင်ပေးခဲ့တဲ့ ဟောဒီစက်သေနာရီလေးကတော့ သိနေတယ်. . ."

" မောင့်ရဲ့ သစ္စာရှိတဲ့ နာရီလေးက မောင့်ကိုယ်ပွားပေါ့"

မောင့်နှလုံးခုန်သံအပြီးတိုင် ရပ်ဆိုင်းခဲ့တဲ့ ဆယ့်နှစ်နာရီ ဆယ့်နှစ်မိနစ်မှာပဲ သစ္စာရှိနာရီလေးလည်း အပြီးတိုင် စက်သေ ခဲ့တယ်။

ဘယ်အချိန်ကြည့်လိုက် ကြည့်လိုက် ဆယ့်နှစ်နာရီဆယ့်နှစ် မိနစ်ကိုပဲ ညွှန်ပြမြဲနာရီလေးကို အိတ္တာရင်အုပ်မကွာ တန်ဘိုးထား တယ်။

လက်ပတ်ကြိုးမရှိတော့တဲ့ မောင့်နာရီဟာ အခုတော့လည်း





အိတ္တာ ရင်ဘတ်ပေါ်မှာ သစ္စာရှိဆွဲပြားလေးအဖြစ် ရှိနေပြန် တယ်လေ. . .။

" မောင် "

" ကျေနပ်မှာပါ. . ."

" မောင်က အိတ္တာကို သိပ်ချစ်တာပဲကိုး. . ."

" အိတ္တာချစ်တာကို မောင် မကျေနပ်ဘဲနေမလား. . ."

" အိတ္တာရေ . . ."

" မောင့်ဆီအမြန်လာခဲ့ပါတော့. . ."

" မောင် . . . မင်းကို စောင့်နေခဲ့တာ တစ်နှစ်ပြည့်သွား ပြီ. . ."

" အခု. . . ဆယ့်နှစ်နာရီ ဆယ့်နှစ်မိနစ်မှာတစ်နှစ်တိတိပြည့် သွားပြီ. . ."

" မောင် လွမ်းနေတယ်လေ. . ."

" လာပါတော့. . . ချစ်သူရယ်. . ."

" အလို. . ."

" ဒါ. . ."

" ဒါ. . ."

" မောင့်အသံ. . ."

" အလွမ်းတွေနဲ့ နာကျဉ်ကြေမွနေတဲ့ မောင့်အသံ. . ."

အိတ္တာ. . . နားနဲ့ဆက်ဆက်ကြားလိုက်ရသည်။

အိတ္တာ. . . နှလုံးသွေးတွေ ပြောင်းပြန်စီးသွားသည်ထင်၏။

အိတ္တာ. . . ကြက်သီးတဖြန်းဖြန်းထသွားသည်။

" မောင်. . ."

" ဘယ်မှာလဲ. . ."


www.burmeseclassic.com

www.burmeseclassic.com



အိတျာ့ အကြည့်တွေ မောင့်အသံလာရာဆီ ကသောကမျော ရောက်သွားတယ်. . .

" အို. . ."

" မောင်. . ."

" မောင် မှ မောင်အစစ်ပါဘဲလား"

" အိတျာ ရင်ဘတ်ကြီးပွင့်ထွက်မတတ် အော်ခေါ်နေမိတယ်. . ."

စောစောက ငွေမှင်ရောင်ကားနဲ့ဝင်လာတာ မောင်တို့အုပ်စုပါလား . . . ဟုတ်တာပေါ့ . . . ဒီဖက်က ဆံပင်အထောင်နဲ့ သက်ပြင်း. . .

လယ်သာဂျာကင်အမည်းနဲ့ကောင်က ရဲရင့်. . .

ကြေကွဲမှုအရိပ်တွေ မောင့်မျက်ဝန်းမှာ တလတ်လတ်တောက်နေလိုက်တာ . . . အိတျာ . . . တောင် မျက်ရည်မထိန်းနိုင် တော့ဘူး. . .

မောင့်ကို. . .

သနားလွန်းလို့. . .

" မင်း အိတျာကို သိပ်ချစ်တာ ငါတို့သိပါတယ်ရှင်းသန့်ရာ. . .

ဒါပေမယ့် တမလွန်ဘဝကိုပြောင်းသွားတဲ့ချစ်သူကို နေ့စဉ် လွမ်းဆွတ်နေတာ မှန်ကန်တဲ့လုပ်ရပ်မဟုတ်ဘူး. . ."

သက်ပြင်းစကားကြောင့် မောင့်ဆီ ပြေးသွားလုဆဲဆဲ အိတျာ ကိုယ်ရှိန် တန့်ရပ်သွားရတယ်။

သက်ပြင်းဆိုတဲ့ကောင်က ခပ်တည်တည်နဲ့ သိပ်နောက်တက် ပြောင်တက်တာ. . .





အခုကြည့်လေ. . .

တမလွန်ဘဝပြောင်းသွားရှာတဲ့. . . အိတျာသိပ်ချစ်ရတဲ့ မောင်ဆိုတဲ့ ရှင်းသန့်မှန်းသိသိကြီးကို. . . အိတျာကို သေလူဖြစ်အောင် ပြောသေးတယ်။

" အေးလေ"

မြတ်ကိုလည်း နည်းနည်းပါးပါး အားနာပါဦး ကွာ. . ."

" ဟာ. . ."

"ကိုရဲရင့်ကြီး . . . မကောင်းဘူးကွာ. . ."

" မြတ်က ကိုကြီးရှင်းသန့်ကို ရိုးရိုးခင်တဲ့ဥစ္စာ. . ."

ရှက်ဝဲဝဲအသံနဲ့ပြောတဲ့ ကောင်မလေးကို. . . အိတျာ ဇူဇူရဲရဲ ကြည့်လိုက်မိတယ်. . .

မောင်ကတော့ အဲဒီ မြတ်ဆိုတဲ့ကောင်မလေးကို ဖွဖွရွရွလေး ငေးလို့ပါလား။

" အို. . ."

" အိတျာ. . . ဒေါသဖြစ်လိုက်တာ အရမ်းပဲ. . ."

" နင်တို့နှစ်ယောက် ရင်ထဲမှာ မရိုးမရွဖြစ်နေမှန်း အသိသာကြီးပဲ မြတ်. . ."

" အခုမှ ရှက်ကိုးရှက်ကန်းနဲ့ လျှောက်ပြောမနေနဲ့ . . ."

" အချိန်ကြာတယ်ဟာ. . ."

" ကြိုက်နေတာဖြင့် မြန်မြန် ကြိုက်လိုက်ကြတော့ . . ."

" တစ်ယောက်ကလည်း သေသွားတဲ့ ရည်းစားဟောင်းကို လွမ်းနေ့. . . တစ်ယောက်ကလည်း အရှက်ပိုနေ. . ."

" ဒါနဲ့ပဲနင်တို့ဇာတ်ကြီးက မျောနေပြီ. . ."

" ဆည်းဆာ နေဘ်. . ."



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



" တော်တော့ဟာ. . . "

" ငါ ရှက်လို့သေတော့မယ်. . . "

" အမလေး. . . "

" သေတော့မသေလိုက်ပါနဲ့ မမိမြတ်ရယ်. . . တောင်းပန်ပါတယ်. . . "

" တစ်ယောက်သေလို့ လွမ်းမဆုံးသေး. . . "

" နောက်တစ်ယောက်ထပ်သေရင်. . . ရှင်းသန့်ရဲ့ မျက်ရည်ပင်လယ်ထဲ ငါတို့ မျောသွားရလိမ့်မယ်. . . "

" နင်တို့သေရဲပေမယ့် ငါတော့ မိန်းမမရသေးလို့ မသေရဲသေးဘူး ဟေ့. . . "

" မိန်းမရင်ကော မင်းသေရဲ့လား. . . "

" ဒါဆို. . . ဆည်းဆာရေ ရဲရင့်နဲ့ တစ်ညလောက် လက်ထပ်လိုက်ပါဟာ. . . "

" ဒီကောင်သေတာမြင်ဖူးတယ် ရှိအောင်လို့ပါ"

" . . . . ကောင် "

" ဟား . . . "

" ဟား . . . "

" ဟား . . . "

ဆည်းဆာရဲ့ ပျစ်ပျစ်နှစ်နှစ်ကျောင်းချီးပေးသံကို နှစ်နှစ်ကာကာ ခံယူရင်း သက်ပြင်းနှစ်နှစ်ခြိုက်ခြိုက် အော်ရယ်လိုက်သည်။

ပျော်ရွှင်ရယ်မောနေသော မောင်တို့စားပွဲဝိုင်းကို အခြားဝိုင်းတွေကပါ ပြုံးစစကြည့်ကြ၏။

အိတ္တာကတော့ ဒေါသတွေ အလျှံလိုက်ရော ဒေါင်လိုက်ပါ ထွက်နေတော့သည်။





အိတ္တာတစ်ယောက်လုံးရှိနေလျှက်သားနဲ့ ပြောင်လှောင်လိုက်ကြတာ. . . သက်ပြင်းဆိုတဲ့ကောင် အဆိုးဆုံး။

သူနဲ့အိတ္တာနဲ့ မျက်နှာချင်းဆိုင်တည့်တည့်ကြီး

ဒါထဲက အိတ္တာကို တစ်ချက်ကလေးတောင် ပြုံးပြဖော်မရဘူး၊ ပြုံးပြဖို့ နေနေသာသာ. . . အိတ္တာချစ်သူကို မြတ်ဆိုတဲ့ ကောင်မလေးဆီ ထိုးထိုးကြိတ်ကြိတ် တွန်းပို့နေလိုက်သေးတယ်။

မောင်ကလည်း မဟုတ်တာပါ၊ အဲဒီကောင်မလေးကို တောက်ယှောက် ကြည့်နေတာ. . . နူးညံ့လွန်းအားကြီးပါတယ်။

"သူတို့ကိုယ်စားကျွန်တော်ကပဲ တောင်းပန်ပါတယ်နော်. . . "

သိမ်မွေ့အေးချမ်းတဲ့ မောင့်အသံ. . . ပြီးတော့ မောင့်လက်တွေက မြတ်ရဲ့ လက်ဘက်ရည်ခွက်လေးကိုဆွဲယူပြီး. . .

" ဟော. . . "

" မင်းသားက တောင်းပန်ပြီ. . . "

" မင်းသမီးရဲ့အနှစ်ကျနေတဲ့ နို့ကိုမွှေပေးတယ်. . . "

" မွှေတယ် "

" ရပါတယ်. . . ကိုကြီးရှင်းသန့်ရယ်. . . "

" မြတ်ကြောင့် ကိုကြီးချစ်သူကို လွမ်းနေတာပျက်သွားတာ မြတ်ကတောင် အားနာသေးတယ်. . . "

" ဟုတ်ကဲ့ဗျာ. . . "

" မင်းသမီးကလည်း ကျေအေးလိုက်ပြီဗျာ. . . ဇာတ်လမ်းက ကောင်းခန်းရောက်နေပြီ. . . "

အနောက်အပြောင်သန်တဲ့ သက်ပြင်းစကားကိုတောင် မောင်တို့ နှစ်ယောက်မရှက်တတ်တော့ဘူးပဲ။

အိတ္တာ စိတ်တိုလွန်းလို့ လက်တွေတဆတ်ဆတ်တုန်



www.burmeseclassic.com

www.burmeseclassic.com

နေတယ်။

" မြတ် "

" စိတ်မဆိုးဘူးပေါ့ "

" ဟင့် အင်း... "

" ဒါဆို သက်သေပြ "

" ဘယ်လို "

" ကျွန်တော်ဖျော်ပေးတဲ့ လက်ဘက်ရည် ကျွန်တော်ကိုယ်တိုင် တိုက်ချင်တယ်... မြတ် သောက်ရမယ် "

" ဟယ်... "

" ကိုကြီးကလဲ... "

" ရှက်စရာကြီး "

" စိတ်မဆိုးရင်... သောက်ပါမြတ်ရယ်... "

" မင်းသားက လက်ဘက်ရည်ခွက်လေး မပြီး မင်းသမီး နှုတ်ခမ်းဆီ ကပ်ပေးတယ် ... မင်းသမီး မဟသေးဘူး ဗျာ... ရှက်နေတယ်.."

" ရှက်နေတယ်"

အိတျာ ဆက်ပြီးသည်းမခံနိုင်တော့တဲ့အဆုံး... 'ဝုန်း' ခနဲ ထရပ်လိုက်တယ်...

" ချလွှမ်း "

အိတျာ သောက်လက်စ လက်ဘက်ရည်ခွက် စားပွဲပေါ် အရှိန်ပြင်းစွာ ကျကွဲသွားတယ်... အိတျာခွဲပစ်လိုက်ကာ...

မောင်အပါဖွဲ့ဝင် လက်ဘက်ရည်ဆိုင်ထဲက လူတွေအားလုံးရဲ့ အကြည့်တွေ... အိတျာဆီ စုပြုံရောက်လာတယ်...

ဒါပေမယ့်...





အိတျာကို စေ့စေ့ကြည့်ကြတာတော့မဟုတ်ဘူး... အိတျာ ခွဲပစ်လိုက်တဲ့ လက်ဘက်ရည်ခွက်ကိုပဲ ကြည့်နေကြတာ...

" ဟာ... "

" ဘာတွေဖြစ်ကုန်ပြီလဲ... "

" လက်ဘက်ရည်ခွက်က ဗလာချီ ကြီးထကွဲပါလား "

" ဘယ်သူမှ မမှာဘဲ လက်ဘက်ရည်ခွက်က ဘာဖြို့င်စားပွဲ ရောက်နေတာလဲ... ဘယ်သူချတာလဲပြောစမ်း ... "

" ဘိုအာ အတွက်ချထားတာလား "

ဆိုင်ရှင့်အသံ ဟိန်းထွက်လာ၏

" မဟုတ်ဘူးဦးဦး စောစောက ဟန်ဂါရင်နဲ့တူတဲ့ အစ်မကြီး ကျစိမ့်မှာလို့ သား... ချပေးတာပါ ဦးဦး... "

" အခုဘယ်မှာလဲ... "

" အရေးထဲ ကိုရီးယားအရှူးနဲ့တွေ့နေတယ် "

" သားလည်းမသိဘူး... "

ဘယ်လိုလူတွေလဲ... အိတျာ သည်းမခံနိုင်တော့ဘူး... အိတျာ တစ်ယောက်လုံး ရှေ့မှာထားပြီး၊ မမြင်ချင်ယောင်ဆောင်နေ ကြတာလား။

" အိတျာမသေဘူး... "

" သေတာက မောင်လေ... "

" နင်တို့ရူးနေကြပြီလား ... "

" ရဲရင့်... "

" သက်ပြင်း... "

" ငါမသေဘူးလေ... "

" ငါဒီမှာ... "


www.burmeseclassic.com

www.burmeseclassic.com



" အရူးတွေရဲ့. . . "

အိတ္ကျာ စိတ်ပေါက်ပေါက်နဲ့ အသံကုန်အော်ပစ်လိုက်တယ်။

ဒါပေမယ့် စိတ်မကောင်းစရာ ကောင်းပုံက ဘယ်သူမှ အိတ္ကျာကို အရေးမလုပ်ကြဘူး။

အေးလေ. . . မောင်ကိုယ်တိုင်ကမှ အရေးမလုပ်တာ. . . မောင့်သူငယ်ချင်းတွေဆို ဝေးပြီပေါ့. . .

ကြည့်စမ်းပါဦး. . . မောင့်လက်ထဲက လက်ဘက်ရည်က မြတ်ဆိုတဲ့ ကောင်မလေးနှုတ်ခမ်းဆီက ပြန်မချသေးဘူး။

အိတ္ကျာ ရင်တွေဗလောင်ဆူနေပြီ. . .

အိတ္ကျာ ဆက်လက်သည်းမခံနိုင်တဲ့အဆုံး မောင်တို့စားပွဲဝိုင်းဆီ ပြေးသွားလိုက်တယ်။

ပြီးတော့ မောင့်လက်ထဲက လက်ဘက်ရည်ခွက်ကို အားရှိပါးရှိ ပုတ်ချ ပစ်လိုက်တယ်. . .

' ချလွမ် လွမ် '

" အိုး. . . "

" ဟာ. . . "

" မြတ်ပေသွားပြီး ဆော ဆောရီးပဲ. . . "

ရက်စက်လိုက်တာ မောင်ရယ်. . . အိတ္ကျာကဖြင့် မောင့်ကို တစ်ရက်မှ မမေ့ဘူး. . . မောင် သေသွားကတည်းက မောင်သေခဲ့တဲ့ ဟောဒီဆိုင်ရှေ့ကတ္တရာ လမ်းမကြီးကို ဟောဒီလက်ဘက်ရည်ဆိုင်ထဲ ကနေ နေ့စဉ်လာကြည့် အလွမ်း ဖြေခဲ့ရတာ. . .

အခုတော့ မောင်က. . . အိတ္ကျာအပေါ် သစ္စာဖောက် နေပါလား . . . ကြည့်စမ်း . . . အိတ္ကျာရှေ့မှာတောင် . . . မြတ်ဆိုတဲ့ ကောင်မလေးကို ကြင်နာပြနေလိုက်တာ. . .





တစ်ရှူးလေးနဲ့ မြတ်အင်္ကျီပေါ် မှောက်ကျသွားတဲ့ လက်ဘက် ရည်အစွန်း အကွက်တွေ သုတ်ပေးနေလိုက်သေး. . .

အိတ္ကျာ နှလုံးသား ခါချဉ်အကောင်တစ်ရာ အဘုတ်ခံရသလို စူးမျက် နာကျဉ်နေရပြီ. . .

အိတ္ကျာ မျက်ရည်တွေ တားမရနိုင်တော့ဘူး. . .

အိတ္ကျာ ဘာကိုမှ မမြင်တော့ဘူး. . .

အိတ္ကျာ ရင်တွေ ဆိုနင့်မွန်းသိပ်နေကာ မောင်မသနား ဘူး. . .

ရက်စက်တယ် မောင်ရယ်. . .

မောင် အရမ်းစိမ်းတာပဲ. . .

ပြီးတော့သိပ်ရှက်တယ်. . .

အိတ္ကျာ လက်ဘက်ရည်ဆိုင်ထဲက ထွက်ပြေးခဲ့တယ်. . .

ခြောက်ဆယ့်နှစ်လမ်းမကြီးအတိုင်း အိတ္ကျာပြေးထွက်ခဲ့ မိတယ်. . . ကားတွေ. . . အိတ္ကျာနဲ့ မျက်နှာချင်းဆိုင်မှာ ကား တစ်စီးအရှိန်ပြင်းပြင်း ပြေးဝင်လာတယ်။

သေချင်သေပါစေ. . . အိတ္ကျာမရှောင်မိဘူး. . .

ကြောက်ကြောက်နဲ့ မျက်လုံးစုံမှိတ်ချလိုက်တယ်။

ဝူးခနဲ. . . ကားက အိတ္ကျာကိုဖြတ်မောင်းသွားတယ်. . . အိတ္ကျာ ဘာလို့ မသေတာလဲ. . . ဘာတွေဖြစ်နေပြီလဲ. . .

အိတ္ကျာ သေချင်ပါတယ်ဆိုမှ. . .

ဒါမှမဟုတ်. . .

အိတ္ကျာ. . . သေပြီးပြီလား. . .

အို. . မဟုတ်ဘူး. . .

သေသွားတာ မောင်. . . ပါ။



www.burmeseclassic.com

www.burmeseclassic.com



" အူ. . . "

" အူး. . . "

" အု"

" အူး. . . "

လမ်းပေါ်က ခွေးလေခွေးလွင့်တွေ အိတ္ယာကို စူးစူးဝါးဝါးကြီး ထိုးဟောင် ကြတယ်။

အိတ္ယာ စိမ်းစိမ်းကြီးစိုက်ကြည့်လိုက်တော့

တအီအီနဲ့ထွက်ပြေးကြရော. . .

ဒါပေမယ့်. .

မောင့်ကိုစိတ်နာတယ်. . .

အိတ္ယာ. . .

ပြေးထွက်လိုက်တယ်. . .

မောင်နဲ့ဝေးရာ အမှောင်ထုကြီးထဲ အိတ္ယာ ကျည်ဆံတစ်တောင့် လို ပြေးထွက်ခဲ့တော့. . .

မောင့်အသံပြာပြာက ခပ်သဲ့သဲ့နဲ့. ဝေးကျန်ခဲ့ပြီ။

" အိတ္ယာ. . . "

အဲဒီအချိန်မှာ အိတ္ယာကို အရိပ်မည်းကြီးတစ်ခုက ဖမ်းချုပ် ဆွဲခေါ် သွားပါတယ်. . .

" မောင်ရေ. . . . "

" အိတ္ယာကိုကယ်ပါဦး. . . "

အိတ္ယာအသံကုန်အော်ပေမယ့် မောင်ကတော့ ကြားပုံ မရ ဘူး၊ အိတ္ယာနာမည်ကို တကြော်ကြော်ခေါ်ရင်း (၆၂)လမ်းပေါ် မောင် လဲကျသွားတယ်. . .

" အူး. . . "





ခွေးအူသံတွေက နားစည်ပေါက်မတတ် ဆွဲငင်တုန်ရီပြီး ရှည်လျားလွန်း လိုက်တာ. . .

အဲဒီနောက်တော့ မှောင်သထက်မှောင်တဲ့ အမှောင်ထုကြီး ထဲ အိတ္ယာ နစ်ဝင်သွားတော့တယ်. . .

* * *



www.burmeseclassic.com

## အခန်း(၂)

အိတျာ ပြေးနေမိသည်။ ခြေထောက်တွေ လေးပျစ်ကိုက်ခဲနေသလို. . . အမောကရင်ခေါင်းတက်ဆို့နေ၏။ သို့သော် ရပ်တန့်မရ။

မရပ်ချင်လို့မဟုတ်၊ အိတျာစိတ်နဲ့ အိတျာဆို ရောက်တဲ့နေရာမှာ ထိုးလှဲအိပ်ပစ်ချင်တော့သည်။ သို့သော် အိတျာမှာ အဲဒီအခွင့်အရေးမရှိ။ အိတျာရှေ့မှ အရိပ်မည်းကြီးတစ်ခုက အိတျာလက်ကို ကျစ်ကျစ်ပါအောင်ဆွဲပြီး ဦးဆောင်ပြေးရာနောက်သို့ ဒရွတ်တိုက်ပြီး လိုက်ပါနေရ၏။ လမ်းမပေါ်မှာ ဖြတ်သွားဖြတ်လာ လူသူသိပ်မရှိ ညဉ့်နက်သန်းခေါင်ကျော် ဂစ်တာတီးတစ်ဖွဲ့တလေနဲ့ ဆိုင်ကယ်နဲ့လိုက်ရောင်းသည့် ပြောင်းဖူးပြုတ်သည်တို့ကိုတော့ တွေ့ရသည်။

အိတျာ မျက်မှန်းတန်းမိပြီးသား ပြောင်းဖူးပြုတ်သည်၏ဆိုင်ကယ်က အိတျာနှင့်အိတျာကို ဆွဲခေါ်သူအရိပ်မည်းကြီး၏ခန္ဓာကိုယ်တွေကိုဝှီးခနဲ ဖြတ်တိုးသွား၏။ အိတျာလန့်ဖျတ်ပြီး ဆောင့်တွန်းမိသည်။

အိတျာတို့က ဘာမှမဖြစ်ပေမယ့် ပြောင်းဖူးပြုတ်သည်၏.





ဆိုင်ကယ် ဘယ်ညာလူးကာ လမ်း(၃၀)ထောင့်မှာ ထိုးရပ်သွားသည်။

" ဟာ. . . "

" ဟာ. . . "

" ဘာဖြစ်တာပါလိမ့် "

ပြောင်းဖူးပြုတ်သည်၏ အထိတ်တလန့်အော်သံက ချမ်းစိမ့်စိမ့်ညကြီးထဲ မျောပါသွား၏။

အော်. . .

အိတျာ အယောင်ယောင်အမှားမှားနဲ့ သူ့ဆိုင်ကယ် ကယ်ရီယာကိုဆွဲထားမိတာကိုး. . .

အိတျာ့ လက်ကြီးက ဘယ်လိုဖြစ်တာပါလိမ့်. . .

ဧရာမ မြွေကြီးတစ်ကောင်လို ရှည်လျားနက်မှောင်နေပါလား. . .

အိတျာ ကိုယ့်ကိုယ်ကို လန့်ဖျတ်အံ့သြနေစဉ်မှာ. . .

ပြောင်းဖူးသည် နောက်ကိုလည်ပြန်ကြည့်လိုက်၏။

နှစ်လံခန့်ရှည်လျားသော အိတျာလက်မည်းကြီးကို ပြူးတူးပြဲတဲကြည့်၏။ ပြီးတော့ အိတျာကို ကြည့်ကာအသံကုန် အော်ချလိုက်လေသည်။

" အမလေးဗျ. . . "

" သရဲကြီး "

တုန်ချိလှိုက်ခါသော အော်သံနက်ကြီးကြောင့် အိတျာ ထိတ်ခနဲလန့်ကာ လက်ရုတ်လိုက်မိသည်။

ဆိုင်ကယ်က ဝူးခနဲဆောင့်ထွက်သွားပေမယ့်. . . ပြောင်းဖူးသည် ပါးစပ်မှာ ပြောင်းဖူးပြုတ်ပူပူလေးလို့ မအော်တော့ဘဲ. . .

" သရဲကြီး. . . "

www.burmeseclassic.com



" သရဲမကြီး. . . "

ငယ်သံပါအောင် အတွင်အော်ရင်း ပျောက်ကွယ်သွားတော့သည်။

အိတျာရင်ထဲ အမျိုးအမည်မသိသော နွမ်းနယ်မှုဖြင့် မောဟိုက်လျက်ရှိသည်။

သို့သော်. . .

အိတျာတို့ ဆက်ပြေးနေသည်။

ဗထူးအားကစားကွင်းကို လှစ်ခနဲဖြတ်ကျော်လာသည်။

လျှပ်စစ်မီးတွေ ဝင်းထိန်နေသော( . . . ) အထူးကု ဆေးရုံကြီးအရှေ့ အရောက်မှာ အိတျာပြေးဝင်လိုက်သည်။

ဒါ အိတျာ အလုပ်လုပ်နေတဲ့ ဆေးရုံကြီးပဲ Nursing တက္ကသိုလ်ကျောင်း ဆင်းပြီးကတည်းက ဒီမှာ အလုပ်ဝင်ခဲ့တာပဲ။

အိတျာ ဂိတ်ပေါက်ဝကနေ ဝင်လိုက်ပေမယ့်. . .

" ဝုန်း . . . "

ဆိုအိတျာရင်ဘတ်ကို တစ်ယောက်ယောက်က ဆောင့်တွန်းလိုက်တယ်။

ခွေခွေလေးလဲကျလျှက်က မော့ကြည့်လိုက်တော့. . .

" အမလေး. . . "

အမဲသားတွဲကြီးလို တစ်ကိုယ်လုံးနီရဲနေတဲ့ လူနီကြီး၊ ခန္ဓာကိုယ်ကလည်း ထွားကျိုင်းလိုက်တာ၊ ဂျပန်ဆူမိုနပန်းသမားကြီးနှစ်ဆလောက်ရှိသည်။ တုတ်တုတ်ခဲခဲ ရင်ဘတ်ကြွက်သားတွေနဲ့ ဗယ်လီကြွက်သားအမြောင်းမြောင်း အဆိုင်ဆိုင်တွေပေါ်က အမွှေးအမျှင်တွေကဆိုရင် မြင်းမြီးတွေလားမှတ်ရသည်. . . ထူလှဖွာ ကြမ်းရှရှကြီးတွေ. . .





ကြောက်စရာကောင်းလိုက်တာ. . .

လူနီကြီးရဲ့ မျက်လုံးတွေက မီးဝင်းဝင်းတောက်နေပြီ. . . အပူရှိန်က အိတျာမျက်နှာဆီ ထိုးထိုးဟတ်နေ၏။

လက်ကြီးတစ်ဖက် လွှင့်ခနဲ မြှောက်တက်သွားပြီး. . . အိတျာ့မျက်နှာပေါ် အရှိန်ပြင်းစွာ ပြေးဝင်လာတာ တွေ့ပေမယ့်. . .

အိတျာ ဘယ်လိုမှ မရှောင်နိုင်ဘူး

မျက်လုံးစုံမှိတ်ချလိုက်ရတယ်။

" အား . . . . . "

ကျယ်လောင်တဲ့ ထိထိခတ်ခတ် အော်သံနက်ကြီး. . . ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းသွားတယ်၊

အိတျာ မျက်လုံးဖွင့်ကြည့်မိတော့. . .

ဆတ်ဆတ်လူး ခုန်နေတဲ့ လူနီကြီးရဲ့လက်ဖဝါးမှာ. . . ချွန်မြသွယ်လျှားတဲ့ လက်သည်းတွေ စိုက်ဝင်နေတော့တယ်။

အဲဒီ လက်သည်းတွေက အိတျာကိုဆွဲခေါ်လာသူ (အရိပ်မည်းကြီး)ရဲ့ လက်သည်းတွေဖြစ်နေ၏။

" နင့်ပိုင်နက်ထဲမဝင်သေးဘဲ လက်ပါချင်ဦး. . . "

" ကြောက်. . . ကြောက်ပါဘီ အမယ်တန်ရယ်. . . "

" ကျုပ်က အမယ်တန့် တပည့်မှန်းမသိလို့ပါ. . . "

" ချမ်း ချမ်းသာပေးပါဗျာ. . . "

" တောင်းပန်ပါတယ်. . . "

လူနီကြီးရဲ့ လက်တစ်ဖက်ဓါတ်လိုက်ခံရသလို တဆတ်ဆတ်ခုန်နေပြီး. . . မိုးကြိုးထိသလို မည်းလိုက်လာ၏။

" နော ါထား. . . "



www.burmeseclassic.com

www.burmeseclassic.com

" ဘယ်တော့မှ လူတွင်ကျယ် မလုပ်နဲ့. . . "

" အားနည်းသူကို အနိုင်မကျင့်နဲ့ "

" ဟုတ်. . . "

" အား. . . "

" ဝူး. . . "

" အီး. . . "

လူနီကြီး. . . နောက်ဖက်သို့ဆယ်ပေလောက်လွင့်သွားပြီး လက်တစ်ဖက်ကို အဆက်မပြတ်ခါကာ ထွန့်ထွန့်လူး အော်ညည်း ကျန်ရစ်ခဲ့တော့သည်။

အိတ်ျာနဲ့ အမယ်တန်ဆိုသည့် အရိပ်မည်းကြီးက လမ်းမကြောင်းအတိုင်း လေပွေရိုင်းလို ပြေးထွက်လာသောအခါ. . .

ခွေးအူသံတွေ. . . ဆူညံသွား၏။

ညဉ့်ငှက်ဆိုးတွေ. . . အလန့်တကြား အော်မြည်ပျံသန်းသွား၏။

အိတ်ျာတို့ဆက်ပြေးမြဲပြေးခဲ့ကြတော့သည်။

ရတနာပုံဥယျာဉ်အနီးမှ ဖြတ်တော့. . . သစ်ပင်တွေပေါ်မှာ လူလိုလို မျောက်လိုလို ပုံသဏ္ဍာန်မမှန်သော သတ္တဝါဆန်းတွေ အိတ်ျာကို စူးစူးစိန်းစိန်း ကြည့်နေကြ၏။

အိတ်ျာ့ကျောထဲမှာ ရှိန်းတိန်းဖိန်းတိန်းဖြစ်သွားပေမယ့်. . . သူတို့ကလည်း . . . အိတ်ျာကိုကြောက်နေကြပုံရသည်။

နီရဲရဲ ပြူးကြောင်ကြောင် မျက်လုံးတွေအားလုံး၊ အိတ်ျာ့ အကြည့်တစ်ချက်မှာ မျက်လွှာချသူချ၊ လွှဲဖယ်သူလွှဲဖယ်နဲ့ သိသိသာသာ ရှောင်တိမ်းကြ၏။

လယ်ကွင်းတွေကို ဖြတ်တိုက်လာတဲ့ လေအေးအေးထဲမှာ





အိတ်ျာဆံပင်တွေ တလွင့်လွင့်ဝဲနေသည်။

အရိပ်မည်းကြီးဆွဲခေါ်ရာ လိုက်ပြေးနေရသည့်တိုင်အောင် အိတ်ျာစိတ်ထဲမှာ ပျော်သလိုလိုရှိလာသည်။

အခုထက်ထိ အရိပ်မည်းကြီး၏ မျက်နှာကို မမြင်ရသေးပါ။

အိတ်ျာတို့ ဘုန်းကြီးကျောင်းပျက်ကြီးလိုလို. . . အိမ်ပျက်ကြီး တစ်လုံးထဲ ပြေးဝင်ခဲ့ကြသည်။

ခြေသံကြား၍ အခန်းထောင့်ဆီ လှမ်းကြည့်လိုက်ရာ အိတ်ျာ လန့်အော်မိမတတ်ဖြစ်ရသည်။

မျက်ကွင်း ဟောက်ပက်ပက်၊ နားထင် ချိုင်ခွက်နေသည့်၊ အရိုးပေါ်အရေတင် အဖွားအိုတစ်ယောက် ချိနဲ့တုန်ရီစွာ လျှောက်လာသည်။

ထို အိုကြီးအိုမ အဖွားကြီးနောက်မှာ နန္တင်းတွေခြေဆုံးခေါင်းဆုံး လိမ်းထားသော. . . ကိုယ်ဝန် အရင့်အမာနဲ့ မိန်းမတစ်ယောက်. . . မျက်လုံးတွေကလည်း မျက်ဆံအနက်ပါ မကျန်တော့အောင် ဝါထိန်နေကာ အရောင်တလက်လက်တောက်နေသည်။

ဖူးရောင်နေသော မျက်နှာကြီးက ကြည့်ရင်းနဲ့ ပိုပိုကြီးလာသလို ထင်ရသည်။

အိတ်ျာအကြည့် ကပျာကယာလွှဲလိုက်သည်။

မျက်နှာကိုမကြည့်ရဲပေမယ့် ဖောင်းကားနေသော ဝမ်းဗိုက်ဆီတော့ စူးစူးစိုက်စိုက်ကြည့်ရဲသည်။

အိတ်ျာက သူနာပြုဆရာမလေးပီပီ. . . ကိုယ်ဝန်ကို အကဲခတ် နေမိသည်။

ကလေးကိုသာမက ထိုမိန်းမဗိုက်ထဲရှိအူသိမ်၊ အူမ၊ အသည်း၊ နှလုံးတို့ကိုပါ မြင်နေရသည်။


www.burmeseclassic.com

www.burmeseclassic.com



အိတ္ယာတစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ တဖြန်းဖြန်း ထသွား၏။

အိတ္ယာ ဘာဖြစ်သွားပြီလဲ။

အိတ္ယာကို အိတ္ယာ ကြောက်ရွံ့ထိတ်လန့်လာသည်။ ကိုယ့်ကိုယ်ကိုယ် ငုံကြည့်မိသောအခါ. . . သွေးပျက်ခြောက်ချား ဖွယ်ရာ တွေ့လိုက်ရလေသည်။

သွေးကြောလွှာများ၊ သွေးကြောမကြီးများ၊ အရိုးအဆစ်များ၊ အဆုတ်၊ အသည်း၊ ကျောက်ကပ်များ၊ Gastric acid (အစာချေရည်) မည်းနက်နက်များဖြင့် အစာအိမ်တစ်ခု. . .

အို. . .

ဘာတွေဖြစ်နေပြီလဲ။

အိတ္ယာ. . .

ဘာကြောင့်. . . တီဗီဓါတ်မှန်တစ်ခုလို ခန္ဓာ ကိုယ် Anatomy တွေအားလုံးကိုမြင်နေရတာလဲ။

ထူးဆန်းလိုက်တာ. . . အိတ္ယာ့မျက်လုံးတွေ အပျမ်းထူးဆန်း နေပါလား. . .

တကယ်များလား. . .

သူနာပြုပီပီ အိတ္ယာ ကိုယ့်နှလုံးကိုယ် မဝံ့မရဲ အကဲခတ်ကြည့် လိုက်သည်။

ဒါဆို အဖြေပေါ်မယ်လေ. . .

" အို. . . "

အိတ္ယာ့ နှလုံး. . . အိတ္ယာ့နှလုံး တုတ်တုတ်မှ မလှုပ်တော့ပါ လား၊ အိတ္ယာသေပြီပေါ့. . . အိတ္ယာသေတာ သေချာသွားပြီပေါ့။

အိတ္ယာသိထားတာ. . . မောင်သေသွားတာပဲ၊ ဒါဖြင့် မောင်





မသေဘဲ အိတ္ယာသေခဲ့တာပေါ့။

မဖြစ်နိုင်ဘူး. . . မောင် အိတ္ယာ့လက်ပေါ်မှာတင် နှလုံးခုန် ရပ်သွားတာ . . . *မောင့်ကြိုးပျက်နာရီလေးကိုဆုပ်ပြီး အိတ္ယာ* ငိုခဲ့သေးတာပဲ. . .

ဘယ်လိုဖြစ်ပြီး. . . ဒီဖြစ်စဉ်ကြီးက ပြောင်းပြန် ဖြစ်ခဲ့ရ တာလဲ. . .

ဘယ်လိုမှ စဉ်းစားလို့မမှီတော့ဘူး. . . ခေါင်းတွေ ပူထူပြီး အဆမတန် ကြီးလာသလိုပဲ။

မိုက်ခနဲလဲကျမလို ဖြစ်သွားလို့ အိတ္ယာမျက်လုံးမှိတ်ချ လိုက် ရတယ်။

အိတ္ယာ့ နဖူးကို အိတ္ယာ အသာအယာဖမ်းအုပ်လိုက်တယ်။

အို. . . ဘယ်လိုများပါလိမ့်. . . အိတ္ယာ့ နဖူးမှာ ကျပ်စေ့ လောက် အကျယ်ရှိတဲ့ အခေါင်းပေါက်ကြီးတစ်ခု. . .

တုန်လှုပ်ထိတ်လန့်စွာနဲ့ပဲ နဖူးပေါ်ကအခေါင်းပေါက်ကြီးထဲ လက်ညှိုးနဲ့ထိုးနှိုက်ကြည့်လိုက်တယ်. . . လက်ညှိုးကြီးမြုပ်ဝင် သွားပြီး. . .

ဟင်း. . .

နောက်စေ့အထိ တိုးလျှိုပေါက်ကြီးဖြစ်နေပြီဘဲ။

ဒါ. . . ဒါဖြင့် အိတ္ယာသေတာ သေချာပြီပေါ့။

" အခုရောက်လာတဲ့ လူသစ်ကို လုံးဝအနိုင်မကျင့်နဲ့၊ ကြီးနိုင် ငယ်ညှင်း စိတ်ဓါတ် အမယ်တန် သိပ်မုန်းတယ်. . . "

စားသောက်ပြီးစ နှစ်ယောက်. . . အမယ်တန်ဆိုတဲ့ အရိပ် မည်းကြီးကို မော့ကြည့်ပြီး. . . ပြိုင်တူခေါင်းညိတ်လိုက်ကြတယ်. . .

" သူ့အပြင်ထွက်ချင်ရင် အဖွားကြီးနဲ့ ဗိုက်ကြီးသယ် တစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ယောက် အဖော်လိုက်ရမယ် "

ဒုသီဆောကြီးစ်ခေါင်းညိတ်လိုက်ကြသည်။

" ကောင်မလေး. . . "

" နင်ဘာမှ အားမငယ်နဲ့ ငါ စောင့်ရှောက်ပေးမယ်၊ နင် လူ့ဘဝတုန်းက ကုသိုလ်တော်ဘုရားပေါက်မှာ ငါ့ကို ကျွေးခဲ့ ဖူးတဲ့ ကျေးဇူးရှိဖူးတယ်. . . "

" ဒါတင်မကဘူး. . . "

" နင်ကုသိုလ်ပြုပြီးတိုင်း နာနာဘာဝ တွေကို မမေ့မလျော့ မေတ္တာပို့အမျှအတန်းပေးလေ့ရှိတယ်၊ နင်ဒီဘဝမှာကြာရှည် ဝင်္ဋမခံရဘူး. . . "

" အစွဲတစ်ခုကြောင့် ဒီဘဝရောက်ရတာ. . . "

" အဲဒီအစွဲ ကွာကျတဲ့အချိန် ကောင်းရာမွန်ရာ ဘဝကို ပြန်သွားရလိမ့်မယ်. . . "

အိတ္တျာ ခေါင်းတဆတ်ဆတ်ညိတ်ပြနေစဉ်မှာ အိတ္တျာတို့ နေတဲ့ တိုက်ပျက်ကြီးထဲ စူးရှတဲ့နေရောင်ခြည်တွေ တိုးဝင်လာ၏။

အရိပ်မည်းကြီးက ယခုတိုင်အောင် သူ့ကိုကျောပေးထား ဆဲပင်ရှိသေးသည်။

" ဒီဘက်ကိုတိုး "

နေရောင်လွတ်ရာ အမှောင်ရိပ်ထဲသို့ အိတ္တျာတို့ တိုးဝင်လိုက် ကြသည်။

" အိတ္တျာကို စောင့်ရှောက်တဲ့ ကျေးဇူးရှင်ရဲ့ မျက်နှာကို ကြည့် ပါရစေ ရှင်. . . "

" မကြည့်ချင်နဲ့. . . "

" ငါ့ရုပ်ကဆိုးတယ်. . . "





" ငါ့မြင်ရင် မလန့်တဲ့သူ မရှိဘူး. . . "

" လူ့ဘဝကတည်းက ငါကရုပ်ဆိုးမ "

" ကြည့်ချင်ရင် နောက်နေ့ညကျမှ ပြမယ်. . . "

တုန်အက်အက်အသံကြီးက ကြောက်စရာကြီးဖြစ်သည်။

သို့ပေမယ့် ကိုယ့်အဖို့အန္တရာယ် မရှိမှန်းသိထား သော ကြောင့် အိတ္တျာ အလွန်အမင်းတော့ မကြောက်မိ။

စိတ်ထဲမှ တရင်းတနှီးပင်ခံစားမိသည်။

❦ ❦ ❦ ❦ ❦

www.burmeseclassic.com

အခန်း(၃)

" မောင်သင်းရေ. . . "

" ဟော့ မောင်သင်း. . . "

" ဟာ ဒီကောင်လေး အခုထိအိပ်ယာ မနိုးသေးဘူးထင်တယ်. . . "

" နှိုးလိုက်ကြစမ်း. . . "

မောင်သင်းသွားတိုက်နေစဉ် ဆိုင်ရှင်ဦးကျော်စ အသံကြောင့် နှိုးစက်နာရီ တစ်လုံးလို ဝလုံးဝတွေး ထအော်ထူး လိုက်၏။

" လာပြီ ဦးဦး. . . "

" လာပါပြီ "

အသံနဲ့ တပြိုင်နက်တည်း မောင်သင်းကောင်တာသို့ ရောက်လာသည်။

" ရော့. . . "

" ရှမ်းခေါက်ဆွဲအသုတ်တစ်ပွဲ၊ အရည်ပျော်တစ်ပွဲ၊ ရှယ်တစ်ခွက် ပါဆယ်တစ်ခွက်. . . ဒေါက်တာ ဖိုးလုံးတို့ တိုက်ကို သွားပို့စမ်း "





" ဟုတ်ကဲ့ "

" ဦးဦး "

ချိုသာသွက်လက်စွာပြောပြီး မောင်သင်း ပေါ့ပါးမြူးကြွစွာ ထွက်လာခဲ့သည်။

" ပျော်နေတာ. . . ပျော်နေတာ "

" ဟာ. . . ကိုကြီးသန်းဇော်ကလဲ. . . "

" ဦးဦးခိုင်းလို့ပါဗျာ "

ဖျော်ဆရာ ကိုကြီးသန်းဇော် လှမ်းနောက်၍ မောင်သင်း ရှက်ကိုးရှက်ကန်း ဖြစ်ရသည်။

မျက်နှာချင်းဆိုင် တိုက်မှ ဒေါက်တာဖိုးလုံး၏သမီး ပုံ့ပုံ့သည် မောင်သင်းနဲ့ သက်တူရွယ်တူ၊ ခေါ်ခေါ် ခင်ခင် ဖော်ဖော် ရွေရွေ ကောင်မလေး။

မောင်သင်း ပုံ့ပုံ့ကိုခင်ပါသည်။ I.L.B.C ဆိုသည့်ကျောင်းကြီးမှာ တက်သည်။ နှလုံးအထူးကုဆရာဝန်ကြီး ဦးဖိုးလုံးနှင့် ရွှေဆိုင်ပိုင်ရှင်ဒေါ်အေးမြတို့၏ တစ်ဦးတည်းသောသမီးလေး။

မိမဲ့ဖမဲ့တစ်ကောင်ကြွက်မို့ ခြောက်တန်းမှာ ကျောင်းထွက်ပြီး လက်ဘက် ရည်ဆိုင်စားပွဲထိုးလုပ်နေရသူ မောင်သင်း၏ဘဝနဲ့ နည်းနည်းမှ သဏ္ဌာန်မတူ။ သို့သော် ထပ်တူညီတဲ့ အချက်လေးတော့ ရှိသည်။ အဲဒါကတော့ သူနဲ့ပုံ့ပုံ့သည် ခွေးလေး၊ ကြောင်လေးတွေကို ချစ်တတ်ခြင်းဖြစ်သည်။

ဂုဏ်ရှိန်ထည်ဝါမှုတွေ ပြည့်စုံသောပုံ့ပုံ့သည် မာန်မာန ကင်းငင် ရိုးသားစွာပင်. . . သူ့ကိုခင်မင်ပါသည်။

ကိုကြီးသန်းဇော်တို့နောက်ပြောင်ကျီစယ်သလို မရိုးမခြောင်း စိတ်မျိုး မောင်သင်းတို့နှစ်ယောက်စိတ်ထဲမှာ မရှိပါ။

www.burmeseclassic.com

" ဟဲ့. . မောင်သင်း"

" ဝင်လေဟာ ဘာရပ်လုပ်နေတာလဲ "

" အော်. . . "

" အေး. . . "

အတွေးလွန်ကာ ပုံ့ပုံ့တို့ခြံရှေ့မှာ ရပ်နေမိရာမှ ပုံ့ပုံ့ အသံလေးကြောင့် မောင်သင်းသတိပြန်ဝင်လာ၏။

" ဟဲ့. . . "

" အို. . . "

" လီရောင်ဂျေးမလုပ်နဲ့လေ. . . မုန့်ထုပ်တွေပြုတ်ကျကုန်မယ် "

" ဟယ်. . . "

" ဒီကောင်. . . "

" ဘာလို့ဒီလောက်စွတ်ဖက်တက်နေရတာလဲ၊ သိပ်ကဲပိုတဲ့ကောင်. . . "

ခြံကျယ်ကြီးထဲ မောင်သင်းခြေချလိုက်သည်နှင့် ပုံ့ပုံ့၏ အချစ်တော် အယ်လ်ဆေးရှင်းခွေးလေး လီရောင်ဂျေးက ဖက်လှဲတကင်းနှုတ်ဆက်နေခြင်းဖြစ်သည်။ မောင်သင်းကို ဒီကောင်တော်တော်ခင်သည်။ မောင်သင်းကလည်း အိမ်မွေးခွေး၊ ကြောင်လေးတွေကိုချစ်ပါသည်။

" ဒေါ်ထိပ်ထားရေ. . . လာပါဦး. . . "

ပုံ့ပုံ့အော်ခေါ်လိုက်သည်တွင် အိမ်ဖော်အဒေါ်ကြီး ဒေါ်ထိပ်ထားပြေးထွက်လာ၏။ မောင်သင်းလက်ထဲမှ မုန့်ထုတ်နှင့် လက်ဘက်ရည်ထုတ်များကို လက်ဆင့်ကမ်းယူသွားသည်။

မောင်သင်းနဲ့လီရောင်ဂျေး ဇွန်ပန်းရုံကြီးတစ်ပင်ကိုပတ်ကာ





ပြေးတမ်းလိုက်တမ်း ကစားနေလိုက်၏။

" တော်ပြီ လီရောင်ဂျေးရာ၊ မောပြီကွာ "

မောင်သင်းပြေးလက်စရပ်လိုက်တော့ လီရောင်ဂျေးက မောင်သင်းခြေသလုံးကို ငုံကာပြုံးနေသည်။

" ဒီကောင်က အဲလိုဆော့ရရင် ပျော်နေတာ၊ သူနဲ့ဆော့တာဆိုလို့လည်း နင်ပဲရှိတော့၊ နင်လာရင်သူမှာ နန့်နန့်ကိုထနေတာပဲ မောင်သင်းရေ. . . "

" ငါလည်း မင်းနဲ့ဆော့ချင်ပါတယ် လီရောင်ဂျေးရာ. . . "

" ဒါပေမယ့်. . . ငါက မအားဘူးကွ "

လီရောင်ဂျေး၏ ကျောကိုပွတ်သပ်ရင်းမောင်သင်းပြောတော့ နားလည်သဘောပေါက်လို့လားမသိ လီရောင်ဂျေးခေါင်း အတွင်တွင်ရမ်းခါသည်။

" ဟယ်. . . "

" မောင်သင်း. . . "

" နင့်ကို ငါမေးရဦးမယ် "

ပုံ့ပုံ့ အလန့်တကြား ပြော၏။

" ဖြည်းဖြည်းပြောပါဟာ"

" ဘာမို့လဲ. . . "

" နင်တို့ဆိုင်မှာ ညကသရဲခြောက်လို့ဆို ဒေါ်ထိပ်ထားပြောပြလို့. . . "

" အဲဒါ ဟုတ်သလား. . . "

ပုံ့ပုံ့စကားကြောင့် မောင်သင်းကြက်သီးတွေထသွားရ၏။

" ပြောလေဟာ နင်ကလည်း အိုက်တင်ခံနေတယ်၊ ငါသိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



" အိုက်တင်မခံပါဘူးဟာ ငါကြောက်လွန်းလို့ပါ၊ သရဲမဟုတ်ဘူးဟ သရဲမ ချောချောလေး. . . "

" ဟယ်. . . "

" ဟုတ်လား "

" သရဲမလည်းဆိုသေး ချောသလားဟယ်. . . "

" ချောပေမယ့် ကြောက်စရာကောင်းတယ်ဟ "

" ကြမ်းတယ်သိလား. . . "

မောင်သင်းစိတ်တွေ ညတုန်းက အဖြစ်အပျက်များ ဆီ ရောက် သွားသည်။ ပုံ့ပုံ့၏ကြောင်မလေး ဘိုအာ (BOA)အတွက် လက်ဘက်ရည် ရှယ်ကျစိမ့် တစ်ခွက်ကို ကိုကြီးသန်းဇော်ဆီမှ ယူလာကာ ဘိုအာသောက်နေကျ ပင်လယ်ကဗွီးပင် အနီးရှိ စားပွဲခုံလေးဆီသို့ မောင်သင်း လှမ်းလာ၏။

ည ဆယ့်နှစ်နာရီလောက်ဆိုလျှင် ဘိုအာ သူတို့ဆိုင်ဖက်သို့ ကူးလာတတ်သည်။ ရှယ်ကျစိမ့်တစ်ခွက်ကို လူတစ်ယောက်ကို ချပေးသလိုဖျော်ပြီးချပေးရသည်။

" အဲ့ဒါ နင်အကျင့်လုပ်ပေးထားလို့ဖြစ်မှာပေါ့ "

ဟု ပုံ့ပုံ့ကို မောင်သင်းပြောဖူးသည်။

" မဟုတ်ဘူးဟ ဘိုအာပူဆာလို့ ငါကလိုက်လုပ်ပေးရတာ၊ ငါက ဘိုအာကို နင်တို့ဆိုင်ခေါ်လာပြီး တစ်ညပဲတိုက်ဖူးတယ်၊ နောက်ကျတော့ ဆယ့်နှစ်နာရီထိုးခါနီးတိုင်း ဘိုအာ ငါ့ကို လက်နဲ့ ပုတ်ပုတ်ပြီးနှိုးတယ်. . . "

" နင်တို့ဆိုင်ကို သူကပဲ ခေါ်ခေါ်လာတာ၊ ဘာကျွေးကျွေးမစားဘူး ရှယ်ကျစိမ့်တိုက်မှပဲ တည့်သွားရတာ၊ ဘိုအာဟာလူဘဝတုန်းက လက်ဘက်ရည်ကျိုးနဲ့တူတယ်. . . သူလာရင်





တိုက်လိုက်ဟာ ငါပိုက်ဆံရှင်းပေးမယ် "

ပုံ့ပုံ့ပြောစကားကို အစကမယုံခဲ့ပေမယ့် နောက်ပုံ့ပုံ့မပါဘဲ ဘိုအာတစ်ကောင်တည်း ဆယ့်နှစ်နာရီထိုးခါနီးတိုင်း သူတို့ဆိုင်သို့ ရောက်လာလေ့ရှိသည်။ ရောက်တိုင်းလည်း ပင်လယ်ကဗွီးပင်အနီးမှ စားပွဲပုလေးမှာ အမြဲထိုင်၏။ လက်ဘက်ရည်ဖျော်ပြီးသား ချပေးလိုက်လျှင် တစ်ကြိမ်တည်းနဲ့ အကုန်မသောက် လက်ဘက်ရည်ကြိုက်တတ်သူတစ်ယောက်လို အရသာခံပြီးသောက်သည်။ တစ်နာရီကျော်မှပြန်သွားသည်။ ဘိုအာပြန်သွားလျှင် လက်ဘက် ရည်ခွက်ထဲမှာ လက်ဘက်ရည်တစ်စက်တောင် မကျန်ရစ်တတ်ပါ။

ဘိုအာဆိုတဲ့ ကြောင်မလေးက အဲလို ကြောင်ထူး ကြောင်ဆန်း။

ကြောင်သာဆိုတယ်. . . ပွတ်သီးပွတ်သပ်လုပ်တာ လုံးဝမခံ၊ အပျိုကြီး တစ်ယောက်လို ဇီဇာကြောင်သည်၊ အသန့်ကြိုက်သည်။

ထူးဆန်းတာရှိသေးသည် ဘိုအာရှိသည့် စားပွဲလေးမှာ ဘိုအာရှိသည့် အချိန်တိုင်း စားသောက်သူ ရောက်လေ့မရှိပေ။ ဘယ်သောအခါမှ မရှိပါ။

ထိုဘိုအာ(BOA) နှင့်ပတ်သက်သမျှကို မောင်သင်းတို့ တစ်ဆိုင်လုံးသာမက ညဆယ့်နှစ်နာရီကျော် လက်ဘက်ရည်သောက်နေကျလူတိုင်းသိကြသည်။ အားလုံးက ဘိုအာကို ကြောင်တစ်ကောင်ထက် သောက်နေကျ ဖောက်သည်တစ်ယောက်လို့ပဲ မြင်ကြပါ၏။ ဘိုအာလာသောက်တာလည်း တစ်ညမပျက်၊ ညစဉ်ရက်ဆက်။

ထုံးစံအတိုင်း မောင်သင်း လက်ဘက်ရည်ခွက်သယ်လာ၏။

ခါတိုင်းဆို ဆယ့်နှစ်နာရီမတ်တင်းဆို ဘိုအာရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ပြေးတမ်းလိုက်တမ်း ကစားနေလိုက်၏။

" တော်ပြီ လီရောင်ဂျေးရာ၊ မောပြီကွာ "

မောင်သင်းပြေးလက်စရပ်လိုက်တော့ လီရောင်ဂျေးက မောင်သင်း ခြေသလုံးကို ငုံကာပြုံးနေသည်။

" ဒီကောင်က အဲလိုဆော့ရရင် ပျော်နေတာ၊ သူနဲ့ဆော့တာ ဆိုလို့လည်း နင်ပဲရှိတော့၊ နင်လာရင်သူ့မှာ နန့်နန့်ကိုထနေ တာပဲ မောင်သင်းရေ. . . "

" ငါလည်း မင်းနဲ့ဆော့ချင်ပါတယ် လီရောင်ဂျေးရာ. . . "

" ဒါပေမယ့်. . . ငါက မအားဘူးကွ "

လီရောင်ဂျေး၏ ကျောကိုပွတ်သပ်ရင်းမောင်သင်းပြောတော့ နားလည်သဘောပေါက်လို့လားမသိ လီရောင်ဂျေးခေါင်း အတွင်တွင် ရမ်းခါသည်။

" ဟယ်. . . "

" မောင်သင်း. . . "

" နင့်ကို ငါမေးရဦးမယ် "

ပွံ့ဖွံ့ အလန့်တကြား ပြော၏။

" မြန်မြန်ပြောပါဟာ"

" ဘာမို့လဲ. . . "

" နင်တို့ဆိုင်မှာ ညကသရဲခြောက်လို့ဆို ဒေါ်ထိပ်ထားပြော ပြလို့. . . "

" အဲဒါ ဟုတ်သလား. . . "

ပွံ့ပွံ့စကားကြောင့် မောင်သင်းကြက်သီးတွေထသွားရ၏။

" ပြောလေဟာ နင်ကလည်း အိုက်တင်ခံနေတယ်၊ ငါသိချင် လို့ပါ"





တော့သည်။ ဒီနေ့ မရောက်လာသေးပေ။

လက်ဘက်ရည်ခွက်ချပြီး ဆိုင်ရှေ့ဆီသို့ မောင်သင်း လှမ်းကြည့် လိုက်သည်။ ဘိုအာ့အရိပ်အယောင် မမြင်ရသေးပါ။ ဖြူဖွေးဆွတ် နေသော ဘိုအာကို ညအမှောင်ထဲမှာတောင်မြင်နိုင်သည်။

" ဘိုအာ . . . ဘာလို့နောက်ကျတာပါလိမ့် "

ဒီညဆိုင်မှာ လူကျနေသည်။ နယူးရီးယားညမို့ထင်သည်၊ လူတွေပျော်နေသလို မောင်သင်းလည်းပျော်နေသည်။

နှစ်ကူးရတော့မည်၊ နှစ်သစ်ကိုပျော်ရွှင်စွာ ကြိုဆိုရတော့ မည်။ ဆယ့်နှစ်နာရီထိုးသည်နှင့်

ဟက်ပီးနယူးရီးယား . . .

တခဲနက်အော်သံထဲမှာ မောင်သင်းအသံလည်း ပါသွား သည်။ မရှေးမနှောင်းမှာပင် ဂျစ်ကားတစ်စီးနဲ့ အုပ်စု ရောက်လာ ကြသည်။ အားလုံး၏ပုံစံတွေက ခေတ်မီ မြူးကြွနေကြတာမို့ စားပွဲဝိုင်းအားလုံး ၏ အာရုံကထိုအုပ်စုထံမှာ စုဝေးလျှက်ရှိသည်။

စကားအနည်းဆုံးနဲ့ ရုပ်အသန့်ဆုံးအကိုကြီးသည် ဆွေးမြေ့ ရီဝေသော မျက်လုံးလဲ့လဲ့များဖြင့် လမ်းမဖက်သို့ငေးနေသည်။

ဆံပင်အထောင်နဲ့ရီစရာစကားများကိုလည်း လိုက်မရယ်ပါ။

တစ်ခါတစ်ခါတော့ သူနဲ့အနီးကပ်ဆုံး ချောမွတ်နုဖတ် နေသည့် အစ်မလေးထံ အကြည့်တွေကျောက်ချ၏။ လက်ဘက်ရည် ခွက်လေး မ၍ တိုက်လိုက်၏။

ဖြစ်တာက အဲဒီအချိန်မှာ

" ချလွှမ် "

ကြွေပြားစားပွဲပေါ်မှာ ပန်းကန်ကွဲစတွေပြန့်ကျဲသွားတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



" အိုက်တင်မခံပါဘူးဟာ ငါကြောက်လွန်းလို့ပါ၊ သရဲမဟုတ်ဘူးဟ သရဲမ ချောချောလေး. . . "

" ဟယ်. . . "

" ဟုတ်လား "

" သရဲမလည်းဆိုသေး ချောသလားဟယ်. . . "

" ချောပေမယ့် ကြောက်စရာကောင်းတယ်ဟ "

" ကြမ်းတယ်သိလား. . . "

မောင်သင်းစိတ်တွေ ညတုန်းက အဖြစ်အပျက်များ ဆီ ရောက် သွားသည်။ ပုံပုံ၏ကြောင်မလေး ဘိုအာ (BOA)အတွက် လက်ဘက်ရည် ရှယ်ကျစိမ့် တစ်ခွက်ကို ကိုကြီးသန်းဇော်ဆီမှ ယူလာကာ ဘိုအာသောက်နေကျ ပင်လယ်ကဗွီးပင် အနီးရှိ စားပွဲခုံလေးဆီသို့ မောင်သင်း လှမ်းလာ၏။

ည ဆယ့်နှစ်နာရီလောက်ဆိုလျှင် ဘိုအာ သူတို့ဆိုင်ဖက်သို့ ကူးလာတတ်သည်။ ရှယ်ကျစိမ့်တစ်ခွက်ကို လူတစ်ယောက်ကို ချပေးသလိုဖျော်ပြီးချပေးရသည်။

" အဲ့ဒါ နင်အကျင့်လုပ်ပေးထားလို့ဖြစ်မှာပေါ့ "

ဟု ပုံပုံကို မောင်သင်းပြောဖူးသည်။

" မဟုတ်ဘူးဟ ဘိုအာပူဆာလို့ ငါကလိုက်လုပ်ပေးရတာ၊ ငါက ဘိုအာကို နင်တို့ဆိုင်ခေါ်လာပြီး တစ်ညပဲတိုက်ဖူးတယ်၊ နောက်ကျတော့ ဆယ့်နှစ်နာရီထိုးခါနီးတိုင်း ဘိုအာ ငါ့ကို လက်နဲ့ ပုတ်ပုတ်ပြီးနှိုးတယ်. . . "

" နင်တို့ဆိုင်ကို သူကပဲ ခေါ်ခေါ်လာတာ၊ ဘာကျွေးကျွေး မစားဘူး ရှယ်ကျစိမ့်တိုက်မှပဲ တည့်သွားရတာ၊ ဘိုအာက လူ့ဘဝတုန်းက လက်ဘက်ရည်ကျိုးနဲ့တူတယ်. . . သူလာရင်





တိုက်လိုက်ဟာ ငါပိုက်ဆံရှင်းပေးမယ့် "

ပုံပုံပြောစကားကို အစကမယုံခဲ့ပေမယ့် နောက်ပုံပုံမပါဘဲ ဘိုအာတစ်ကောင်တည်း ဆယ့်နှစ်နာရီထိုးခါနီးတိုင်း သူတို့ဆိုင်သို့ ရောက်လာလေ့ရှိသည်။ ရောက်တိုင်းလည်း ပင်လယ်ကဗွီးပင်အနီးမှ စားပွဲပုလေးမှာ အမြဲထိုင်၏။ လက်ဘက်ရည်ဖျော်ပြီးသား ချပေးလိုက်လျှင် တစ်ကြိမ်တည်းနဲ့ အကုန်မသောက် လက်ဘက်ရည်ကြိုက်တတ်သူတစ်ယောက်လို အရသာခံပြီးသောက်သည်။ တစ်နာရီကျော်မှပြန်သွားသည်။ ဘိုအာပြန်သွားလျှင် လက်ဘက် ရည်ခွက်ထဲမှာ လက်ဘက်ရည်တစ်စက်တောင် မကျန်ရစ်တတ်ပါ။

ဘိုအာဆိုတဲ့ ကြောင်မလေးက အဲလို ကြောင်ထူး ကြောင်ဆန်း။

ကြောင်သာဆိုတယ်. . . ပွတ်သီးပွတ်သပ်လုပ်တာ လုံးဝမခံ၊ အပျိုကြီး တစ်ယောက်လို ဇီဇာကြောင်သည်၊ အသန့်ကြိုက်သည်။

ထူးဆန်းတာရှိသေးသည် ဘိုအာရှိသည့် စားပွဲလေးမှာ ဘိုအာရှိသည့် အချိန်တိုင်း စားသောက်သူ ရောက်လေ့မရှိပေ။ ဘယ်သောအခါမှ မရှိပါ။

ထိုဘိုအာ(BOA) နှင့်ပတ်သက်သမျှကို မောင်သင်းတို့ တစ်ဆိုင်လုံးသာမက ညဆယ့်နှစ်နာရီကျော် လက်ဘက်ရည်သောက်နေကျလူတိုင်းသိကြသည်။ အားလုံးက ဘိုအာကို ကြောင်တစ်ကောင်ထက် သောက်နေကျ ဖောက်သည်တစ်ယောက်လို့ပဲ မြင်ကြပါ၏။ ဘိုအာလာသောက်တာလည်း တစ်ညမပျက်၊ ညစဉ်ရက်ဆက်။

ထုံးစံအတိုင်း မောင်သင်း လက်ဘက်ရည်ခွက်သယ်လာ၏။

ခါတိုင်းဆို ဆယ့်နှစ်နာရီမတ်တင်းဆို ဘိုအာရောက်နေ



www.burmeseclassic.com

www.burmeseclassic.com

တော့သည်။ ဒီနေ့ မရောက်လာသေးပေ။

လက်ဘက်ရည်ခွက်ချပြီး ဆိုင်ရှေ့ဆီသို့ မောင်သင်း လှမ်းကြည့်လိုက်သည်။ ဘိုအာ့အရိပ်အယောင် မမြင်ရသေးပါ။ ဖြူဖွေးဆွတ်နေသော ဘိုအာကို ညအမှောင်ထဲမှာတောင်မြင်နိုင်သည်။

" ဘိုအာ . . . ဘာလို့နောက်ကျတာပါလိမ့် "

ဒီညဆိုင်မှာ လူကျနေသည်။ နယူးရီးယားညမို့ထင်သည်၊ လူတွေပျော်နေသလို မောင်သင်းလည်းပျော်နေသည်။

နှစ်ကူးရတော့မည်၊ နှစ်သစ်ကိုပျော်ရွှင်စွာ ကြိုဆိုရတော့မည်။ ဆယ့်နှစ်နာရီထိုးသည်နှင့်

ဟက်ပီးနယူးရီးယား . . .

တခဲနက်အော်သံထဲမှာ မောင်သင်းအသံလည်း ပါသွားသည်။ မရှေးမနှောင်းမှာပင် ဂျစ်ကားတစ်စီးနဲ့ အုပ်စု ရောက်လာကြသည်။ အားလုံး၏ပုံစံတွေက ခေတ်မီ မြူးကြွနေကြတာမို့ စားပွဲဝိုင်းအားလုံး ၏ အာရုံကထိုအုပ်စုထံမှာ စုဝေးလျက်ရှိသည်။

စကားအနည်းဆုံးနဲ့ ရုပ်အသန့်ဆုံးအကိုကြီးသည် ဆွေးမြေ့ရီဝေသော မျက်လုံးလဲ့လဲ့များဖြင့် လမ်းမဖက်သို့ငေးနေသည်။

ဆံပင်အယောင်နဲ့ရီစရာစကားများကိုလည်း လိုက်မရယ်ပါ။

ဝါစ်ခါတစ်ခါတော့ သူနဲ့အနီးကပ်ဆုံး ချောမွတ်နုဖတ်နေသည့် အစ်မလေးထံ အကြည့်တွေကျောက်ချ၏။ လက်ဘက်ရည်ခွက်လေး မ၍ တိုက်လိုက်၏။

ဖြစ်တာက အဲဒီအချိန်မှာ

" ချလွမ် "

ကြွေပြားစားပွဲပေါ်မှာ ပန်းကန်ကွဲစတွေပြန့်ကျဲသွားတော့သည်။





မောင်သင်းအလန့်တကြားကြည့်မိသည်။

ပန်းကန်ကွဲသံကြားလျှင် မောင်သင်းကြောက်သည်။ လျော်ရပေါင်းများ၍ လစာထုတ်တိုင်းမျက်ခုံးလှုပ်ရသည်။

အခုလည်းဖြစ်ပြန်ပြီ။ လျော်ရတော့မည်။ ပန်းကန်ကွဲတာ ဘိုအာစားပွဲဆီမှဖြစ်သည်။ ပိုဆိုးတာက စောစောကလက်ဘက်ရည်သောက်နေသော ဟန်ဂါရင် နဲ့တူသည့် အစ်မကြီး ဘယ်လိုကဘယ်ပုံပျောက်သွားပြီမသိနိုင်တော့ပါ။

" ဟင် "

" နင့်ဥစ္စာကလည်း ကြောက်စရာလည်းသိပ်မကောင်းဘူး"

" ပန်းကန်က သူ့ဖာသာကွဲတာဖြစ်ပြီး အဲဒီအစ်မကြီးက လက်ဘက်ရည်ဖိုး ပေးဖို့ မေ့သွားတာလားမှမသိတာ. . . အဲဒီအချိန်မှာ နင်ကဟိုစားပွဲ ဝိုင်းကို အာရုံရောက်နေတော့ သတိမထားမိတာဖြစ်မှာပေါ့"

ပုံပုံ့ပြောတော့ မောင်သင်းဇဝေဇဝါဖြစ်ရသည်။

" မသိဘူးဟာ. . . "

ထိုစဉ်

" သမီးရေ. . . ပုံပုံ့"

" လာပါဦး. . . ဒီမှာ သမီးကြောင်မလေး ဘိုအာ သေနေပြီ. . . "

လှည့်ပြန်လှဆဲဆဲ မောင်သင်းခြေလှမ်းတွေ အိမ်ဖော်မကြီးဒေါ်ထိပ်ထား၏ ပျာယီးပျာယာအသံကြောင့် တုန်ခနဲဖြစ်သွားရ၏။

ပုံပုံ့နှင့်အတူ အိမ်ထဲပြေးဝင်လိုက်မိသည်။

မောင်သင်း ကြောင်မလေးဘိုအာကို သိပ်ချစ်သည်။ ဘိုအာ ညတုန်းက တစ်ညလုံးလက်ဘက်ရည်ဆိုင်ဖက်မလာခဲ့ပါ၊ ဟော. . .



www.burmeseclassic.com

www.burmeseclassic.com

အခု ဘိုအာသေပြီဆိုပါလား။

" ဘိုအာရယ်. . . နင်ဘယ်လိုဖြစ်တာလဲဟာ. . ."

" အီး. . ."

" ဘိုအာ ဘာဖြစ်လို့ သေတာလဲမသိဘူး မောင်သင်းရယ်. . ."

" ဘိုအာရယ် နင့်အတွက်ဝယ်ထားတဲ့ လက်ဘက်ရည်လေးထ သောက်ပါဦးဟာ. . . နင်သိပ်ကြိုက်တဲ့ ကျစိမ့်ရှယ် မောင်သင်း လာပို့နေပြီလေ. . . ဘိုအာရယ်. . . ညီမလေးရယ်. . . "

ပုံ့ပုံ့က ကုတင်အောက်မှ တောင့်နေပြီဖြစ်သော ကြောင်မလေး ဘိုအာကို ပွေ့ဖက်ကာ ကြေကွဲစွာ ငိုယိုမြည်တမ်းလို့နေသည်။

မောင်သင်းရင်ထဲမှာ ဆိုနင့်ဝမ်းနည်းနေမိသည်။

" ဘိုအာ ညက လက်ဘက်ရည်လာမသောက်တာ ဒါကြောင့်ကိုး . . . "

" သနားပါတယ်ဟာ. . . "

" ဘိုအာက သိပ်သဘော ကောင်း၊ သိပ်အေးတာ အဲဒါကြောင့် ငါတို့တစ်ဆိုင်လုံးက သူ့ကိုဆို လူတစ်ယောက်လိုကိုချစ်တာ ငါဆို ငါ့ညီမလေးလို ချစ်တာပါ ပုံ့ပုံ့ရာ. . ."

" အေးဟယ်. . ."

" မနေ့တုန်းကမှ အကောင်းကြီးရှိသေးတာ၊ နေမကောင်းရင်ငါဆေးကုပေးမှာပေါ့. . ."

" အခုတော့ ဘိုအာကို ဆေးကုပေး ချိန်တောင်မရလိုက်ဘူး. . . ဖြစ်မှဖြစ်ရလေ ဘိုအာရယ်. . ."

ပုံ့ပုံ့အတွက် ဖြေသိမ့်စကားပြောချင်ပေမယ့် မောင်သင်း





ကိုယ်တိုင် ရင်ထဲမှာ နင့်ဆို့ကြီးဖြစ်နေရသည်။

" ငါလည်း နင်နဲ့ထပ်တူစိတ်မကောင်းဖြစ်မိပါတယ် ပုံ့ပုံ့ရယ်၊ ဒါပေမယ့် ငါတို့ ဘိုအာ့ကို ကောင်းကောင်းမြေမြှုပ်သင်္ဂြိုလ်လိုက်ကြစို့နော်. . ."

" ဟုတ်တယ်. . . သမီး"

ဘိုအာ့အတွက် ကောင်းရာသုဂတိရောက်ဖို့ ဆုတောင်းပေးရမယ်လေ. . ."

" မောင်သင်း. . ."

" နင် ဘိုအာ့ကိုပွေ့ပြီး ခြံထောင့်မှာ မြေမြှုပ်ပေးပါဟာ၊ ဒေါ်ထိပ်ထား မောင်သင်းကို ဂေါ်ပြားယူပေးလိုက်ပါနော်"

ဝမ်းပမ်းတနည်းဖြစ်နေရှာသော ပုံ့ပုံ့အစီအစဉ်အတိုင်း မောင်သင်းနှင့် ဒေါ်ထိပ်ထားတို့ ခြံထောင့်တမာပင်ကြီးအောက်မှာ ဘိုအာ့ကိုမြှုပ်ရန်မြေကျင်း တူးလိုက်ကြသည်။

သူတို့ကျင်းတူးပြီးချိန်မှာ ကတ္တီပါဗူးနီလေးကိုကိုင်ထားသော ပုံ့ပုံ့မျက်ရည် လည်ရွှဲနှင့်ရောက်လာ၏။

" အဲဒီဗူးလေးက ဘာလုပ်ဖို့လဲ ပုံ့ပုံ့. . ."

" ဒါ ဘိုအာ့ပစ္စည်းလေးဟ၊ ဘိုအာကသိပ်ထူးဆန်းတာပဲ၊ ပြီးခဲ့တဲ့နှစ် ဟက်ပီးနယူးရီးယားနေ့မှာ ငါတို့ခြံရှေ့ တံခါးဝမှာ မွေးကင်းစ ဘိုအာ အသက်တစ်နှစ် ပြည့်တာဟ၊ တစ်နှစ်လုံးလုံး ဘိုအာက ဘယ်သူ့ကိုမှ ဒုက္ခမပေးဖူးဘူး၊ အခန်းထဲအိမ်ထဲမှာ တစ်ခါမှ ချေးမပါ၊ သေးမပေါက်ဖူးဘူး၊ ဒီပစ္စည်းလေးကိုတော့ ဘိုအာ သိပ်မက်မောရှာတာဟ. . . "

" ဘယ်သူမှထိတာမကြိုက်ဘူး. . . သူ့အိပ်ယာဘေးမှာ ငါထားပေးခဲ့တာ "



www.burmeseclassic.com

www.burmeseclassic.com

" အဲဒါဘာလေးလဲဟ. . . "

သိချင်ဇောနဲ့ မောင်သင်းမေးလိုက်၏။

ပုံ့ပုံ့ ဗူးနီလေးကို တယုတယဖွင့်ကာ ဗူးထဲမှ ပစ္စည်းလေးကို ဆွဲထုတ် လိုက်၏။

ဆွဲကြိုးလေး၊ ပလက်တီနမ်ဆွဲကြိုးလေး၊ ဆွဲပြားလေးနဲ့ ပလက်တီနမ်ဆွဲကြိုးလေးကို မောင်သင်းမြင်ဖူးသလိုလိုရှိ၍ စူးစိုက်ကြည့်မိသည်။

" ဆွဲကြိုးလေးကတော့ ငါ့အမေဝယ်ပေးတဲ့ ပလက်တီနမ်ဆွဲကြိုးလေးပါ၊ ဒီဆွဲပြားလုပ်ထားတဲ့ နာရီလေးကတော့ ဘိုအာ့ပစ္စည်းပါ၊ ဘိုအာ့ကိုစတွေ့တဲ့အချိန် ဘိုအာ့လက်ထဲ ဆုပ်ထားတဲ့နာရီ အပျက်ကလေး . . . အစကတည်းက ကြိုးမပါဘူး၊ ဒီမှာလေဟာ "

" ဪစမ်း "

မောင်သင်း ပုံ့ပုံ့ထံမှ နာရီဆွဲပြားလေးနဲ့ ပလက်တီနမ်ဆွဲကြိုးလေးကို အလောတကြီး ဆွဲယူကြည့်လိုက်မိသည်။

ဒါ. . .

မောင်သင်းစိတ်ထဲမှာ သိမိသည့် တစ်စုံတစ်ရာကို ရင်ထဲမှာ အံ့ဩခြင်းတို့နှင့် မျိုသိပ်ထားမိသည်။

" ဘာဖြစ်လို့လဲ ဟင်"

" မောင်. . . မောင်သင်း"

ပုံ့ပုံ့ သိလိုစိတ်ကြီးစွာ မေးလာ၏။

မောင်သင်း ဖြေရန်စကားပြောထွက်လုထွက်ခင်. . .

" ဘာမှတော့မဟုတ်ပါဘူး. . . ငါ့အတွက် ဘိုအာလေးသေတာ မယုံနိုင်အောင်ဖြစ်နေလို့. . . "





" ငါ . . . ဘိုအာလေးကို သိပ်သံယောဇဉ်ကြီးတာ ဟ"

" အေးပါဟယ်. . . "

" ဘိုအာလေးကလည်း ငါ့ထက် နင့်အပေါ် သံယောဇဉ် ဘယ်လောက်ကြီးလဲ ငါသိပါတယ်. . . "

ဘိုအာကို မြတ်နိုးချစ်ခင်စွာ ပုံ့ပုံ့ပွေ့ချီထားဆဲ. . . .

အမှောင်ထုကြီးက ရိပ်ကနဲကြီးစိုးလာ၏။

မောင်သင်းနှင့် ပုံ့ပုံ့ တစ်ယောက်လက် တစ်ယောက်ဖမ်းဆုပ်ရင်း မမြင်နိုင်သော ထိန့်လန့်ဖွယ်ကြီးကို ပြုံင်ဟူကြောက်နေ၏ တိမ်သည်. . . လကိုအပြည့်ဖုံး၏။

လသည် ညကို အပြီးတိုင် အမှောင်ချလိုက်ပြီ။

အေးစိမ့်သော လေတစ်ချက်ဖြတ်အတိုး. . .

" အု. . . "

" အူး. . . "

လမ်းမတန်းဖက်ဆီမှ ခွေးအူသံတွေ အဆက်မပြတ်ပြေးဝင်လာ၏။

" ပုံ့ပုံ့ "

မောင်သင်း လည်ချောင်းတွေ သွေ့ခြောက်တုန်ရီစွာ ခေါ်လိုက်သံကိုပင် ပုံ့ပုံ့ အထိတ်တလန့်ဖြစ်သွား၏။

" ဘာလဲ ဟင်"

" ဘိုအာလေးကို "

" ဘိုအာလေးကို ဘာဖြစ်လဲဆက်ပြောလေ"

" ဘိုအာလေးကို နှုတ်ဆက်လိုက်ကြစို့ဟာ. . . ပြီးတော့ ကောင်းရာမွန်ရာရောက်အောင် ဆုတောင်းပေးကြစို့"

" သနားလွန်းလို့ပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com

တကယ်ပင်ကြေကွဲစွာ ပွံ့ပွံ့ဆို၏။

မျက်ရည်ဥတွေ ဘိုအာခန္ဓာကိုယ်လေးပေါ် ကြွေဆင်းသွား၏။

" အေး ပါ ဟယ် "

" နှုတ်ဆက်ဆုတောင်းကြတာပေါ့ "

" ဘိုအာရေ. . . ညီမလေး. . . ကောင်းရာ မွန်ရာဘဝကို ရောက်ရှိပါစေ၊ ညီမလေးရဲ့ပစ္စည်းကို မကြီးပွံ့ထည့်ပေးလိုက်ပြီ နော်. . . "

ပွံ့ပွံ့လိုတော့သူ့ရှည်ရှည်ဝေးဝေးမပြောတတ်ပါ၊ သူပြောတတ်သလိုပဲ ပြောလိုက်ရင်း မြေမြှုပ်လိုက်တော့သည်။

" ဘိုအာရေ နောက်ဘဝချမ်းသားပြီး ရုပ်ချောတဲ့ပညာတတ်ကောင်မလေး ဖြစ်ပါစေ. . . အဖေစုံ၊ အမေစုံနဲ့ နေနိုင်ပါစေ ဟာ "

ကိုယ့်ဘဝနဲ့ကိုယ်ချင်းစာပြီး ဆုတောင်းပေးခြင်းဖြစ်၏။ ကိုယ်မရဖူးတာကို ဘိုအာကိုလေးရစေချင်ပါသည်။ မောင်သင်း ဘိုအာကိုချစ်ပါသည်။

ပွံ့ပွံ့ကလည်း နှုတ်မှ လှုပ်စိလှုပ်စိနဲ့ ဆုတောင်းပေးနေသည်ထင်ပါ၏။

သူနဲ့ပွံ့ပွံ့ ဘိုအာ့မြေပုံလေးဆီမှ ကျောခိုင်းလိုက်တော့ အိမ်ဖော် ဒေါ်ထိပ်ထား မရှိတော့ပါ။

သူတို့နှစ်ယောက်သား လေးဖင့်သောခြေလှမ်းများနဲ့လှမ်းလိုက်စဉ်. . .

" ညှောင်. . . "

" ညှောင်. . . "





" မောင်. . . "

" မောင်. . . "

နောက်ကျောဖက် ဘိုအာ့မြေပုံဆီမှ ကြောင်သံလိုလို. . . လူသံလိုလို ပီသသဲကွဲစွာကြားလိုက်ရသည်တွင်. . .

မောင်သင်းနှင့်ပွံ့ပွံ့ ခြေကုန်သုတ်ပြေးခဲ့ကြတော့သည်။ အသံကမြေပုံဆီမှ ပြေးထလိုက်လာသလိုထင်ရသည်။

" ညှောင်. . . "

" မောင်. . . "

ဘိုအာ့ အော်မည်သံနှင့်အတူ မိန်းမတစ်ယောက် အော်သံကြောင့် သူတို့နှစ်ယောက်ဖြုန်းခနဲ ထရပ်မိကြသည်။

မောင်သင်း လက်ဘက်ရည်ဆိုင် ပြန်ရောက်သည်အထိ ထိုအသံကို နားထဲမှာစွဲကျန်ဆဲဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄)

" မောင် "

" ဗျာ "

ရေခဲငွေများသီးနေသော ဖန်ခွက်ဖန်သားပြင်လေးပေါ် လက်ညှိုးလေးနဲ့ မောင် ဆိုသည့်စာလုံးလေးရေးသားအပြီးမှာ နောက်ကျောဖက်ဆီမှ ထူးလိုက်သော တိုးဖွဖွအသံလေးကြောင့် အိတျာ ထိတ်ခနဲလန့်သွားရသည်။

" ဘယ်သူဖြစ်ရမှာလဲ မောင်ပေါ့ "

အိတျာ့ပခုံးနှစ်ဖက်ကို ဆုပ်နယ်ရင်းပြုံးနေတဲ့ မောင်. . .

အပြုံးအရိပ်တွေ ထင်ထင်ရှားရှားစွန်းထင်းလက်ဖြာလွှမ်းတဲ့မောင့် မျက်ဝန်းကြည်ကြည်လေးကို ကြည့်ရင်း အိတျာရှက်လိုက်တာ။

ဖန်ခွက်လေးပေါ်က စာလုံးလေးကို ရှက်ရှက်နဲ့ ဖျက်ဖို့လက်အရွယ်မှာ မောင် ကပျာကယာတားတယ်။

" မဖျက်ပါနဲ့ အိတျာရယ် မောင်တို့နှစ်ယောက်ချစ်တာ ဖန်ခွက်လေးက ကဗ္ဗည်းတိုင်အဖြစ်ဂုဏ်ယူစွာခံယူချင်ရှာမှာပေါ့ "





သိပ်ပြောတတ်တဲ့မောင်

အိတျာရှက်နေတာကိုလည်းဖော့ပေးတယ်။

အိတျာကြည်နူးမှုကိုလည်း မြှင့်ပေးတယ်။

မောင်က အိတျာကို အဲလိုရင်ခုန်စေတဲ့သူပေါ့။

မောင်ရယ် မောင့်ရင်ခွင်ထဲ ခေါင်းတိုးဝင်လိုက် သေလုမတတ်အိတျာသွေးခုန်နှုန်းတွေ မြန်ဆန်နေတယ်ရှင်. . .

ဒါပေမယ့် ပတ်ဝန်းကျင်ရှိတယ်၊ အိတျာတို့နှစ်ယောက်တည်း မဟုတ်ဘူး၊ ကုံးထက်အအေးဆိုင်ရဲ့ ညဦးပိုင်းလေးဟာ ချစ်စရာစည်စည်ကားကားလေး ဖြစ်နေတာကိုး။

ဒါတင်မကဘူး မောင့်နောက်မှာလည်း မောင့်သူငယ်ချင်းတွေက ပြုံးစိပြုံးစိနဲ့. . .

" ဖြည်းဖြည်းချစ်ကြပါဗျာ. . . ကျုပ်တို့ကိုလည်းချစ်မိပါဦးမယ်၊ မောင်ရှင်းသန့်ရယ်. . . "

မောင့်ရင်ခွင်ဆီ ခေါင်းညွတ်နေမိတဲ့ အိတျာရှက်လိုက်တာနော်။

အလှူမီနီယံထိုင်ခုံလေးတွေဆွဲထိုင်လိုက်ကြတဲ့ မောင့်သူငယ်ချင်းနှစ်ယောက်မျက်နှာကို မကြည့်ရဲတော့ဘူး။

အိတျာနားနားကို ကပ်ထိုင်လိုက်မောင့်ပေါင်ကိုပဲ လက်သီးဆုပ်ဖွဖွနဲ့ အဆက်မပြတ်ထုရိုက်နေမိတယ်။

မောင်ကတော့ ရှက်နေဆဲ အိတျာရဲ့မျက်နှာထူထူနဲ့ မျက်တောင်စင်းစင်းလေးကို ငေးကြည့်နေမိတယ်။

အိတျာကြည်နူးလို့မှ မဆုံးခင်

" ဟိတ် . . . "

" ကောင်မလေး ရှင်းသန့်ကိုဘာလုပ်ပေးနေတာလဲ၊ လူတွေ



www.burmeseclassic.com

www.burmeseclassic.com



က တစ်မျိုးထင်ပြီး ဝိုင်းကြည့်နေတယ် "

" ဟာ. . . "

" သက်ပြင်းရှာ. . . "

ထုလက်စ အိတ္တျာ့လက်ကလေးကို မောင်ဖျတ်ခနဲဆုပ်ဖမ်းပြီး မောင့်မျက်နှာ နီရဲပြီးရှက်သွားတယ်။

မောင့်သူငယ်ချင်းနှစ်ယောက်ကတော့ အားရပါးရ ရယ်ကြတယ်၊ အိတ္တျာလည်း ရောယောင်ပြီးလိုက်ရယ်တာပေါ့၊ မောင်တစ်ယောက်သာ ရှုံသိုးသိုးမျက်နှာကြီးနဲ့။

" အိတ္တျာ ဘာမှမသိဘဲ လျှောက်မရယ်နဲ့၊ ဒီကောင်တွေက လူကောင်းတွေ မဟုတ်ဘူး "

" ငါတို့မကောင်းဘူး၊ ထားပါတော့လေ မင်းကရောကောင်းလို့လား. . . "

" အိတ္တျာ"

" ရှင်းသန့်က ကောင်းလား. . . "

" မကောင်းပါဘူးနော်. . . "

" ဟုတ်တယ်မလား. . . "

" အစုတ်ပလုပ်ကောင် "

" ဘာလို့မကောင်းရမှာလဲ မောင်ကအရမ်းကောင်းတာ "

" ဟုတ်လား . . . "

" အော်. . . "

" ဟုတ်မှာပေါ့လေ. . . "

" ဟား. . . "

" ဟား. . . "

" ဟား. . . "





မောင့်သူငယ်ချင်းနှစ်ဦး ရယ်သံအုပ်အုပ် ထွက်ပေါ်လာ၏။

" တော်တော့ အိတ္တျာ၊ ဒီကောင်တွေမေးတာတစ်ခွန်းမှ မဖြေနဲ့တော့ မင်းတို့နှစ်ကောင်ဆက်နောက်နေရင် ရှင်းသန့်လက်သီးနဲ့တွေ့မယ်နော်. . . "

မောင်မျက်နှာတင်းတင်းနဲ့ပြောသည်။

" ငြိုငြင်တာလား "

" နင့်အမေကြီး. . . ပါလား "

" ကဲပါကွာ မင်းကလည်းစိတ်ချည်းပဲ မင်းမကြိုက်တာကို မနောက်တော့ဘူး"

ရဲရင့်ကဝင်ပြောစဉ်

" ဟုတ်တယ်. . . "

" အိတ္တျာကိုပဲနောက်တော့ ရဲရင့်ရာ. . "

" မင်းတို့ပြောလေကဲလေပါလား သက်ပြင်း "

" မင်းကလည်း မင်းမကြိုက်တာမနောက်ဘူး၊ မင်းကြိုက်တာကိုပဲ နောက်မယ်၊ အိတ္တျာကိုမင်းကြိုက်တယ်မဟုတ်လား၊ အဲဒါကို ဒို့နောက်မယ် ဒါပြောတာပါကွ. . . "

" ဘာလဲ မင်းကအိတ္တျာကို မကြိုက်လို့လား၊ ပြောစမ်းကွာ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်ပြော "

" အေး. . . "

" မြန်မြန်ပဲပြောမယ် ညီလေးရေ ရှင်းမယ်ဟေ့ "

" ဟာ ငါတို့မသောက်ရသေးဘူးလေ ရှင်းသန့်ရဲ့ "

" အဟဲ. . . "

" သူငယ်ချင်းကလည်း စိတ်ကိုလျှော့. . . ဒီငပြောင်ကလည်း မျက်နှာပိုးသတ်တော့ ညီလေးရေ ဒူးမလိုင်နှစ်ခွက်၊



www.burmeseclassic.com

www.burmeseclassic.com

စီးကရက်တစ်ပွဲ. . . "

" ဒီရုပ်ချောချော အစ်ကိုကြီးဘာသောက်မလဲလို့ မေးသွားဦး. . . ဒီဝိုင်းကို ရုပ်ချောတဲ့သူတို့စုံတွဲကရှင်းမှာကွ ရှိရှိသေသေ မေးနော်၊ သူတို့စုံတွဲက ဘရက်ပစ်နဲ့ဂျိုလီတို့စုံတွဲထက် မချမ်းသာရင်သာနေမယ်၊ သဒ္ဓါတရားမနိမ့်ဘူးကွ ဘာအောင့်မေ့လဲ၊ ရှိရှိသေသေ မေး. . . "

မောင့်သူငယ်ချင်းတွေက အဲဒီလိုပဲပျော်တတ်နောက်တတ်သလို မောင်ကလည်း သူ့သူငယ်ချင်းတွေကို ဟန်ဆောင်ပန်ဆောင်တောင်ကြာကြာ စိတ်မဆိုးတတ်သူပါ။

" ဒူးမလိုင်ပဲယူခဲ့ပါကွာ "

မောင့်မျက်နှာ ချက်ချင်းကြည်လင်စင်ကြယ်သွား၏။

" ဒူးမလိုင်ဆိုမှ သတိရတော့တယ်ကွာ ည ညက"

သက်ပြင်း တံတွေးသီးမတတ်အလောတကြီးပြောသည်။

" ဘာပေါက်ကရ ပြောဦးမလို့လဲ "

မောင့်အမေးကိုလက်ကာပြပြီး စားပွဲထိုးလေးချပေးသောဆေးလိပ်တစ်လိပ်ကို ကောက်ယူရှိုက်ဖွာရင်း သက်ပြင်းပြောချလိုက်သောစကားကြောင့် အိတ္တာကြောင်စီစီဖြစ်သွားရသည်။

" ဒို့ရပ်ကွက်ထဲက မီးနေသည်မသာ ခြောက်လိုက်တာကွာ"

" မင်း ဆိုတဲ့ကောင်ပါးစပ်က မဟုတ်တရုတ်ပဲထွက်မှာမှန်းသိလျက်နဲ့ မေးမိတာကိုက ငါ့အမှားပါ သက်ပြင်းရာ "

" အေးလေ. . . ဒူးမလိုင်နဲ့မီးနေသည်မသာ ဘာပတ်သက်လို့လဲ အဝေးကြီးကို "

ရဲရင့်ကပါ စိတ်တိုစွာပြော၏။

" မဝေးဘူးဟ. . . ဖြစ်ပုံကဒီလို. . . "



သေနေတဲ့မီးနေသည်မသာက ဖြန်းခနဲ ခုတင်ပေါ်ထောင်ပြီးထလာတာ "

" ဟုတ်ရောဟုတ်ရဲ့လား သက်ပြင်းရာ ဒူးမလိုင်နဲ့ ဒူးချင်းတူအောင် မင်းစွတ်စက်ဆွဲစေပြောနေတာမဟုတ်လား "

" မင်းတို့ကလဲလေ. . . "

" ငါ့ကိုမျှားဆို ဘယ်တော့မှ အကောင်းမထင်ဘူး "

" မင်းကရော ဘယ်တုန်းကကောင်းဖူးလို့လဲ၊ လုပ်စမ်းပါဦး မီးနေသည်မသာ ဒူးထောင်ပြီးထတာ မင်းကိုယ်တိုင်မြင်လိုက်တယ်ဆိုပါတော့ ဟုတ်လား၊ ယုံအောင်ဖြီးပြပါဦး. . . "

" ငါမြင်တာတော့မဟုတ်ဘူး. . . ငါ့သူငယ်ချင်း ဖောကြီးမြင်တာကွ"

" ဘယ်ဖောကြီးလဲ . . . မသာဝိုင်းတိုင်း ဖဲလည်ရိုက်တဲ့ဖောကြီးလား"

" မသာဖောကြီး မသာဖောကြီးနဲ့ မသာဝိုင်းတကာ ဖဲပတ်ရိုက်နေတဲ့ကောင်နဲ့ မပေါင်းပါနဲ့ဆို မင်းကလည်း တားလို့ကို မရဘူး"

" မင်းတို့ကသာ ဖောကြီးကို အကောင်းမထင်ကြတာ၊ ဖောကြီးက ဘာပြောတယ်မှတ်လို့လဲ၊ သူ ဟုသိလ်လုပ်နေတာတဲ့ဗျာ၊ ငွေရေးကြေးရေးရော၊ မသာအိမ်လူစည်ကားရေး အတွက်ရော သူဟာမရှိမဖြစ်စပိတ်တစ်တဲ့ဗျ. . . နေပါဦးကွာ မင်းတို့ပြောတာနဲ့စကားလမ်းကြောင်း ပြောင်းတော့မယ်"

" ညတုန်းက. . . "

ဟုအစချီကာ မီးနေသည်သရဲအကြောင်းကို သက်ပြင်းစပြောတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်း ရပ်ကွက်ထဲမှာ တစ်ယောက်ယောက်ရှောပြီ ဆိုတာနဲ့ ဖောကြီးနားသို့ ချက်ချင်းသတင်းပေါက်သည်။

အိုင်တီခေတ်ကြီးထဲမှာ ဖောကြီးရဲ့ဝက်ဘ်ဆိုက်က မသာ သတင်း ဆိုလျှင် ထူးထူးဦးဦးဖမ်းမိသည်။

သာမန်လူဆို သိဖို့မလွယ်. . .

မန္တလေးမြို့ကြီး၏ အဖျားအနားမြို့နယ်၊ ဆင်ခြေဖုံးရပ်ကွက်၊ လူမသိ သူမသိ ဆင်းရဲသားချောင်အကျော် . . . လယ်ကွင်းရိုးပြတ်ထဲရှိ ကျူးကျော်တဲများမှ လေးတိုင်စင်၊ ထရံပေါက်၊ သက်ကယ်မိုး ကျို့တို့ ကျဲတဲ မြေစိုက်တဲ တစ်လုံးကို တွေ့ဖို့အရေး. . . လွယ်တယ်များမှတ် လို့လား။

ဆယ်အိမ်ခေါင်းတောင် မျက်စိလည်သွားဦးမယ်။

ဖောကြီးအဖို့တော့ ဒီမသာအိမ်ရှာရတာ ထမင်းစား ရေသောက်ရသလို လွယ်တယ်၊ ဖောကြီးက ဆိုရှယ်ဝဲလ်ဖဲဖြစ်တယ်၊ အရက်သမား၊ ဘိန်းစား၊ ခါးပိုက်နှိုက်ကအစ ကုမ္ပဏီပိုင်ရှင်၊ ပါရ ဂူကြီးကြီး၊ မာစတာအဆုံး. . . ရင်းနှီးကျွမ်းဝင် တဲ့သူ၊ ခေသူ မဟုတ်ဘူး။

ဖောကြီးရောက်လာသည်ဆိုသည်နှင့် မသာရှင်ဖိုးထောင် မျက်နှာဝင်းခနဲ လက်သွား၏။

မသာကို ဘေးမှာထားပြီး မျောက်မှိုင်မှိုင်နေရာက သကြားနဲ့ တွေ့ရသလို ပျော်ပြီးမျောက်ခုန်ထခုန်တော့တာပဲ။

" ကိုဖောကြီး လာပါ ကြွပါ "

"ဟာ. . . ကိုဖိုးထောင်ကလဲ ကျုပ်ကိုဘုန်းကြီးမှတ်နေလား ဗျာ. . . ဖယောင်းတိုင်လေးတွေနဲ့ ဘာလုပ်လို့ရမှာလဲ၊ ညဝိုင်း ဆင်ရမှာ မီးစက်လိုတယ်လေ. . . မီးစက် ပိုင်အသိတကျွမ်း မရှိဘူးလား "



" ဘယ်လိုလုပ်ရှိမှာလဲဗျာ ကျုပ်လိုမီးခြစ်ဂတ်စ်ပြည့်မှ ထောင်း စားရတဲ့ကောင် မီးစက်ငှားဖို့ဘယ်လွယ်ပါ့မလဲဗျာ "

" အင်း. . . "

"ခင်ဗျားပြောကာလဲ ဟုတ်သလိုလိုတော့ရှိယား၊ ကဲ အောင်ဘု ရေ ပဋ္ဌာတာရုံဘုန်းကြီးကျောင်းက ဆရာတော်ဦး၊သာဘာက ဆီသွားလျှောက်ကွာ၊ ကိုဖောကြီးက မီးစက်ငှားခိုင်းလိုက်တယ် လို့၊ လေးပေချောင်း ငါးချောင်းနဲ့ မီးဖက်ဆီအပြည့်ထည့်ပြီး သယ်ခဲ့ကြကွာ၊ သန်းအောင်နဲ့မြင့်ထွန်းကိုပါ ခေါ်သွားတစ်ပါ တည်းထမ်းခဲ့ကြ. . . "

' ဖဲထုပ်ဝယ်ခဲ့ရဦးမလား. . . ဝယ်စရာလိုရင် ပိုက်ဆံပေး လိုက်လေ၊ ကျုပ်တို့ဝယ်ခဲ့မယ် "

" မလိုဘူး. . . "

" ဖဲထုပ်အပိုက ပါကင်လိုက်ပါပြီးသား "

" ဟုတ် "

" ဟုတ် "

" ကျုပ်ရောလိုက်သွားရမလား ကိုဖောကြီး . . . ဟိုလေ အရက်လေး. . . ဘာလေး "

အရက်သမားဗိုလ်ဌေးက မဝံ့မရဲအဆိုတင်သွင်း၏။

" အရက်သမားက ဒါတော့သတိကောင်းသားပဲ လိုက်စရာ မလိုဘူးဗိုလ်ဌေး. . . မင်းက ကိုဖိုးထောင်နဲ့လိုက်သွားရမယ်။ ကိုဖိုးထောင်ရေ ဆန်၊ ဆီ၊ ဆား ထင်းကအစ ကွမ်းဆေး လက်ဘက်၊ အရက်မကျန်ဝယ်ခဲ့ဗျာ၊ ကျုပ်ပိုက်ဆံအလုံအ လောက် ပေးလိုက်မယ်။ ဈေးစာရင်းတော့ အတိအကျရေးခဲ့ ရပ်ကွက်လူကြီး ဦးဘရှင် ဆီလည်းဝင်ပြောခဲ့ဦး. . . ခင်ဗျား

ကြယ်စင်လင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမ မဝင်းမေ မသာဝိုင်းကို ကျုပ်ကိုင်တယ်လို့ ပြောခဲ့နော်. . . ”

“ မမေနဲ့ဦး အရေးကြီးတယ်. . . ”

“ လိုသမျှ ဒန်အိုးကအစ ရေနွေးကရား၊ လက်ဘက်ပန်းကန်၊ ထမင်းပန်းကန်၊ ရေနွေးပန်းကန်၊ ဇွန်း. . . လိုသမျှ ဦးဘရှင်အိမ်ကပဲငှားခဲ့. . . ”

“ ကဲကဲ သွားတော့ သယ်ဖို့ပိုးဖို့လူလိုရင်လည်း ဦးဘရှင်ကိုပဲခေါ်ပေး ဖို့ပြောလိုက်. . . ပြောလိုသာပြောရတာပါ ဒီမသာဝိုင်း ကျုပ်ကိုင်မှန်းသိရင် ဦးဘရှင်ကြီး ကိုယ်တိုင်မလာဘဲမနေနိုင်ပါဘူး”

“ ရော့. . . ”

“ ပိုက်ဆံယူသွား မြန်မြန်သွား မြန်မြန်ပြန်ခဲ့ကြ။ ကျုပ်ဖိတ်ထားတဲ့ ဧည့်သည်တွေရောက်တော့မယ်ဗျ။”

အသုက်ပျောက်နေသူ မဝင်းမေအလား တုတ်တုတ်မှမလှုပ်ခြောက်ကပ်နေသော တဲကလေးသည် ဖောကြီးရောက်လာမှပဲ အသက်ပြန်ဝင်လာတော့သည်။

အိုးငှားသူငှား၊ ဖျာသယ်သူသယ်၊ ရေနွေးတည်သူတည်၊ အရက်ဝယ်သူဝယ်၊ ကြက်ကိုင်သူကိုင်. . . မြိုင်ဆိုင်သွားလေ၏။

ဖောကြီးကတော့ အမိန့်ရပွဲ၏ ကန်ထရိုက်တာပီပီ မီးနေသည် မသာဘေးမှာ ခန့်ခန့်ကြီးပွဲတော်ဘည်နေလေ၏။

အရက်ကတော့ သူများနည်းတူ စက်ရုံထုတ်ဘီအီးပေမယ့်အမြည်းက ဖွယ်ရာလှသည်။

လယ်ကြွက်ကင် ပင်စိမ်းရွက်အုပ်ပြီး နိုင်နိုင်လေးကြော်၊





ငုံးသားကောင်၊ နွားနို့ခဲကြော်၊ ပဲကြီးနှပ်ဆီစိမ်၊ နှမ်းဖတ်ချဉ်သုတ်၊ မှိုကျောက်ခဲ တောင်ပျားသလက်ကြော်၊ ပုဇွန်ခြောက်သုတ်နဲ့ လက်ဘက်ပွဲတို့ဖြင့် တရုတ်ပြေးမင်း၏ ပွဲတော်စာအလားစုံတကာစေ့နေ၏။

တပည့်ကျော်ငပွား ဟိုအိမ်သည်အိမ်၊ တောင်အိမ်မြောက်အိမ်၊ ဘယ်ဖက်ခြမ်းအိမ်၊ ညာဖက်ခြမ်းအိမ်၊ ခြေရင်းအိမ်၊ ခေါင်းရင်းအိမ် တို့မှ စုစပ်၊ ဆွဲစေ့ စီစဉ်လိုက်သော အမြည်းစုံဟင်းလျာများသာဖြစ်သည်။ ကောင်းပေ့ညွန့်ပေ့ဆိုတာတွေကို ရွေးချယ်ကာ ဆရာဖောကြီး အတွက် အရေးပေါ်ဖန်တီး လိုက်ရသည်။

“ တယ်စွမ်းလိုက်ပါလား ငပွားရဲ့ ”

အမြည်းခွက်တွေကို မေးငေါ့ရင်းပြောတော့ ငပွားမျက်နှာဝင်းထိန်သွား၏။

“ ဆရာဖောကြီးရဲ့တပည့်ပဲလေ. . .

“ အဟဲ . . ဟဲ. . . ”

“ ကောင်းတယ်. . . ”

“ သိတတ်တဲ့တပည့် ဆုချရမှာပေါ့ . . ရော့ ”

ဘောနပ်(စ်)ခေါ်မလား တစ်(ပ်)မန်းနီးခေါ်မလား၊ အိတ်စတရာ မန်းနီး ခေါ်မလား ခေါ်ချင်ရာသာခေါ်တော့ မသာဖောကြီးသူ့တပည့် ငပွား၏အိတ်ထောင်ထဲ ငါးရာတန်တစ်ထပ် မထူလွန်း၊ မပါးလွန်းကို ထိုးထည့်ပေးလိုက်၏။

ငပွားမျက်နှာ စောစောကထက် ပိုချိုသွား၏။

“ ခိုင်းတယ်တော့မထင်နဲ့ ငပွားရာ ယမ်းထိပ်မှာ ဧည့်သည်(ဖဲသမားများ) တွေကြိုဖို့လွှတ်ထားတဲ့ ခါးပိုက်နှိုက် ကြေး. . .က



www.burmeseclassic.com

www.burmeseclassic.com

သိပ် ရှည်လည်တာမဟုတ်ဘူး. . . "

" မင်းလိုက်သွားပါကွာ. . . "

" ဟုတ်ကဲ့ "

" ဆရာဖောကြီး၊ ဆရာ့ကိုတစ်ခွက်ဌှဲ့ပေးပြီးရင် တပည့်သွားမှာပါ"

" မသိရင်ခက်မယ် မင်းသောက်ချင်သေးလို့မဟုတ်လား၊ ကဲ ငှဲ့ပေး. . . "

" မင်းလည်းသောက် ပြီးရင် အမြန်သွား. . . "

" အလုပ်က အရေးကြီးတယ်၊ ငါဒီပွဲကိုတော်တော် မျှော်လင့်ထားတာ ရေခင်းထားတာလည်း တော်တော်များတယ်၊ အရှုံးမခံနိုင်ဘူး။

" ဆရာက မသာဖောကြီးပဲ မသာဝိုင်းမှန်ရင် ဆရာဖောကြီးတို့ ရှုံးတဲ့ရာဇဝင် ရှိဖူးလို့လား. . . "

ဖဲသမားမယား၊ နွဲ့သမားပါးလို ဖောင်းတစ်ခါပိန်တစ်လှည့်ရှိတာ ဓမ္မတာမှန်ပါလျှက်

မြှောက်ပေးတဲ့လူက မြှောက်ပေး. . . ( . . . )တက်အောင်ကတဲ့လူက က။ ဟုတ်တော့ဟုတ်နေကြ၏။

" ဒါတော့ ဒါပေါ့ကွာ. . . "

" အဟီး. . . "

" ဒီပွဲမှာသက်ကြီးသမားတွေများမှာ ဆိုတော့. . . တော်တော်ခိုင်မှာကွ၊ ငါအကြမ်း ဖျင်းတွက်ကြည့်ပြီးပြီ မင်းနဲ့ကတုံး အလုပ်လုပ်တာ မပေါ့နဲ့ "

" ရိုရိုသေသေ လေးလေးစားစားဆက်ဆံ ပြဿနာမဖြစ်စေနဲ့။ ငါ့အပေါ်သစ္စာရှိ အကောက်ပိုက်ဆံ အကုန်အပ်၊





ငါကလည်း မရိုင်းပါဘူးကွာ၊ ဝေစားမျှစား စားမှာပေါ့"

" စိတ်ချပါ ဆရာဖောကြီးရယ် ပွေား ဆရာဖောကြီး အပေါ်ဘယ်တုန်းက သစ္စာဖောက်ဖူးလို့လဲ. . . သွားမယ်ဆရာ"

" အရေးကြီး တဲ့ညှေ့သည်တစ်ယောက် လွတ်သွားရင် ဆရာ့ဘတ်ဂျက်အများကြီး ထိခိုက်သွားနိုင်တယ်"

" သွားမှ . . . ခါး . . . ကတုံးကစိတ်ချရတာ မဟုတ်ဘူး. . . "

" လည်တော့မလိုလိုနဲ့အူတာ၊ စခန်းမှူးကို တောသူကြီးမှတ်ပြီး ခါးပိုက်နှိုက်မိလို့ ဝင်ခဲ့ရသေးတာ၊ ဒါလည်း . . . အူနေတုန်းပဲ"

လေကြောရှည်နေသော ပွေားကို ဖောကြီးတစ်ချက်စိုက်ကြည့်လိုက်မှ လှစ်ခနဲထပြေးလေသည်။ ပွေားဆိုတဲ့ကောင်ကလည်း ပွားရမည် ဆိုနှစ်ယောက်မရှိ။ မသာဖောကြီး၏ တပည့်ဆိုတာတံဆိပ်ပင်ကပ်ပြ စရာမလိုအောင်ပေါ်လွင်သည်။

ဖောကြီး အရက်မော့လိုက်၊ အမြည်းပန်းကန်စုံအောင်နှိုက်မြည်းလိုက်နဲ့ ချက်ချင်းသွေးနွေးမူးရီလို့လာ၏။

ဆိတ်ငြိမ်လွန်းသော ဝန်းကျင်မှာ ဖောကြီးပန်းကန်သံ၊ ဇွန်းသံတွေ ထပ်နေ၏။

အိမ်အပြင်ဖက်မှာ လုပ်သူကိုင်သူတွေရှိကြပေမယ့် ဒီအိမ်လေးအတွင်း မှာတော့ လူသေကောင်နဲ့ဖောကြီး နှစ်ဦးတည်းသာ ရှိနေသည်။

ဖောကြီးကို အထူးတည်နေရာပေးခြင်းဖြစ်သည်။

ပင်စိမ်းနံ့သင်းသော ကြွက်ကြေဒီကို အရိုးပါ မချန်အရသာခံဝါးနေစဉ် နှစ္စင်းနံ့ပြင်းပြင်း နှာခေါင်းဝသို့ လုံးဆော့ဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖောကြီးအကြည့် လူသေအလောင်းဆီရောက်သွားသည်။

တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး နန္တင်းတက်သွေးလိမ်းထားသည့် လူသေကောင်၏ ဝမ်းဗိုက်နေရာက အဆမတန်ဖောင်းကားနေသည်မှာ ကြည့်ရတဲ့ဖောကြီး တောင်အသက်ရှုကျပ်လာ သည်။ ကလေးမမွေးနိုင်လို့သေတာဖြစ်မည်။

အခုထက်ထိ ဗိုက်လည်းမခွဲကြ။ ဆောင်းတွင်းမို့တော်တော့သည်။ နွေဖက်သာ ဒီမသာတစ်ည အိပ် ထားလျှင် ပုတ်စော်နံလို့ ဖဲထိုင်ရိုက်ဖို့ပင် လွယ်မည်မထင်။

ဖောကြီးအကြည့် လူသေကောင်၏ မို့အစ်ဖူးရောင်မျက်နှာဆီ ခပ်ကြာကြာလေး စူးစိုက်နေမိစဉ်...

လူသေကောင် မျက်လုံးဖျပ်မနဲပွင့်ကာ သူ့ကိုပြူးပြူးကြီးကြည့်နေ၏။

ဖောကြီး ဖြင်းခနဲကျောတွန့်ကာ နောက်ဖက်သို့လန့်ခုန်လိုက်သည်။

လူသေကောင် ဝင်းမေ၏ ပြူးလည်နေသော မျက်လုံးကြီးက သူ့လှုပ်ရှား သမျှကို မျက်ခြေမပြတ်လိုက်ကြည့်နေလေသည်။

ဖောကြီးထွက်ပြေးဖို့ သတိရပေမယ့် ထွက်မပြေးရဲ အိမ်တံခါးက လူသေကောင်နဲ့အနီးဆုံးမှာ ရှိနေသည်။ အခြားတံခါးလည်း တစ်ချပ်မှမရှိ။

မသာမကြောက်သည့် ဖောကြီး ဒီမသာကိုတော့ ကြောက်နေမိသည်။

ခြေဖျားလက်ဖျားတွေအေးစက် ချွေးသီးချွေးပေါက်တွေ ရုတ်ချည်းပင် မျက်နှာအနှံ့သီးတက်လာ၏။

ဒူးတွေက နတ်ဝင်သည့် နတ်ပူးနေသလို တဆတ်ဆတ်





တုပ်ခါ ယိမ်းထိုး လျှက်ရှိသည်။

မသာကောင်၏ မျက်လုံးကြီးက ပြူးကျယ်စူးရဲစွာ သူ့ကိုကြည့်နေဆဲဖြစ်သည်။

"ကိုဖောကြီး ဘာလိုလို့လဲဟင်..."

မသာရှင်ကိုဖိုးထောင်၏ အရေးတယူမေးခွန်းနဲ့ အပြေးအရောက်မှာ...

"ဟို..."

"ဟို..."

အလောင်းကောင်ကို လက်ညှိုးထိုးပြလိုက်၏။ ဖောကြီး စကား တစ်ဝက်တစ်ပြက်နဲ့ ရှေ့မဆက်နိုင်တော့ပေ။

အဘယ်ကြောင့်ဆိုသော် လူသေကောင်၏ မျက်လုံးသည် ပုံမှန်အတိုင်း ပိရိတင်းစေ့နေသောကြောင့်ဖြစ်သည်။

စောစောက သူ့ကိုယ်တိုင်လက်တွေ့မြင်ခဲ့ရသည်။ အခုတော့ နဂိုမူလ အတိုင်းပိတ်နေ၏။

"ဝင်းမေ..."

"ဝင်းမေ ဘာဖြစ်လို့လဲဗျ။ ဝင်းမေဘာဖြစ်လို့လဲ ပြောပါဦး ကိုဖောကြီး..."

ဖောကြီးခေါင်းထဲမှာ ပြောထွက်တော့မည့်စကားအတွက် မီးနီပြလေပြီ။

အကယ်၍ ဖောကြီးအမှန်အတိုင်းပြောပြလိုက်ပါက ပွဲလန့်သွားပြီး ဖဲဝိုင်း ပျက်သွားနိုင်သည်။ ဖောကြီးအရင်းရှုံးလိမ့်မည်။

"ဟိုလေ..."

"ဗိုက်မခွဲဘဲနဲ့ အထားခံပါ့မလားမသိဘူးနော်..."

"အဲဒါလေးတော့ သည်းခံပါ ကိုဖောကြီးရယ် ဗိုက်ခွဲမွေး


www.burmeseclassic.com

www.burmeseclassic.com



ရမှာကြောက်လို့ အသေတောင်ခံသွားရှာတာဗျ။ ပုတ်စော်နံရုံမကဘူး၊ တစ်ရပ်ကွက်လုံး နေမရရင်တောင် ကျုပ်မိန်းမဗိုက်ကို မခွဲသေးဘူး. . . ”

ကိုဖိုးထောင် ဒေါ်ကြီးမောကြီးပြော၏။

“ ဒါပေါ့လေ. . . ”

“ ဟုတ်တာပေါ့၊ ဘယ်ခွဲသင့်မလဲ သွားလေသူရဲ့ဆန္ဒအတိုင်းဖြစ်တာကောင်းပါတယ်. . . ”

“ ကျွန်တော်ကတော့ ကိုဖိုးထောင် ဆန္ဒနဲ့ထပ်တူပါဘဲ” ဖောကြီး. . .

အလောတကြီးပင် ဖာဖာထေးထေး ဖောထည့်လိုက်သည်။ ကိုဖိုးထောင်ချက်ချင်းကြည်လင်သွား၏။ ဖောကြီးဆိုတဲ့နာမည်နဲ့အညီ ဖောတတ်တဲ့ ဖောကြီးပဲလေ. . . ဖိုးထောင်လို လူရိုးလူအတစ်ယောက်ကို မပြောနဲ့ဦး လူလည် ပန်ကာတွေတောင် ဖောကြီးနဲ့တွေ့ရင် မျောသွားရတတ်သေးတာကိုး. . .

ထိုအချိန်မှာ မီးစက်ထမ်းတဲ့အဖွဲ့ ရောက်ချလာသလို ဆိုင်ကယ်သံအလျှိုလျှိုနဲ့ ဖဲသမားတွေ တဖွဲဖွဲရောက်လာကြသည်။

ရှိုးဝိုင်း၊ တွမ်တီဝမ်းဝိုင်း၊ ဘူကြီးဝိုင်း၊ ရှမ်းကိုးမီးဝိုင်း။ အုန်းယီးဝိုင်း၊ ဂျော်ကာဝိုင်း၊ ရာရှင်ပူးဝိုင်း၊ ဟောလီးဝိုင်း. . .

ဖဲဝိုင်းတွေ ခရိုးခယိုင်အိမ်ကလေးရှေ့မြေကွက်လပ်မှာ ပြည့်လျှံစည်ကား သွားလေပြီ။

ဖောကြီး၏တပည့်ရင်း ပွှားနဲ့ကတုံးတို့ဦးစီးတဲ့ အကောက်အဖွဲ့လည်း ကွမ်းဆေး၊ လက်ဘက်၊ အရက်၊ ထမင်းချပေးရ၊ အကောက်ပိုက်ဆံသိမ်းရ၊ ဆိုင်ကယ် သော့ပေါင်သူ၊ ဆွဲကြိုး၊ လက်စွပ်စက်ဘီးပေါင်သူတို့အတွက် ဆရာဖောကြီးထံမှ ငွေထုတ်ချေးခြင်း





ချက်ခြင်းနိုင်ကာ ပြန်ဆပ်သူတို့၏ ရွှေးငွေတွေ ဆရာသမားထံ ပေးခြင်း၊ ပြန်စရိတ်မရှိသူတို့အတွက် ကားခထုတ်ပေးခြင်းတို့ကို ဖယ်ဆတ်သလို မနားတမ်းအလုပ်ရှုပ်နေကြသည်။

ဆရာဖောကြီးသည်ကား အိမ်စုတ်လေးထဲရှိ အလောင်းကောင်အနီးမှ တစ်ဝိုင်းတည်းသော ဟောလီးဝိုင်းမှာ အမြည်းစုံစုံ အရက်သောက်ရင်း ပီတိတွေ ဖြိုင်ဖြိုင်ဝေလျှက်ရှိသည်။ ဒူးများပင်နန့်လို့။

မှန်းချက်ထက်ပင် နှမ်းထွက်နှုန်းက ပိုကောင်းနေသည်ပဲလေ၊ ပျော်ပြီပေါ့။

ဝိုင်းသားတွေဝိုင်းဝန်းအားပေးမှုကြောင့် ကောင်းနိုးရာရာ အမြည်းများ. . . တက်တက်ပြောင်သွား၏။ နှမ်းဖတ်ချဉ်နဲ့ လက်ဘက်ပွဲပဲကျန်တော့သည်။ ကြက်သား ကာလသားချက်က မနူးသေးလို့ရောက်မလာသေးပေ။

“ ဖောကြီးရေ. . . ”

“ တစ်ညတည်းနဲ့ တော်တော်ခိုင်နေပြီ. . . ”

“ ကြက်ခြောက်ကြော်လေး၊ မာလာဟင်းလေးမှာကွာ”

“ ဟုတ်တယ်. . . ”

“ ကိုဖောကြီးရာ. . . ”

“ ကျုပ်လည်းသုံးပုလင်း လောက်ရှိနေပြီ။ နှမ်းဖတ်ချဉ်အမြည်းနဲ့မတန်သေးဘူး. . . ”

“ ဝိုင်းတွေသာစည်နေတာ အကောက်ကထင်သလောက်တက်မလာသေးဘူးကွ. . . ”

“ ကျုပ်ခင်းထားတဲ့ရေရဲ့ အဖျားအနားတောင် ပြန်မ[illegible]မိသေးဘူး။ စိတ်ချပါ ဖောကြီးကလက်မတွန့်ပါဘူး။[illegible]ပြန်



www.burmeseclassic.com

www.burmeseclassic.com



ညမင်းတို့ စိတ်ကြိုက်ရစေရမယ်"

" အခုတော့ ကြက်သားဟင်း လည်းနူးတော့မှာပါ၊ လောလော

ဆယ် နှမ်းဖတ်ချဉ်လေးက ခံတွင်းရှင်းပါတယ်"

ဝိုင်းသားတွေကြေနပ်အောင် ဖောကြီး ရှောင်တိမ်းရှင်းပြရင်း အရက်တစ်ခွက် မော့လိုက်၏။ နှမ်းဖတ်ချဉ်တစ်ဇွန်းပါး စပ်ထဲသို့ ထိုးသိပ်မြှုံ့နေသည်။

ဘေဖဲတွေချခင်းပြီး ဖဲကပ်ပစ်ခါ တူးကဒ်မခေါ်လိုက်သည်။

နှစ်ချပ်ထဲမှာ တစ်ချပ်သာပို၏။ တစ်ချပ်က ဘေဖဲ။ ဘေဖဲ စမ်းနေပြီ၊ ဘေဖဲတက်ရင်ပွဲသိမ်း။ တစ်ယောက်က ခင်းပင်မခင်းနိုင် သော။

ဖောကြီးပြူးစစ မျက်လုံးတွေ ဖဲချပ်တွေဆီနေ၍ အလောင်း ကောင်ဆီ ဝေ့ဝဲရောက်သွား၏။

မျက်လုံးတွေပြူးကျယ်ရလေပြီ။

အလောင်းကြီး၏ မျက်လုံးအစုံက ဖောကြီးကိုစိန်းစိန်းစူးစူးကြီး ကြည့်နေ၏။

" မျက်လုံးကြီး. . . "

"မျက်လုံးကြီး. . . "

လက်ညှိုးထိုးပြီး ဖောကြီးဗလုံးဗထွေးပြောတော့ ကျန်နှစ် ယောက်က အလောင်းကြီးဆီပြိုင်တူလှည့်ကြည့်ကြသည်။

" ဟာ. . . "

" ဘာဖြစ်လို့လဲ ဖောကြီးရ. . . "

" ကြောက်နေတာလား"

" အေးလေ"

" မသာဖောကြီးလုပ်နေပြီး မသာကောင်ကို ကြောက်သေး





တာလား. . . "

" ဘာမျက်လုံးလဲ. . . "

" အမြည်းကုန်လို့ အလောင်းကောင်မျက်လုံး မြည်းချင် တာနဲ့တူတယ် . . . မလုပ်နဲ့ဗျို့ ကိုဖိုးထောင်က လူသာ အေးတာ လက်သီးကောင်းတယ်နော်. . . "

အတူထိုင်ဝိုင်းသားနှစ်ယောက် လှည့်ကြည့်သည်နှင့် အလောင်း ကောင်၏မျက်လုံးတွေက ပြန်မှိတ်သွားပြန်သည်။

ဖောကြီးကြောက်စပြုလာပြီ ပထမတစ်ခါ၊ အခုတစ်ခါ အလောင်းကောင် မျက်လုံးပြူးပြီးကြည့်ခဲ့တာ သူမျက်စိမမှားနိုင်ပါ။ အရက်လည်း အလွန်အကျွံ မူးသေးသည်မဟုတ်။

" ဝင်းမေ မျက်လုံးမြည်းချင်ရင် ဖိုးထောင်လက်သီးအဆစ်ရမှာ ဖောကြီးရ

" ဟား. . . "

" ဟား. . . "

" ဟား. . . "

ဝိုင်းသားနှစ်ယောက် အားရပါးရရယ်နေကြပေမယ့် ဖောကြီး မရယ်နိုင် ပါးစပ်ထဲမှ နှမ်းဖတ်ချဉ်ကိုသာမြှုံ့နေရ၏။

ဖောကြီးစိတ်ထဲ သရိုးသရီးခံစားနေမိသည်။

နှမ်းဖတ်ချဉ်ထဲမှာ ကြက်သွန်ဥလည်းမပါ၊ ကြက်သွန်မြိတ် လည်းမပါ၊ အဖြူထည် ဆီဆမ်းထားပါလျှက် ဘယ်လိုကဘယ်လို ခိုးလိုးခုလုအဖတ်က ပါလာပါလိမ့်. . .

ဘာရယ်မသိ ဖောကြီးဆက်ဝါးနေမိ၏။ တစ်ကျိကျိနဲ့သာ ဝါးနေရ၏။ ထိုအဖတ်ကားမညက်နိုင်။

ဝါးရင်းနဲ့ ထိုအဖတ်က ပါးစပ်ထဲမှာတင် ကြီးလာသည်



www.burmeseclassic.com

www.burmeseclassic.com



ထင်ရ၏။

ဖောကြီးသံသယဝင်လာကာ ပါးစပ်ထဲမှ ထိုအဖတ်ကို အနီးရှိ ကွမ်းတံတွေး ခွက်ထဲသို့ ထွေးထုတ်လိုက်၏။

" ထွီ. . . "

မကြေညက်နိုင်သော ထိုအဖတ်ကို အသေအချာကြည့်လိုက်ရာ မသာကောင် ၏စူးစိန်းစိန်းမျက်လုံးကြီး ဖြစ်နေတော့သည်။

" အား . . . "

" မျက်လုံး . . . . "

" မျက်လုံး နှမ်းဖတ်ချဉ်ထဲမှာ လူသေကောင်မျက်လုံးကြီး ပါလာတာ. . . "

ဖောကြီးအော်သံကျယ်ကျယ်ကြောင့် အိမ်အပြင်မှ လူတွေ အိမ်ထဲသို့ တိုးဝှေ့ရောက်လာကြသည်။

" ဘယ်မှာလဲ. . . "

" ဘယ်မှာလဲ. . . "

" မျက်လုံးကြီး. . . "

" မျက်လုံးကြီး. . . "

ဖောကြီးကတော့ အသံပြာအောင်အော်နေတော့သည်။

တပည့်ကျော်ပွေး လက်ရဲဇက်ရဲနိုင်စွာ ကွမ်းတံပွေးခွက်ထဲမှ သူ့ဆရာ လက်ညှိုးညွှန်ပြသည့် မျက်လုံးကိုဆွဲယူလိုက်သည်။

ဆုပ်ထားသော ပွေးလက်ဖြန့်လိုက်သည်တွင် ကြည့်နေသူ အားလုံးထဲမှ အာမေဋိတ်သံကျယ်လောင်စွာ ထွက်ပေါ်လာတော့ သည်။

" မျက်လုံးကြီး "

သို့သော် ထိုမျက်လုံးသည် လူ့မျက်လုံးမဟုတ်ပါ။ အမွေးပွ





အရုပ်ကြီးတစ်ရုပ်၏ ရာဘာမျက်လုံးတစ်လုံးသာဖြစ်သည်။

ငိုပွဲထက်ရယ်ပွဲဖြစ်လို့မှ မဆုံးခင်. . .

အကြောက်မပြေသေးသောဖောကြီး မသာကောင်ဆီ မဝံ့ မရဲ ကြည့်လိုက်၏။

" ဒူး. . . "

" ဒူး. . . "

" အမလေးဗျ ဒူး "

" ဟာ လူသေအလောင်းကြီး ဒူးထောင်နေပြီဟေ့ "

ထွက်ပြေးသူပြေးကြပေမယ့် ပွေးနဲ့ကတုံးကတော့ ထောင်နေ သည့်လူသေအလောင်း၏ ဒူးကိုပြန်ဆန့်ကာ ခပ်သွက်သွက်ပင် နဂို အနေအထားအတိုင်း ပြန်ထားလိုက်၏။

အိမ်ထဲမှာရှိသမျှသူကခပ်နည်းနည်း အပြင်မှာက လူအများ၊ အပြင်က လူတွေ အိမ်ထဲဝင်ကြည့်ချိန်မှာ လူသေကောင်က ပုံစံမပျက် သည်မို့. . . ထွက်ပြေး သူများကိုပင်. . .

" တော်တော်သူရဲဘောကြောင်တဲ့ကောင်တွေဟု ကျန်ရစ်သူ တွေက လှောင်ပြောင်သရော်သည် "

" အလကား ကြောက်ကြတာပါဗျာ ကျုပ်မိန်းမဒူးက ဘာကိစ္စ ထောင်ရမှာလဲ. . . "

ဟု ကိုဖိုးထောင် စုံမှိတ်ငြင်းနေပေမယ့် အသံကတုန်ချင်ချင် မျက်နှာက ခပ်ပျက်ပျက်။

ဖောကြီးတို့အဖွဲ့ ဝိုင်းမပျက်ရေး ဝိုင်းဝန်းထိန်းသိမ်းကြသည့် တိုင်အောင် ကြောက်တတ်သူတို့ထွက်ပြေးကြသည်မို့ နှစ်ဝိုင်း၊ သုံးဝိုင်း လောက်ပျက်သွားသည်။ လူမစုံတော့ လက်ကြီးသမားတွေကလည်း ပြန်မည်တကဲကဲ. . .



www.burmeseclassic.com

www.burmeseclassic.com

" ဘာမှမကြောက်ကြပါနဲ့. . . "

" ပဋ္ဌောတာရုံကျောင်းဆရာတော် လွှတ်လိုက်လို့ ကိုရင်ကြီး ငါးပါး ရောက်လာပါပြီ. . . "

" ဖောကြီး မင်းအလုပ်မင်းဆက်လုပ်ဟေ့ ငါဖဲ့သမားတွေပါ ထပ်ခေါ်လာခဲ့တယ်၊ ဝိုင်းဆင်ပေးပါဟ "

" ဟာ. . . "

" သူငယ်ချင်း သက်ပြင်း . . . "

" ကျေးဇူးတင်လိုက်တာကွာ "

" ဘယ်လိုက ဘယ်လိုသိ. . . "

" ငါ လမ်းထိပ် လက်ဘက်ရည်ဆိုင်က သတင်းရလို့ အခုလို လုပ်လိုက်တာပဲ "

" ကျေးဇူးပဲ . . . သက်ပြင်းရာ လာကွာ အိမ်ပေါ်တက် ငါ့နား လာကွာ၊ ကိုရင်ကြီး တွေရော ဒီနားကြွကြပါဘုရား၊ ကိုဖိုးထောင် ကိုယ်တော်တွေကို အအေးကပ်ရအောင် စီစဉ်ပါဗျာ. . . ငပွားရေ. . . အပြင်မှာ ဝိုင်းသစ်ဆင်ပေးလိုက်ကွာ. . . ဧည့်သည်တွေအတွက် လိုလေသေးမရှိဂရုစိုက်ဟေ့. . . "

ဖောကြီး အကြောက်မပြေသေးသော်လည်း ငွေမျက်နှာကြောင့် အစီအစဉ်တွေ ဆွဲရဲပြနေသည်။

" ဘုရားတပည့်သားသံဃာတွေရောက်လာမှတော့ မပူပါနဲ့တော့ ဒကာကြီးရယ်. . . "

ရင်းနှီးနေသော ကိုရင်ကြီးစန္ဒိမာက ဖောကြီးနှင့်စကားစပ်၏။

" ဒါပေါ့ ကိုယ်တော်ရယ် ကိုယ်တော်တို့ရောက်လာမှတော့ တပည့်ကော် ဘာမှ မကြောက်တော့ပါဘူး. . . "





ပြောလို့သာပြောရ၏။ ဖောကြီးအကြည့်က မသာကောင်ဆီမှ လုံးဝရှောင် လွှဲထားမိသည်။

တချို့ကြောက်တတ်သည့်ဖဲသမားတွေလည်း အလောင်းနားမှာ ကိုရင် ငါးပါးရှိနေ၍ ဂိတ်လုံသွား၏။

ကိုရင်ကြီးငါးပါး၊ ဖောကြီး၊ သက်ပြင်းနှင့် မသာရှင် ကိုဖိုးထောင်တို့ အအေးပုလင်းကိုယ်စီနှင့် ကိုရင်ကြီးတွေအတွက် ညဂျင်းသုတ် ကပ်ပေးပြီး သူတို့အတွက်တော့ ကြက်သားကာလသားဟင်း ပူပူလေးကို ထမင်းနဲ့ကျွေးနေကြ၏။

ကိုရင်ကြီး ဦးစန္ဒိမာတို့ကလည်း ရင်းနှီးနေပြီးသားလူတွေမို့ လက်မနှေး ဘုဉ်းပေးကြသည်။

" ဒကာကြီးတို့ဘာမှ မစိုးရိမ်ပါနဲ့ ပြီးရင် ကိုရင်ကြီး ပရိတ်ရွတ်ပေးပါ့မယ် ပရိတ်ဆိုတာအရံအတားပဲ. . . "

" သီလ၊ သမာဓိ၊ ပညာကြီးတဲ့ သံဃာတော်ကြီးတွေ ရွတ်ရင် ပရိတ်အိုးတွေတောင် ပွက်ထလာသတဲ့ "

" မှန်လှပါ့ ကိုရင်ကြီး . . . "

" ကိုရင်ကြီးရွတ်လို့ပရိတ်အိုးမဝေလဲ. . . တပည့်တော်တို့ ကိုရင်ကြီးကိုအကြည်အညိုမပျက်ပါဘူးဘုရား "

သက်ပြင်း စကားထောက်ပေး၏။

" ဒါပေါ့ ဒကာကြီးသက်ပြင်းရယ်. . . "

" ပုဂ္ဂိုလ်ခင်တော့တရားမင်သတဲ့. . . ပရိတ်အိုးဝေတာ မဝေ တာထက်. . . "

" ဟာ. . . "

" မီးပြတ်. . . "

ကိုရင်ကြီးပြောနေစဉ် မီးစက်က ချောင်းတဟွတ်ဟွတ်


www.burmeseclassic.com

www.burmeseclassic.com

ဆိုးကာ ထိုးရပ်သွားလေသည်။

" သူငယ်ချင်း "

" ငါရှိတယ် "

" ထပြေးနဲ့နော်. . . "

မှောင်ကြီးမည်းကြီးထဲမှာ ဖောကြီး သက်ပြင်းလက်ကို ဆုပ်ကိုင်ကာ အားပေးနေသည်လား. . .

သို့တည်းမဟုတ် အားကိုးနေသည်လားတော့မသိ၊ အသံကတော့ပြာတာတာ အက်တက်တက်။

သက်ပြင်းလည်း မမြင်ရသည့်အမှောင်ထဲ ဟိုသည်ကြည့်ရင်း ကျောမလုံတော့ပါ။ သူကျောဖက်မှာက လူသေအလောင်းကြီးက တစ်တောင်ထက် ပိုမဝေး. . . နီးနီးစပ်စပ်၊ ကပ်ကပ်ချပ်ချပ် လူသေကောင် ဒူးကြီးထောင်ထလာသည့်သတင်းကိုလည်း အတိအကျ ရထားသောကြောင့် အရဲကိုးပြီးလာခဲ့သည်တိုင် ခပ်လန့်လန့်။

ဟော. . . အခုမီးပြတ်သွားသည်။

ဒါတိုက်ဆိုင်မှု လား. . .

သို့မဟုတ်. . .

အတွေးမှမဆုံးခင် နန္ဒင်းနံ့တွေနှာခေါင်းဝသို့ ဆောင့်ထိုးဝင်လာသည်။ ကျောပြင်တစ်လျှောက် ခူယားတွေတက်လာသလို ဖြစ်လာ၍ ကိုရင်ကြီးအနီးတိုးကပ်လိုက်စဉ် တော်သေး၏။

မီးချောင်းကဖျပ်ခနဲပြန်လင်းလာ၏။

" ကျုပ်ပရိတ်ရွတ်ပေးရမလား. . . "

ကိုရင်ကြီးအမေးကို သက်ပြင်းမဖြေအားပါ။

သက်ပြင်း အသားတွေတဆတ်ဆတ်တုန်လာလေသည်။

အဘယ်ကြောင့်ဆိုသော်. . .





" ပရိတ်အိုးကြီး. . . "

" ပရိတ်အိုးကြီး. . . "

ပါးစပ်ထဲမှကြုံရာပြောကာ သူတို့အားလုံးဝိုင်းဖွဲ့ထိုင်နေသည့် အလယ်မှာ ရောက်နေသော ရေအပြည့်သောက်ရေအိုးကြီးတစ်လုံးကို လက်ညှိုးထိုးပြနေတော့သည်။

" ပရိတ်အိုး. . . "

" အမလေး. . . "

" ကြောက်ပါပြီဗျ . . . "

ကိုရင်ကြီးတွေလည်း ပရိတ်မရွတ်နိုင်တော့သလို ဖောကြီးလည်း ဘာမှမစဉ်းစားနိုင်တော့ဘဲ အိုးပြည့်အိုးလျှံရေအိုးကြီးကို ကျော်လွှား ခုန်ပေါက်ကာ အိမ်ထဲမှထွက်ပြေးသည်။

ကိုရင်ကြီးလည်း မခိုင်သည့်ထရံတွေကို တွန်းချိုးကာ ထွက်ပြေးလေသည်။

သက်ပြင်းလည်း ရေအိုးကြီးကိုလန့်ဖျတ်ပြီး နောက်လှည့်အကြည့် မျက်လုံး ကြီးပြူးကျယ်ကျယ်၊ စိန်းဖန့်ဖန့်တို့ဖြင့် သူ့ကိုကြည့်နေသော လူသေအလောင်းနှင့် ပက်ပင်းတွေ၏။

" အောင်မလေး. . . "

" မျက်လုံးစိမ်းစိမ်း "

ဝုန်းခနဲ ဘယ်လိုတွေမြေလျှိုးမိုးပျံခဲ့သည် မသိနိုင်တော့ပေ. . .

ထိုအချိန်က သက်ပြင်းပြောသော မီးနေသည် မသာအကြောင်းကို စဉ်းစားမိရင်း. . . သူမအနီးရှိ မီးနေသည်သရဲမအကြောင်းကို ဆက်စပ်နေစဉ်. . .

" ဟုတ်တယ် အိတ္တာ. . . "



www.burmeseclassic.com

www.burmeseclassic.com

" အဲဒီ မီးနေသည်မသာဟာ ငါပဲ "

အေးစက်စက် မီးနေသည်၏အသံနဲ့အတူ အိတ္တာရဲ့ခန္ဓာကိုယ် လေးပိုမို ပြားကပ်သွားတော့သည်။

* * *

## အခန်း(၅)

" လောက၌ ထမင်းဆာသောအချစ်ထက် သစ္စာရှိသော အချစ်မရှိ"

တဲ့. . .

အိတ္တာ. . .

မမျိုသိပ်နိုင်စွာ ဆာလောင်နေ၊ တံတွေးတွေ အကြိမ်ကြိမ် မျိုချမှုက ပိုလို့ ဆာလောင်စေ၏။

ဝမ်းထဲမှာ တကြုတ်ကြုတ်

မျက်ဝန်းထဲမှာ မျက်ရည်ကို အိုင်ထွ းဝေ့သီလျှက်

ပါးပြင်ထက်မှာ လိမ့်ဆင်းနေတဲ့မျက်ရ ်ကို ကြမ်းတမ်းစွာ သုတ်ပစ် လိုက်ရင်းက အိတ္တာ့အတွေးတို့ အတတ်သို့ဦးတည်မိသည်။ အဲသည်တုန်းက. . .

စိတ်ရောကိုယ်ရော ပင်ပန်းနေသည့်တိုင်အောင် အိတ္တာ ရင်ထဲမှာ ကြည်နူးမှုတွေ လှိုင်းထန်နေသည်။

နှစ်စဉ် နှစ်ဆန်းတစ်ရက်များနည်းတူ မွေးစားမိခင်ကြီးနှ သီလရှင်ဇရပ် မှာ သက်န်းကပ်၊ ဆွမ်းကျွေးအလှူပြုခြင်း ပြီးပေ


www.burmeseclassic.com

www.burmeseclassic.com



မယ့်. . . ဒီနှစ်ပိုပျော်သည်။ ဒီနှစ် မှာ အိတ္တာချစ်သော မောင်ကိုယ်တိုင် အိတ္တာ့အလှူမှာဝိုင်းကူပေးနေသည်မှာ အိတ္တာအတွက် တန်ဘိုးကြီးသောပီတိပါ။

" အိပ်ပါတော့လား အိတ္တာရယ်. . . မနက်အစောကြီး ထရဦးမယ်၊ အိပ်ရေး ပျက်ပြီးမူးလဲနေပါ့မယ်ကွာ. . . "

ဝိုင်းကူချက်ပြုတ်သူတွေကို ဝိုင်းကူနေသည့် အိတ္တာ့အနီးသို့ ကပ်ထိုင်ရင်း မောင့်အပြောလေးက အိတ္တာ့အမောရှိသမျှ ကင်းစင်စေသည်။

" အိတ္တာကသူနာပြုပါရှင်. . . "

" မောင့်ကျန်းမာရေးအတွက်သာ အိတ္တာ ပူရမှာပါ "

" သူနာပြုလည်း ရောဂါဝင်တာပဲမဟုတ်လား "

" ဟုတ်တယ် "

" သူနာပြုဆရာမလည်း ရောဂါဝင်နိုင်တယ်၊ အင်ဂျင်နီယာ၊ ကန်ထရိုက်တာလည်း ရောဂါဝင်နိုင်တယ်။ ကျုပ်တို့သီလရှင်တွေပဲ ဒေါင်ဒေါင်မြည် ထောင်မလဲ သဲကော်တွေဟေ့ အိပ်ချေကြတော့။

" ဟဲ့. . . "

" ဟဲ့. . . "

"အိပ်ယာနှစ်ခုခင်းထားတယ်၊ ခွဲအိပ်ကြပါနော်. . . ကျုပ်တို့ဇရပ်က ဆရာလေးတွေ လူဝတ်လဲကုန်မှာ စိုးလို့ပါ "

အိတ္တာနဲ့ညီအစ်မအရင်းလို ရင်းနှီးချစ်ခင်သော သီလရှင်မလေး ဟေမာရီ နောက်ပြောင်တာကို အိတ္တာခိုးခိုးခစ်ခစ်ရယ်၏။ မောင်ကတော့ နီရဲတက်လာသော မျက်နှာကြီးအောက်ချကာ ရှယ်နေတော့သည်။





" မအိပ်ခင် အားပြည့်သွားအောင် ဆိတ်သားနှပ်နဲ့ ထောပတ်ထမင်းလေး သုံးဆောင်ကြပါဦး "

ပြောလည်းပြော ခူးခပ်နေသော ဟေမာရီလက်ထဲမှ မွှေးမြလှသော ထမင်းဟင်းများ၏အနံ့က ဟာသောဝမ်းကို ပိုမိုဆာလောင်စေသည်။

" သိပ်မနောက်ပါနဲ့ ဟေမာရီရယ်. . . မောင်ကရှက်တတ်တယ် "

" ဟုတ်လား. . . နှစ်ယောက်တည်း မဟုတ်လို့ထင်တယ်နော် "

" ဝုတ်. . . "

" ဝုတ်. . . "

" ဝုတ်. . . "

" အူ. . . "

" အူး. . . "

" ဟဲ့ "

" ကျောင်းထဲဝင်လာတာ ဘယ်သူပါလိမ့် ဟိုဖက်ဇရပ်က ဒေါ်နန္ဒီလား ဟုတ်ပေါင်ဘူး. . . "

" ဟဲ့ခွေး. . . "

" သွားစမ်း "

ဆရာလေးဟေမာရီ ဝေါက်လိုက်၍ ဟောင်နေသောခွေး ဇရပ်ဆီသို့ ပြန်ပြေးလာ၏။

သို့သော် တအီအီနဲ့ အီနေဆဲပင်ဖြစ်သည်။

" ဒီခွေး ဘာဖြစ်နေပါလိမ့် ငါထရိုက်လိုက်ရ "

ဟေမာရီ အော်လိုက်မှ အအီရပ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မန်ကျည်းပင်ရိပ်အောက်မှာ ရပ်နေသူကတော့ အိတ္ချာတို့ ထံသို့လည်းမလာ။ နောက်ကြောင်းလည်း ပြန်မလှည့်၊ ရပ်မြဲတိုင်းရပ်လို့နေ၏။

" အိတ္ချာ သွားကြည့်စမ်းပါဟယ် နင့်အသိများလား မသိဘူး. . . "

ဟေမာရီအပျော်အပျက်နောက်တာမှန်းသိလျက် အိတ္ချာ သုတ်ခနဲထလာ မိသည်။

" ဟဲ့. . . "

တစ်လုံးစာပြောပြီး ဟေမာရီလည်း အာစေးထည့်ထားသူလို နှုတ်ပိတ် သွား၏။ မောင်ကလည်း ကျောက်ရုပ်တစ်ရုပ်လို ထိုင်ရာမှ မထနိုင် အိတ္ချာကို စိတ်မချနိုင်လွန်းသူ အခုတုတ်တုတ်မျှ မလှုပ်တာကိုကဆန်းသည်။

အိတ္ချာတစ်ယောက်သာ သံလိုက်တုံးနဲ့အဆွဲခံရသည့် သံမှုန်လေးလို မန်ကျည်းပင်ရိပ်မှာရပ်နေသူဆီ လှစ်ခနဲ ရောက်သွား၏။

" ဘယ်သူနဲ့တွေ့ချင်လို့လဲ. . . "

" အမေ့. . "

သွေးတောင့်သေဆုံးနေသူလို အိတ္ချာ. . . တစ်ကိုယ်လုံး တောင့်ကာ ထိတ်လန့်မိသည်။

ကြောက်ရွံ့မှုဖြင့် တစ်ကိုယ်လုံးဆတ်ဆတ်တုန်နေမိသော်လည်း. . . ပါးစပ်မှ စကားတစ်ခွန်းမျှမထွက်နိုင်၊ လည်ချောင်းဝမှာ တစ်ဆို့ပိတ်နေ၏။

သူမရှေ့တည့်တည့်မှာရပ်နေသော အဖွားအိုကြီးသည် လူနဲ့ မတူအောင် ပိန်လှီခြောက်ကပ်အရုပ်ဆိုးလွန်းလှသည်။





သူနာပြုဆရာမ အိတ္ချာ သူအို၊ သူနာ၊ သူသေတွေနဲ့ ကြုံရ မြင်ရပေါင်း ဖန်တစ်ရာဆောနေပါလျှက်နဲ့ ဤအဖွားအိုကြီးကိုကြည့်ကာ သွေးပျက်၍နှလုံးခုန်ရပ်မတတ် ကြောက်လန့်ရပါသည်။

မီးရောင်ကြိုကြားလင်းနေသည့် မျက်နှာထက်မှ ဟောက်ပက်ပက်မျက်လုံးနှစ်လုံးသည် နီရဲရဲလှုပ်ပွဲပွဲ။

အရိုးခေါင်းကြီးကို ဆေးအနက်သုတ်ထားသလို နားထင်ချိုင့်ခွက် အရိုး စုမျက်နှာထက်မှ ဆံပင်ကျိုတို့ကျဲတဲ တိုကပ်နေတဲ့ဆံပင်တွေက မီးရှပ်ခံထားရသလို လိပ်ခွေနေ၏။

" အမယ်ကြီး ဗိုက်ဆာလွန်းလို့ပါကွယ် ထမင်းကျန်ဟင်းကျန်လေးများရှိရင် သဒ္ဓါသလောက်စွန့်ပါကွယ်. . . "

တုန်ခါခါအသံကြီးက သနားစရာထက် ကြောက်မက်ဖွယ် ဝင်ချည်ထွက်ချည် မပီမသ။

" လာ. . . "

" လာစားလေ အမေကြီး. . . ထမင်းကျန်မဟုတ်ဘူး၊ စားဦးစားဖျားပါ. . . "

ကြောက်သည့်ကြားမှပင် သဒ္ဓါစိတ်က တိုးကြွနေ၏။

" အမယ်ကြီး မစားတော့ပါဘူးကွယ် အမယ်ကြီး ကျွေးရမယ့်သူတွေ ရှိသေးလို့. . . ငှက်ပျောဖက်လေးနဲ့ပဲ ထုပ်ပေးပါ မိန်းကလေးရယ် "

အိတ္ချာ တွေဝေခြင်းကင်းစွာပင် ထမင်းထုပ်ကြီး တစ်ထုပ် ပေးလိုက်၏။

ဟေမာရီတို့ မောင်တို့အပါအဝင်အားလုံးကတော့ အိတ္ချာ လုပ်သမျှကို အထူးအဆန်းလိုဝိုင်းငေးနေကြသည်။ တားလည်းမတား၊ ပြောလည်းမပြော။



www.burmeseclassic.com

www.burmeseclassic.com



အိတ္ယာ လက်ထဲမှထမင်းထုပ်ကြီးကို တစ္ဆေသရဲလို ရုပ်ဆိုးသူ အဖွားအိုကြီး တုန်ရီချိနဲ့စွာလှမ်းယူပြီး. . .

" ကုသိုလ်ကောင်းမှုပြုပြီးတိုင်း မေတ္တာပို့တဲ့အခါ နာနာဘာဝ၊ ဝိနာဘာဝတွေကို မေတ္တာပို့အမျှဝေဖို့မမေ့ပါနဲ့ မိန်းကလေးရယ်. . . မိန်းကလေးရဲ့ကုသိုလ် ကောင်းမှုကို သာဓုခေါ်ချင်ကြလို့ပါ "

" ဟုတ်. . ကဲ့ "

" အခု အမျှဝေပေးပါလားကွယ် "

" ရှင်. . . "

" မိန်းကလေးပြုခဲ့ဖူးတဲ့ကုသိုလ်အစုစုကို အမျှဝေလို့ရတယ် လေ. . . "

" ဘဝအနဂ္ဂမသံသရာမှစ၍ ယခုဘဝဤအချိန်ကျအောင် ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် တည်းဟူသော ကုသိုလ်ထူး ကုသိုလ်မြတ်နဲ့ကုသိုလ်ရပ် အစုစု၏ အဖို့ဘာဂ ကို အိတ္ယာအမျှအတမ်းပေးဝေပါတယ်. . . ကြားကြားသမျှ. . . ဝေနေယျသတ္တဝါအပေါင်း မြင်အပ် မမြင်အပ်ပုဂ္ဂိုလ်အပေါင်း နတ် ဗြဟ္မာအပေါင်း၊ နတ်တို့ သက်နှင်းသိကြားမင်း၊ ငရဲသက်နှင်းယမမင်း၊ သုံးဆယ့် နှစ်ပါးတို့ တရားနာရန်ရောက်လာကုန်သော နာနာဘာဝ၊ ဝိနာဘာဝ လောကဘုံသား တို့. . . "

" သာဓု သာဓု ပတ္တနာပြုကြပါ. . . "

" ကုသိုလ် အမျှ. . . "

" အမျှ. . . "

" အမျှ. . . "





" ယူတော် မူကြပါကုန်လော့. . . "

" သာဓု. . . "

" သာဓု. . . "

" သာဓု. . . "

အိတ္ယာ စိတ်လိုလက်ရ အမျှဝေအပြီး မျက်စိဖွင့်ကြည့်လိုက် တော့. . . အိတ္ယာ့ရှေ့မှ အဖွားအိုကြီးမရှိတော့ပါ။

အိတ္ယာ့ကောင်းမှုကို သာဓုခေါ်သံကြားလိုက်ရပါလျှက် ချက်ချင်းကြီး ပျောက်ကွယ်သွားသော အဖွားအိုကြီးကို. . . ဘယ်လို ဆိုကာ ဘယ်လိုမှတွေးလို့ ကိုမရတော့ပါချေ။ လှိုက်လှိုက် လှဲလှဲ သာဓုခေါ်သံကြီးကို နားနဲ့ဆတ်ဆတ် ကြားခဲ့ရသည်။

× × ×

အတိတ်သို့အတွေးကျွံသွားမိသော အိတ္ယာ့စိတ်တွေ ပြန် လည်လာချိန်မှာ အိတ္ယာ့ရှေ့မှာ ခမ်းနားထည်စီးသော ထမင်းဝိုင်းကြီး ရောက်နေတာကို အံ့သြဖွယ်ရာ တွေ့လိုက်ရသည်။

စောစောက ထမင်းစေ့တစ်စေ့မျှိချဖို့အရေး မျက်ရည် ပေါက်ကြီးငယ် ကျအောင် ပင်ပန်းခဲ့သော အိတ္ယာ အရသာရှိလှသော စားကောင်းသောက်ဖွယ်တွေကို အားပါးတရ စားနေမိသည်။

ဝတ်ထားဆဲ အိတ္ယာရဲ့စုတ်ပြတ်နွမ်းရိသော အဝတ်အစား တွေလည်း အရောင်အဝါ တောက်ပြောင်လှပလို့သွားသည်။

" မိန်းကလေးရဲ့ကုသိုလ်က မိန်းကလေးကိုအကျိုးပြုတာ ပါပဲ "

အနားနားမှကပ်ထွက်လာသော အသံကြီးကြောင့် အိတ္ယာ ခေါင်းငဲ့ကြည့် မိရာ. . .

အိတ္ယာ လန့်အော်မိမတတ်အံ့သြထိတ်လန့်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိတ္ထျာမြင်ခဲ့ဖူးသော ကုသိုလ်တော်ဘုရားမှ ရုပ်ဆိုးဆိုး အဖွား အိုကြီးသည် အိတ္ထျာအား ပြုံးပြနေသည်။

ဒါ. . အိတ္ထျာကိုခေါ်လာခဲ့သော အရိပ်မည်းကြီးပါလား. . .

ခေါင်းပူအောင်စဉ်းစားစရာမလိုတော့ပေ။

ဘာပဲဖြစ်ဖြစ် အာဟာရဒါန၏လက်ငင်းအကျိုးကို အထင် အရှားတွေ့ကြုံ ရပေပြီ။

" မိန်းကလေးသွားစရာရှိရင် မီးနေသည် အဖော်လိုက်လိမ့် မယ် "

" မိန်းကလေးက ဒီလောကသားအသစ်ဆိုတော့ တစ်ယောက် တည်းအပြင်ထွက်ရင် အန္တရာယ်များတယ်။ ဆေးရုံရှေ့မှာ ကြုံခဲ့တဲ့အဖြစ်မျိုးတွေ တွေမလွဲကြုံရမှာဘဲ. . . "

" ဦးတဲ့လူက ဗိုလ်လုပ်တတ်တာ လူအကျင့်။ ဘာမှအား မငယ်ပါနဲ့ မီးနေသည်ဆိုရင် မိန်းကလေးသွားမယ့် လမ်းမှာ ရှိတဲ့ အန္တရာယ်အားလုံး မီးသေပါတယ်. . . "

ပြောရင်းပြောရင်းအသံတိုး၍တိုး၍လာကာ အရိပ်မည်းကြီး ဖျပ်ခနဲ မြင်ကွင်းမှပျောက်ကွယ်လေပြီ. . .

ထိုအချိန်မှာပဲ အိတ္ထျာရဲ့မျက်နှာချင်းဆိုင်နံရံမှာ မီးနေသည် သရဲကို ပိုစတာတစ်ချပ်လိုပြားကပ်စွာ ရပ်နေတာကိုတွေ့လိုက်ရ၏။

လရောင်မှုံပျပျက အိတ္ထျာတို့ရဲ့တိုက်အိုတိုက်ပျက်ကြီးထဲသို့ ဖြန့်ကျက်နေသည်။

ဟင်းလင်းပွင့်အမိုးကို အုပ်စီးထားသော အဆုံးအစမဲ့ အရှော ကောင်းကင်ထဲ အိတ္ထျာအကြည့်စိုက်ချမိသည်။

ကြယ်တွေ. . .

ဂြိုလ်တွေ. . .





နက္ခတာရာတွေ. . .

မစ်(လ်)ကီဝေးတွေ. . .

စကြာဝဠာအစုအဝေးတွေ. . .

အိတ္ထျာမျက်နှာပေါ်ပြန့်ကျဲရပ်တန့်လို့နေရဲ့။

အော်. .

ခုနစ်စဉ်ကြယ်ရဲ့မေးစေ့ ကြယ်ကြီးတစ်လုံးကလည်း. . . အိတ္ထျာတို့ နေစကြာဝဠာထက်ကြီးတဲ့ စကြာဝဠာကြီး တစ်ခုပါ လား. . .

အာကာသဆိုင်ရာကျွမ်းကျင်သူတွေ လက်လှမ်းမမီနိုင်သေး တဲ့ လျှို့ဝှက်ချက်တွေအများကြီး. . . ကောင်းကင်ကြီးရဲ့ ကြယ်စဉ်၊ ကြယ်စု၊ ကြယ်တန်းရှည်တွေမှာ ထူးချွန်လှတဲ့ သိပ္ပံပညာရှင်တွေ တွက်ချက်မှန်းဆလို့မရလောက်သော ခက်ခဲနက်နဲမှုတွေ မြုပ်နှံ တည်ရှိနေတယ်နော်။

ဒါကြောင့်လည်း မြတ်စွာဘုရားက ကျယ်ပြန့်ရှည်လျားတဲ့ စကြာဝဠာအနန္တရဲ့ ဖြစ်တည်ဖုံးကွယ်ပျောက်ဆုံးတည်နေရာ အကျယ် အဝန်း. . . စတာတွေကို မဟောကြားခဲ့တာပေါ့။

မြတ်စွာဘုရားရှင်ဟာ. . . အဆုံးအစကင်းမဲ့မှုတွေကို ရှောင်ပြီး. . . အဆုံးသတ်တရာ. . . အလင်းတွေသာပဲ. . . သတ္တဝါ တွေကို သင်ပြနည်းပေးခဲ့တာပါ။

စကြာဝဠာရဲ့ ကျယ်ပြောမှုကို ချန်ရစ်ထားခဲ့ပြီး. . . သံသရာဆွဲဆန့်ခြင်း တွေဆိတ်သုဉ်းဖို့ ခန္ဓာမှာဉာဏ်စိုက်ပြီး တရားထူး တရားမြတ်ကို ရှာဖွေတွေ့ရှိ လမ်းပြခဲ့တယ်။

မြတ်စွာဘုရားဟာ. . . တရားမင်းပါပဲ။

အိတ္ထျာတို့လို နွားချေးပိုးကောင်ရဲ့အသိလောက်သာရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com

ပုထုဇဉ်တွေရဲ့စိတ်ကတော့. . . အခုတစ်မျိုး တော်ကြာတစ်မျိုး မငြိမ်ဘူး။

ခန္ဓာဉာဏ်ရောက်တရားတော်ရဲ့ အဆုံးအမတွေကို ကွင်းရှောင်ပြီး ဘဝများစွာကျင်လည်ရာ ဝဲဩဃထဲကိုပဲ တဝေ့လည်လည် တိုးချင်စိတ်ကဆိုးပါတယ်။

ခွေးမြီးကောက်လို ကျည်တောက်စွပ်တုန်းခဏပဲ။ ဖြောင့်ချင်ယောင် ဆောင်ခဲ့တာ. . . နောက်တော့ မစင်ထဲကလောက် မစင်တွင်းထဲမှာပဲပျော်နေမိတယ်လေ။

ဟော ကြည့်ဦး. . .

ခုနှစ်စဉ်ကြယ်ရဲ့ မေးစေ့ကြယ်ကြီးကိုကြည့်ရင်း. . . မြတ်စွာဘုရားရဲ့ သမ္ဗာသံဗုဒ္ဓေါဂုဏ်တော်ကို အောင့်မေ့လို့မှ မဆုံးသေးဘူး. . . ခုနှစ်စဉ်ကြယ်အမြီး ထောင်နေတာကိုမြင်ပြီး အာရုံတွေစုစည်းမရတော့ပြန်တော့ဘူး။

ခုနှစ်စဉ်ကြယ်ပြောင် အမြီးထောင် သန်းခေါင်ညရောက်ပြီ. . .

ကလေးဘဝကရွတ်ခဲ့ဖူးတဲ့သံချိုသံပေါက်လေးကို စိတ်မှတ်မဲ့ရွတ်နေရင်းက အိတျာ နေမထထိုင်မသာဖြစ်ရသည်။

ည သန်းခေါင်းဆိုတော့ ဆယ့်နှစ်နာရီ. . .

မောင်. . . နှလုံးခုန်ရပ်ခဲ့တဲ့အချိန်. . .

၆၂ လမ်းပေါ်မှာ ကားမှောက်ပြီး နှလုံးခုန်ရပ်ခဲ့တဲ့ မောင့်လက်ပတ်နာရီလည်း လက်ပတ်ကြိုးပြတ်ကာ ဆယ့်နှစ်နာရီ ဆယ့်နှစ်မိနစ်မှာ စက်သေရပ်တန့်ခဲ့တဲ့ အချိန်ရောက်တော့မယ်. . .

မောင် ဘယ်မှာလဲ. . .

မောင်. . .





မောင်. . . မသေဘူးဆိုတာ သိရလို့ဝမ်းသာပေမယ့်. . .

မောင်. . . သစ္စာမဲ့နေတာ မျက်ဝါးထင်ထင်တွေခဲ့ရလို့ ရင်နာတယ်. . .

ဒါပေမယ့်. . .

မောင့်ကို မမုန်းနိုင်ဘူး. .

မောင်နဲ့ပတ်သက်သမျှ အရာတိုင်းကို အိတျာ စွဲလန်းအမှတ်ရနေတယ်။

အထူးသဖြင့် အိတျာကိုယ်တိုင်ပေးခဲ့တဲ့ ဒီနာရီလေးကို အိတျာစွဲလန်း နေမိတယ်။

နာရီကြိုးပြတ်လေး. . .

ကြိုးပြတ်နာရီဟာ ပလက်တီနမ်ဆွဲကြိုးရဲ့ဆွဲပြား. . . ဘယ်လိုလုပ်ဖြစ်နေခဲ့တာလဲ. . .

မောင့်နာရီမှာ ဘယ်သူ့ဆွဲကြိုးတစ်သလဲ. . .

အို. . . အဲဒီကိစ္စက အရေးမကြီးပါဘူး. . . နာရီလေး. . . အခုဘယ်မှာလဲ. . . အိတျာသိပ်စွဲလန်းတဲ့နာရီလေး. . . ပျောက်လို့မဖြစ်ဘူး. . .

အိတျာနာရီလေးပြန်ပေးကြပါ။

အိတျာ မောင် ပြန်ပေးကြပါ။

မောင်နဲ့အိတျာ နာရီလေးပြန်ပေးကြပါ။

ဂနာမငြိမ်တဲ့အိတျာ့စိတ်တွေ ဂယောက်ဂယက်နဲ့ လွင့်နေတယ်. . .

စိတ်နဲ့တစ်ပြေးညီ အိတျာခန္ဓာကိုယ် ညလယ်ယံကြီးထဲ လှစ်ခနဲပြေးသွားလိုက်သည်။

ကြာနီကန်သုသာန်အနီးရှိတိုက်ပျက်ကြီး အိတျာ့ရှေ့ကမ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကျန်ခဲ့ပြီ. . .

မြို့ကြီးသည် အိန္ဒြေကြီးစွာ လူသူကျဲပါးလျက်ရှိသည်။

အိတ္တာ အားကုန် ပြေးနေမိ၏။

ဝန်းကျင်တစ်ခုလုံး ရိပ်ခနဲ ရိပ်ခနဲကျန်ခဲ့ပြီ။

တစ်စီးတစ်လေ ဖြတ်မောင်းသွားသော ဆိုင်ကယ်သံက (၂၆-ဘီ)လမ်းမကြီးတစ်လျှောက် ဆူညံလို့နေ၏။

အိတ္တာနားထဲမှာတော့ ဘာသံကိုမှ မကြားနိုင်လောက်အောင်' ရင်တွေဗလောင်ဆူလျှက်ရှိသည်။

အိတ္တာတွေ့ချင်သည်။

မောင့်ကိုပါ

မောင်ရေ. . . အိတ္တာနည်းတူ အိတ္တာကို မောင်တွေ့ချင်မှာပဲ ဟုတ်ပါတယ်နော်. . .

အိတ္တာလာခဲ့ပြီ. . .

မောင်ဆီကိုပေါ့

မောင်ကြို့နေမှာပါ. . . ပြီးတော့လေ. . .

မောင်ပျော်နေမှာပေါ့. . .

အိတ္တာသိပြီးသား . . . မောင်က အိတ္တာကို သိပ်ချစ်ခဲ့တာကိုး. . .

မြို့လယ်နာရီစင်ကြီးက ဟိုးအရင်တုန်းကအတိုင်း ခန့်ထည်ခြင်းနှင့် တည်ကြည်ခြင်းတို့ ဆတူရောယှက်ကာ ဂုဏ်ယူဖွယ် တင့်တယ်မြဲ တင့်တယ်လို့နေသည်။

အိတ္တာ နာရီစင်အနီး အမှောင်ရိပ်စပ်မှာ ရပ်လိုက်သည်။

ဘေးဘီကိုကြည့်၏။

မောင့်ကိုများ တွေ့မလားလို့ပေါ့. . .





မောင်နဲ့အိတ္တာ သွားနေကျ နေရာလေးတွေကို မြင်တွေ့တော့ လွမ်းလိုက်တာလေ. . .

ဒီညဈေးတန်းမှာ မမောမပန်းလျှောက်ခဲ့ဖူးသည့် ချစ်စခင်စ ကာလများဆီ စိတ်တို့ပျံ့လွင့်သွားသည်။

လွမ်းပါသည် မောင်

ညဈေးတန်းသည် ဈေးဝယ်ထက် ဈေးသည်တို့သာ ကျန်တော့သည်။ အချိန်ကလည်း ဈေးသိမ်းချိန်ရောက်ပြီကိုး. . .

လူသူလေးပါး ခပ်ပါးပါးနဲ့

ဖြတ်သွားဖြတ်လာ ကား ဆိုင်ကယ် တစ်စီးတလေပေါ်မှ ဘီယာနံ့တွေက အိန္ဒြေကြီးသော မြို့ကြီး၏အလှကို ဆေးမည်းတွေ အထပ်ထပ်သုတ်နေ၏။

မလှမ်းမကမ်းမှာတော့ ကာကွယ်ရေးပစ္စည်းရောင်းသည့် ဗျပ်ထိုးဝန်းတွေ နောက်မှာ ငိုက်မြည်းနေသော ကုလားလေးတွေကို တွေ့ရသည်။

ည၏ပြယုတ်၊ မြို့တန်ဆာ နုတ်ခမ်းနီမလေးနှစ်ယောက် ကာကွယ်ရေး ပစ္စည်းဆိုင်မှာ လိုအပ်သည်များဈေးဆစ် ဝယ်ယူနေသည်။

မလုံမလဲအဝတ်အစားကို ပိုပြီးထင်သာမြင်သာဖြစ်အောင် လှစ်ဟပြလိုက် သောအခါ ဆိုင်ရှင်ကုလားလေး တဟီးဟီးနဲ့ သွားရည်တမျှားမျှားဈေးချပေးတော့ သည်။

ငွေပေါ်လျှော့ဈေး. . . ငွေပေါ်လျှော့ဈေး ကိုရီးယား ထည်တွေ ငွေပေါ် လျှော့ဈေး. . . ငွေပေါ်ချင်ရင် ဈေးလျှော့ရသည် ထင်ပါရဲ့. .

အလည်လွန်ချစ်သူစုံတွဲကိုမြင်သည်နှင့် အသံထင်အော်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သော လေဘေးထည် လမ်းဘေးထည်ရောင်းသူ၏အသံကို နားမဆင်ကြားလျှက်သား ဖြစ်ရ၏။

ညဈေးတန်းသည် ဈေးသိမ်းနေပြီ ဈေးဝယ်ထက် ဈေးသည်များ၏ ကေတီဗွီအခန်းမှ မီးရောင်ပြာလဲ့လဲ့ကား မှိန်တစ်ခါ၊ မှောင်တစ်လှည့် ကေတီဗွီ အခန်းထဲမှာရော ငွေပေါ်လျှော့ဈေး အော်နေမှာလား. . .

အိတျာ ဘယ်ကိုသွားမည်လဲ. . . ဆုံးဖြတ်လို့မရသေးပေ။

အိတျာချစ်သော မောင့်ဆီသွားချင်နေသည်။

အိတျာချစ်သော မောင့်နာရီလေးဆီသွားချင်နေသည်။

မောင့်ထံမှာ နာရီလေးရှိမနေတာသိသည်။

နာရီလေးသည် ၆၂လမ်းရှိ ဒေါက်တာဖိုးလုံးခြံထဲမှာရှိတာကိုလည်း သိသည်။

မောင်ကရော. . .

မောင် ညောင်ပင်နားက မောင့်တိုက်လေးထဲမှာ ရှိနေတာလည်း သိသည်။

အိတျာခြေလှမ်းတွေ မောင်ရှိရာ အိမ်လေးသို့ သွားရန်ဟန်ပြင်လိုက်ဆင်မှာ

ကေတီဗွီခန်းမှ လှပငြိမ်းအေးမှုထက် ပူလောင်သော မိန်းမလှလေးတစ်ဦး ဆင်းလာ၏။

ယောင်လည်လည်. . .

လာကြိုသူကို မျှော်နေဟန်သူ၏။

အိတျာ ကိုယ့်ညီမအရွယ်လေးမို့ ငေးနေမိခြင်းဖြစ်သည်။

" လှလိုက်တာ မီးမီးရယ်. . . အိမ်ပြန်မလို့လား. . . "

" ကိုကိုကြီး လိုက်ပို့ပေးမယ်လေ"





ကားတစ်စီး ထိုကောင်မလေးအနီး ထိုးရပ်ပြီး [illegible] မခံ ချဉ်းကပ်သည်။

" သွားစမ်းပါ"

ကောင်မလေးကလည်း ဇတ်ဇတ်ကြ

" စွာသူလေးပဲ လမ်းကြုံတယ်လေ. . . ကမ္ဘာတစ်ပတ် လိုက်ပို့ပေးမှာ. . . အဟာတ်"

" ရှင့်ဟာသာ ရှင်သွားပေါ့"

" ကျွန်မချစ်သူမလာခင် ရှင်ထွက်သွားရင် သက်သာမယ်"

" ခြိမ်းခြောက်တယ်ပေါ့. . . "

" ကြောက်လိုက်တာ. . . "

" မင်းချစ်သူလေး ဒုက္ခရောက်သွားမှာကိုပါ"

ကားပေါ်မှ လူကတော့ ဇွတ်ရောအတင်းရော ချဉ်းကပ်နေသည်။

ကားတံခါး ချပ်ခနဲဖွင့်ကာ ဆင်းလာသည်။

အိတျာ ကြည့်ရင်း ကောင်မလေးအတွက် စိတ်ပူသွားသည်။

လူသူကပြတ်လပ်၊ အမှောင်ရိပ်ကကျကျ

ကောင်မလေးက လှလှ၊ လူရမ်းကားက မူးမူး

အရှုးတကာ အရှုးထဲမှာ အိတျာအမုန်းဆုံးက တဏှာရူး

ငမူးကောင်က ကောင်မလေးလက်ကို ဖမ်းဆုပ်လိုက်၏။ အရက်နံ့တွေက ခပ်လှမ်းလှမ်းရှိ အိတျာထံအထိ စူးရှနံ့ဟောင်လို့လာသည်။

" အရိုင်းအစိုင်းကောင်ပဲ"

အိတျာ ကျိန်ဆဲပစ်လိုက်သည်။

ငမူးရော ကောင်မလေးရော မကြားဖူးထင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



အိတျာကို ဘယ်သူမှ ဂရုမစိုက်

အိတျာအနီးရှိ ရေသန့်ဘူးခွံတစ်လုံးကို ဆောင့်ကန်လိုက်၏။

ရေသန့်ဘူးခွံက အမှုးသမား၏မျက်နှာဆီ တန်းခနဲဝင်သွားသည်။

ရှုံ့မဲ့မဲ့မျက်နှာကြီးနှင့်အတူ

" ဘယ်က ကလေကချေလဲကွ"

ဒေါသတကြီး တရားခံရှာ၏။

အိတျာဆီသို့ စူးစိုက်ကြည့်သည်။

အိတျာ ခပ်တင်းတင်းပဲ ပြန်ကြည့်သည်။

သို့သော် ထိုပုဂ္ဂိုလ်အိတျာကို မမြင်

ထိုစဉ်. . .

" ဝူး "

" ဝူး "

" ဝူး "

" ကျွီ. . . "

ဆိုင်ကယ်သံ ဆူဆူညံနှင့်အတူ ကောင်မလေးနှင့်အမှုးသမား၏ အနီးသို့ ကောင်လေးတစ်ယောက် လွှားခနဲခုန်ဆင်း ပိုက်သည်။

" ခွပ်. . . "

ပြင်းထန်သော လက်သီးတစ်ချက်နှင့်အတူ အမှုးသမားလူရမ်းကား ခေါင်းငိုက်စိုက်ကြသွား၏။

" မလုပ်နဲ့ မောင်. . . "

" အလကား ငမူးကောင်. . . မနဲ့လည်းဘာမှ မပတ်သတ်ဘူး. . . "





" ထားလိုက်ပါ. . . "

" အရေးမပါဘူး"

ကောင်မလေးက သူ့ချစ်သူကို ဖွတ်အတင်းဆွဲခေါ်၏။

" တောက် "

အိတျာကလည်း အမှုးသမားအပေါ် မကျေနပ်နိုင်စွာ တောက်ခတ်၏။

သို့သော်. . .

တောက်ခတ်သံ ထွက်ပေါ်လာသည်က အိတျာ ထံမှမဟုတ်။ ဆိုင်ကယ်ပေါ် တက်ခွလိုက်သော ကောင်လေးထံမှဖြစ်သည်။

" ဝူး "

" ဝူး "

ဆိုင်ကယ်လေးက ပိုင်ရှင်နဲ့ထပ်တူ ဒေါသတကြီးပြေးထွက်သွားသည်။

အမှုးသမားလည်း အခုမှအမူးပြေဟန်နဲ့ ကြောက်လန့်တကြီး ကားပေါ်ကတျာကယာတက်ခါ မောင်းထွက်သွားတော့သည်။

အိတျာလည်း မောင်ဆီသွားမှဟု အတွေးပြန်ဝင်လာ၏။

မောင့်အိမ်မှာ မောင်ရှိမည်။

ဟုတ်ပြီး

ဒီအချိန်သာ အိတျာကို မြင်လိုက်ရင် မောင်ဘယ်လောက်တောင် အံ့သြဝမ်းသာသွားမည်လဲ။

အိတျာ ဆုံးဖြတ်လိုက်၏။

မောင့်ဆီ သွားတော့မည်။

ဒီအချိန်ဆို မောင် Supper (ညလည်စာ) စားပြီး အိပ်ယာဝင်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အိတျာတို့ (၈၄-လမ်း) ညဈေးတန်းအတိုင်း ခြေလှမ်းမှန်မှန်နဲ့ လျှောက်လာသောအခါ. . .

"အူ. . ."

"အူ. . ."

"အု. . ."

"အူး. . . . ."

အိတျာဆုံးဖြတ်လိုက်၏။ မောင့်ဆီသွားတော့မည်။ ဒီအချိန်ဆိုမောင် Supper ဆပ်ပါး ညလယ်စာစားပြီး အိပ်ယာဝင်တော့မည်။

အိတျာ ၈၄လမ်း ညဈေးတန်းအတိုင်း ခြေလှမ်းမှန်မှန်နဲ့ လျှောက်လာသောအခါ. . .

"အူ. . ."

"အူ. . ."

"အု. . ."

"အူး. . . . ."

ခွေးလေခွေးလွင့်တွေ အိတျာတို့ကိုမြင်တော့. . . စူးစူးဝါးဝါးထိုးအူသည်။

ခွေးလေခွေးလွင့်အူတော့ လမ်းဘေးခွေးဂဲစားတွေပါ အူသည်။

ပြီးတော့ ခြံစောင့်ခွေးကြီးတွေအူသည်။

နောက်ဆုံး အလှမွေးခွေးတွေပါမကျန်အူသည်။

ရှည်မျော့မျော့ခွေးအူသံကြီး ရပ်ကွက်တစ်ခုလုံး အကျည်းတန် ရုပ်ဆိုးသွားစေသည်။

မီးပျက်မှောင်မည်း လမ်းသွယ်ထဲ အိတျာအမှောင်ရိပ်မှာ အသာကပ် နေသည့်တိုင် ခွေးအူသံကြီးများမရပ်စဲနိုင်သေးပေ။

ကြယ်စင်လင်းအာပေ



ခွေးချစ်တတ်သော အိတျာ အခုတော့ပြောင်းပြန်. . .

ခွေးတွေကို တူးတူးခါးခါး မုန်းတီးမိသည်။

ထိုးကပ်လာသော ခွေးပိန်ခွေးလိန်တစ်ကောင်ကို အိတျာ စူးစူးရဲရဲစိုက် ကြည့်လိုက်ရာ. .

"ကိန်. . ."

"ကိန်. . ."

"အီ. . ."

"အီ. . . . ."

အော်ပြီး မောင်တို့လမ်းကြားထဲပြေးဝင်သွား၏။

"အ မ လေး တော့. . "

ဖြုန်းခနဲ ဗိုက်ကြီးသည်မထအော်သံက နက်ခြောက်ကွဲ အက်စွာ အမှောင်ထုကြီးထဲသို့ တိုးဝင်သွားသည်မို့. . . အိတျာအလန့်တကြားကြည့်လိုက်၏။

ညောင်ပင်အောက်မှထွက်လာသော ပိတ်ဖြူဝတ်အဖိုးကြီး တစ်ယောက် ဗိုက်ကြီးသည်မကို လက်ထဲမှ တောင်ဝှေးနဲ့ လိုက်ရိုက် နေ၏။

အိတျာလည်း အန္တရာယ်အငွေ့အသက်ရတာကြောင့် ညောင်ပင်အောက်မှာ မနေရဲတော့ဘဲ မောင့်အိမ်လေးဆီ ပြေးလာမိတော့သည်။

ဗိုက်ကြီးသည်မလည်း အိတျာနောက်မှ ထပ်ကျပ်မကွာ လိုက်ပါလာပြီး မောင့်အိမ်ရဲ့သံပန်းတံခါးကြီးကို သူမ၏ဗိုက်ကြီးနဲ့ တိုက်ချလိုက်၏။

"ဂျိမ်း"

"ဂျောင်း"

ကြယ်စင်လင်းအာပေ

www.burmeseclassic.com

www.burmeseclassic.com



အိတျာနဲ့ပိုက်ကြီးသည်မ မောင့်ခြံထဲရောက်သွားသောအခါ ပိတ်ဖြူဝတ် အဖိုးကြီး ညောင်ပင်ထဲပြန်ဝင် ပျောက်ကွယ်သွားတော့သည်။ ဒါရုက္ခစိုးလား. . . သောတပန်ဘိုးဘိုးကြီးဆိုရင်တော့ ဒီလိုဒေါသကြီးမည်မထင်။

" မောင်ရေ. . . "

" ဘုန်း "

" ဘုန်း "

" ဘုန်း "

" မောင် . . ရေ. . . "

အိတျာတံခါးခေါက်ရင်း အဆက်မပြတ်ခေါ်နေမိလေသည်။

ခွေးအူသံများကတော့ ညမှောင်ကြီးကို ချောက်ချားသထက် ချောက်ချား အောင် တွန့်လိန်ဆူညံမြဆူညံနေပါ၏။



## အခန်း (၆)

အိတျာ အခုလောက် တံခါးခေါက်နေပါလျှက် မောင်မကြားပေ။

အိတျာ စိတ်တိုစွာ တံခါးကို စောင့်တွန်းလိုက်၏။

ထိုစဉ်. . .

နွေလေရှူးတစ်ချက် ဆောင့်တိုက်သည်။

" ကျွီ "

မောင့်အိပ်ခန်းတံခါး ပွင့်သွား၏။

အိတျာကြောင့် တံခါးပွင့်သည်လား. . .

လေတိုက်၍ တံခါးပွင့်သည်လား. . .

သေချာတာကတော့ အမြဲတမ်း စေ့စပ်သေချာသော မောင်တံခါး ချက်ချဖို့ဘာလို့မေ့နေပါလိမ့်။

ဟုတ်တယ်လေ. . .

မောင်ကမဖွင့်ပဲ တံခါးပွင့်တာကိုအိတျာ အိမ်ထဲလှမ်းဝင်လိုက်သည်။

" အို . . . "



www.burmeseclassic.com

www.burmeseclassic.com



အိတ္ကျာ ဝင်လို့မရပေ။

ဝင်လို့မရရုံမက တစ်စုံတစ်ဦးက စောင့်တွန်းလိုက်သလို အိတ္ကျာနောက်သို့ ခြေတစ်လှမ်းစာလောက် လွှင့်ခနဲဖင်ထိုင်လျှက် ပြုတ်ကျသွားသည်။

မီးရောင်မှိန်မှိန်ကြောင့် မောင့်အိပ်ခန်းလေးကို အတိုင်းသာ မြင်နေရသည်။

အိတ္ကျာ ဒီအိမ်သို့ ရောက်လေတိုင်း မောင်ခတ်တိုက်နေကျ Water cooler လေးဆီသတိတရ ကြည့်မိ၏။

အိတ္ကျာ ရေသောက်ချင်လိုက်တာ. . .

မောင် ခပ်ပေးတဲ့ရေလေး သောက်ချင်လိုက်တာ. . .

ထိုစဉ် Water cooler လေးပေါ် ကြွက်တစ်ကောင်ဖြတ်ပြေး၏။

" ချွမ် "

ကြွက်နောက်မှ မိညောင်က ဖြတ်ခနဲခုန်ဝင်လာသည်။

ကြွက်ကတော့ ဘယ်ရောက်သွားသည်မသိ မိညောင်ကြောင့် ဖန်ခွက်ကလေး ပြုတ်ကျကွဲသွားသည်။

" ဘယ်သူလဲ "

" မိညောင် "

ဟော. . . ဒါ. . . ဒါ မောင့်အသံပေါ့။ မောင်နေကောင်းနေသားပဲ။ အသံ ညှောင်နာနာမှမဟုတ်တာ. . . ဒါနဲ့တောင် အိပ်ခန်းထဲက ထွက်မလာဘူး။ ဒါပေမယ့် မောင့်လေသံက မောနေသလိုပဲ။ ထိုက်ကျိုကစားရင်းနဲ့ အော်လိုက်တာဖြစ်မယ်။

အိတ္ကျာ ထိုင်ရာမှ ထရပ်လိုက်သည်။

သို့သော်. . .



အိမ်ထဲသို့ မဝင်ရဲတော့ပေ။ အိတ္ကျာ မောင့်အိမ်ထဲ ဝင်လို့မှမရတာပဲကိုး. . .

အိတ္ကျာက လူမှမဟုတ်တာ. . .

အိတ္ကျာ မောင့်ကို အော်ခေါ်ချင်လိုက်တာ. . .

သို့ပေမယ့် အသံမပြုမိဘူး. . .

အမှတ်တမဲ့တွေ့ရင် မောင်ဝမ်းသာ သွားစေချင်လို့

" ဘာမှမဟုတ်ပါဘူး. . . မိညောင်ဆော့နေတာ နေမှာ"

မောင့်လေသံ နားထောင်ရတာ အိတ္ကျာတောင် နားမောလာတယ်။ နေပါဦး မောင်ကဘယ်သူ့ကိုများရှင်းပြနေတာတုန်း။

မောင့် အိမ်မှာ မောင်တစ်ယောက်တည်းနေတာပါ။

မောင်. . .

မောင့်ဖသာမောင် တစ်ယောက်တည်းပြောနေ တာဖြစ်မှာပါ။

မောင်က သိက္ခာရှိတဲ့မောင်ပါ။ ဘယ်လောက်ပဲ ဆန္ဒပြင်းပြပါစေ အပေါ်ခေါ်အိပ်တဲ့အထိတော့ ဟီရိုဩတပ္ပတရားကင်းမှာ မဟုတ်ပါဘူး ထင်ပါရဲ့

ဒါပေမယ့်. . .

သိပ်ချစ်တဲ့ အိတ္ကျာ သံသယဝင်မိတာ မောင့်ကိုစော်ကားရာရောက်နေမလား ဟင်. . .

အဲလိုဖြစ်သွားရင် အိတ္ကျာ တောင်းပန်ပါတယ် မောင်ရယ်။ သဝန်တိုမိလို့ပါ မောင်. . .

ဟော. . . အခုမှ သတိထားမိတယ်။

မောင့်အခန်းမှာ မီးလင်းနေတာ ဖွင့်ထားတဲ့မောင့်အိပ်ခန်းတံခါးပေါက်က မီးရောင်ကို တွေ့ပြီး အိတ္ကျာ သိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ မောင်အိပ်ရင် ဘယ်တော့မဆို မီးဖွင့်အိပ်တက်တယ်။ မီးရောင်နဲ့မှ အိပ်ပျော်တဲ့ မောင်လေ. . .

ဒါပေမယ့် တံခါးဘာကြောင့်မပိတ်လဲတော့ အိတ္တျာမတွေးတတ်ဘူး။ မောင်မအိပ်သေးလို့ ဖြစ်မှာပေါ့။

မောင်က တစ်ခါတစ်ခါ အိပ်ချိန်စည်းမရှိဘူး။ နာရီမမှန်ဘူး စီးဝါးမကျဘူး။

စာအုပ်ကောင်းကောင်း ဖတ်မိနေရင်ပဲဖြစ်ဖြစ် အိမ်ပုံစံဒီဇိုင်းဆွဲတဲ့အထဲ စိတ်နစ်နေရင်ပဲ ဖြစ်ဖြစ် မိုးလင်းလို့လင်းမှန်းသိတာ မဟုတ်ဘူး။

တစ်ခါကလည်း အိတ္တျာနဲ့မောင် ဖုန်းပြောနေမိကြတာလေ ငှက်ပျောသီးမုန့်၊ ကောက်ညှင်းပေါင်းသည် အော်သံကြားမှ မနက် (၆း၃၀)မှန်း သိခဲ့ရတယ်။ တစ်ညလုံး ပြောစရာစကားတွေက မကုန်နိုင်ဘူးနော်။

အဲဒီနေ့တုန်းကတော့ အိပ်ရေးပျက်ပေမယ့် အချစ်ရဲ့နှီးဆော် မှုကြောင့်ပီတိ တဝေဝေနဲ့ မြူးကြွလတ်ဆတ်နေလိုက်တာ။

ဒီအကြောင်းတွေးလိုက်တိုင်း ရင်ခုန်လို့ကောင်းနေတုန်းပဲ မောင်။

အိတ္တျာကိုတွေ့ရင်မောင် မက်မက်မောမော ဆွဲပွေ့နမ်းလိုက်မှာလား လွမ်းလွမ်းဆွေးဆွေးငေးနေမှာလား။

ကြေကြေကွဲကွဲ ငိုချလိုက်မှာလား. . . . ။

ခြောက်ခြောက်ချားချားတော့ ထွက်မပြေးပါနဲ့မောင်ရယ်။

အဲလိုမျိုးဖြစ်ရမှာကို သေရတာထက် အိတ္တျာကြောက်တယ်။ သိလား. . . အိတာနဲ့မောင်ဟာ. . . ဘဝတွေ ဆယ်လီဆယ်ခါ စိတ်ပြီး ခြားနား ပေမယ့် နှလုံးသားချင်း နီးစပ်ထိကပ်နေတယ်





နော်. . . မောင်မမေ့နဲ့။

အချစ်ကြီးချစ်တဲ့ ချစ်သူနှစ်ဦးကို သေခြင်းတရားဟာ ဘယ်လိုမျိုးခွဲခြား ဖြတ်တောက်ပါစေ. . . ရင်ခုန်နွေးထွေးနေမှာပါ။ အိတ္တျာတော့ ဒီလိုပဲ ခံစားခံယူတယ်။

မောင်က သရဲ မကြောက်တက်ဘူးနော်. . .

ရုပ်ဆိုးတဲ့ လူတွေကိုသာ ရဲရဲမကြည့်တာ. . .

အိတ္တျာက သရဲမ ဆိုပေမယ့် နတ်သမီးလေးလို ချောနေတာ ဟုတ်တာ။ မောင်မချစ်ဘဲ မနေနိုင်လောက်ပါဘူး။

" ခွီး "

" အမေ့. . . . . "

" ညောင် . . . . "

" ဟဲ့. . . "

" အို. . . မိညောင် ဒီကောင်မလေး ငါ့ကို မမှတ်မိတော့ဘူးလား. . . ။ အေးပေါ့လေ အိတ္တျာလာတုန်းက မိညောင်မှ ပိစိကွေးပဲရှိသေးတာ။

မိညောင် တခွီးခွီးမာန်ဖီရင်း မီးဖိုချောင်ထဲ ပြေးဝင်သွားတာမြင်ရသည်။

" ခွမ်း "

" ဂလွမ်း. . . လွမ်း"

မိညောင် ကြောက်အားလန့်အားနဲ့ ပြေးသွားတော့ ရေသန့်ဘူးခွံလေးကို ဝင်တိုက်မိသည်။

ဒီလောက် ဆူညံပွက်နေတာတောင် မောင်ထမကြည့်ဘူး မောင် ဘာတွေများ ဒီလောက် အာရုံရနေပါလိမ့်. . .

အိတ္တျာနဲ့ မတွေ့ဖြစ်တဲ့ ကာလအတွင်း မောင်စည်းကမ်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



နေတာလား (သို့မဟုတ်) အိပ်ပျော်နေတာများလား. . .

" ကိုကြီး "

" ဟင် "

" မြတ် ပရက်ဂရန့်ရသွားရင် မောင်ဘယ်လိုလုပ်မလဲ. . ."

" ဒါ မင်္ဂလာသတင်းပေါ့. . . မန္တလေးမြို့ရဲ့ ကြိုက်တဲ့နေရာမှာ ရက်ဆက်(ပ်)ရှင် လုပ်မယ်လေ. . ."

" အပြောကောင်းတဲ့ ကိုကြီးပဲ"

" အကောင်းပြောတဲ့ ကိုကြီးပါ မြတ်ရယ်. . . မယုံလို့လား။ ကိုကြီး ခန္ဓာကိုယ်တစ်ခုလုံး မြတ်ကိုပေးခဲ့တာတောင် သံသယဖြစ်ချင်သေးတာလား"

" မနောက်နဲ့ ကိုကြီးရာ မြတ်ကြောက်တယ်"

" ဘာကို ကြောက်တာလဲ"

" မသိဘူး. . ."

" မရေရာတဲ့ ကံကြမ္မာကို ကြောက်တယ်။ မြတ် ကိုကြီးနဲ့ ကွဲရင်ရှုံးမှာ. . ."

"အိုး. . . ဂေါ့(ဒ်) "

" ဘာတွေဖြစ်နေကြပြီလဲ. . . လောကကြီး။ ဒါ (ခေးအော့(စ်)) စနစ်တကျ ဗလောင်းဗလဲနိုင်မှုပဲလား"

အိတ္ထာရင်တွေ မီးသဂြိုဟ်စက်ထဲရောက်နေသလို. . .

တဖျစ်ဖျစ်နဲ့ ပူလောင်ကျွမ်းမြေ့နေရပြီ. . .

" သူ့သဘောသူဆောင်တဲ့ လောကကြီးရယ်. . . အိတ္ထာကို ကျီစယ်တာဆိုလည်း ကျေနပ်ပါတော့နော်. . ."

" မြတ် တဲ့. . ."

" ကိုကြီး တဲ့. . ."





" ပရက်ဂရန့် တဲ့. . ."

" ရက်ဆက်(ပ်)ရှင် တဲ့. . ."

" မသိဘူး. . ."

" မသိချင်ဘူး. . ."

" အိတ္ထာ မကြားလိုက်ဘူးပဲ ထားပေးပါ။"

" ကြားခဲ့တာတွေ မဟုတ်ဘူးလို့ပဲ လက်ခံခွင့်ပြုကြပါ။"

" အိတ္ထာ့မောင်ကို အိတ္ထာတစ်ယောက်တည်း. . . မောင် အိတ္ထာကို မောင်တစ်ယောက်တည်း. . . ချစ်ပါရစေ. . ."

ပလေကိုးနစ်ချစ်ခြင်းရော ပက်ရှင်နစ်ချစ်ခြင်းရော မောင့်ကို အိတ္ထာပဲ ချစ်ချင်တယ်။

" မောင့်အချစ်ကို အိတ္ထာပဲရချင်တယ်။"

" မောင်ရယ်. . . အိတ္ထာဆီကပဲ ယူပါနော်. . ."

" မောင် ဘာကိုလိုချင်လဲ. . . ?"

" အိတ္ထာ အချစ်လား. . . ?"

" ခန္ဓာကိုယ်လား. . . ?"

" ပိုင်ဆိုင်မှုလား. . . ?"

" ဂုဏ်သိက္ခာလား. . . ?"

" အာလုံးကို အကျုံးဝင်တဲ့ဘဝလား . . . သို့မဟုတ် အသက်လား. . ."

" တောင်းလိုက်စမ်းပါမောင်. . . ပေးချင်လို့ပါ။"

" မောင့်ကို မြတ်နိုးမှုအထွဋ်အထိပ်အထိ။"

" ချစ်ခဲ့လို့မို့. . ."

" ချစ်နေဆဲမို့လို့. . ."



www.burmeseclassic.com

www.burmeseclassic.com



" ဆက်ချစ်နေဦးမှာမို့ပါရှင်. . . "

" အိတ္တာ့အချစ်က ကာလသုံးပါးမှာ မပျက်ယွင်း မညှိုးနွမ်း. . . မမိုန် ဖျော့သောချစ်ခြင်းရယ်ပါမောင်. . . "

" ခုတော့ မောင်ရယ်. . . "

" သေခြင်းအလွန်အထိ မြဲခိုင်ဆဲ အိတ္တာ့အချစ်အတွက် တုန့်ပြန်မှုက မမျှတလိုက်တာရှင်. . . "

" ဘာလဲ. . . လူတစ်ယောက်သေသွားရင်း အဲဒီသေလူအပေါ် ချစ်တဲ့ ချစ်ခြင်းလည်း လိုက်သေသလားရှင်. . . "

" ချစ်ခြင်းဟာ အမြဲတေတစ်ခုပါမောင် . . . အို. . . ယိုယွင်းပုတ်ဆွေး ခြင်းခေါင်းစဉ်အောက်က အသွေးအသားကိစ္စမှ မဟုတ်တာ။"

" မျက်ရည်မကျဘဲ အိတ္တာငိုနေတာ မောင်မခံစားမိတော့ဘူးလားရှင်. . . "

" အိတ္တာရဲ့ ခံစားမှုကြိမ်နှုန်းကို အိတ္တာကိုယ်တိုင်ထက် မောင်ပိုသိတယ်ကွ. . . "

ဆို. . .

" ခုတော့ . . . မောင်ရင်ထဲက ကြိမ်နှုန်းဖတ်ကိရိယာက အိတ္တာမဟုတ်တဲ့ မိန်းမတစ်ယောက်ရဲ့ ခံစားမှုအတွက်ပဲ အလုပ်လုပ်တော့တာလား ရှင်. . . "

" မောင် မတရားဘူး. . . "

" အို မဟုတ်သေးဘူး. . . "

" မောင့် အချစ်ကို ယူတဲ့ မြတ်နိုးတဲ့မိန်းမ မတရားဘူး"

" ပြင်းထန်တဲ့ ဒေါသတွေလှုပ်နိုးချိန်မှာ အိတ္တာ. . . "

ဝုန်းခနဲထရပ်နေမိတော့တယ်. . . စိတ်တိုလွန်းလို့ အိတ္တာ





လက်တွေ တဆက်ဆတ်တုန်နေပြီ. . .

ဖြစ်နိုင်ရင် မြတ်ကို ကျည်ထောက်ထဲ ကောက်ညှင်းထည့်သလိုထည့် ပြီး ပေါင်းတင်းဖုတ်နည်း ဖုတ်လိုက်ချင်သည်။

အိတ္တာ. . .

မောင်တို့အသံတွေကို အပြင်မှအတိုင်းသား ကြားနေရသည်။ အိတ္တာ အိမ်ထဲမဝင်နိုင်လို့ စိတ်တွေဗလောင်ဆူ နေတယ်. . .

" အို. . . "

" ကြည်စမ်းပါဦး. . . "

" ဟင့်အင်း. . . မကြည့်ကြပါနဲ့လေ. . . "

" ယိုသူမရှက်၊ မြင်သူရှက်. . . မောင့်အိပ်ယာထက်မှာ မောင်နဲ့မြတ်ပေါ့. . . ကမ္ဘာဦးအလှကိုယ်စီနဲ့. . . "

" ထွီ. . . "

အော့နှလုံးနာလိုက်တာ. . . အိတ္တာတစ်ယောက်လုံး ရောက်နေတာ မသိနိုင်လောက်အောင်ကို. . . အရှက်ကင်းနေကြပုံများ. . .

အိတ္တာ မျက်လုံးထဲမှာသာ နေအစင်းစင်းရဲ့ ခရမ်းလွန်ရောင်ခြည်ရှိရင်. . . မောင်နဲ့ အဲဒီကောင်မလေး အငွေ့တောင်ပျံချိန်ရလိုက်မှာ မဟုတ်ဘူး။

အိတ္တာ နဂါးမလေးဆိုရင် ဒီနှစ်ယောက်ပြာပုံဘဝက တောင်မတက်စေရဘူး. . . အဟုတ်ပြောတာ။

ဒေါသတကြီးနဲ့. . . တယုတယမောင့်လက်တွေကို ဆွဲကိုင်ဝှေ့ရမ်း ပစ်လိုက်သည်။

သို့သော် အိတ္တာရဲ့ လက်တွေက လေလိုတိမ်လိုမီးခိုးလို မော်လီကျူး ကျဲပါးနေတော့ မောင့်လက်ကိုဖမ်းဆုပ်မရ အချည်းအနှီးသာဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



" စိတ်တိုလိုက်တာနော်. . . "

" အိတ္တျာ စိတ်ဆောင်သလို အိတ္တျာ ကိုယ်က ဘာလို့မလိုက်ပါလိမ့်"

အိတ္တျာလက်တွေ အိတ္တျာကြည့်ရင်း မွန်းကျပ်မောဟိုက်လာသည်။

ထိုအခိုက်မှာ တခွီးခွီးနဲ့မာန်ဖီပြီး ထွက်ပြေးသွားတဲ့ မိညောင်အသံကို ကြားမိ၏။

ထိုအချိန်တွင်

" ဆန္ဒင်း (နန္ဒင်း) စော်နံလိုက်တာကိုကြီးရယ်. . . "

" ရှားစောင်းလက်ပတ်ပါတဲ့ လိုးရှင်းကို ကြိုက်တယ်ဆိုလို့ကိုကြီး သေချာဝယ်ခဲ့ပြီး. . . မြတ်ကိုလိမ်းပေးနေတာပါကွာ. . . ဘာ ဆန္ဒင်း (နန္ဒင်း)မှ မပါဘူး. . . ရော့ဒီမှာဗူး. . . မွှေးကြည့်. . . ဟာ ဟုတ်တယ်ဟ. . . နံတယ်. . . မဟုတ်ဘူး. . . လိုးရှင်းဗူးက နံတာမဟုတ်ဘူး. . . "

" မြတ်ကရော ဘာပြောလို့လဲ ဆန္ဒင်းနဲ့ နံတယ်ပဲပြော. . . "

" အိုး. . . "

" နံတယ်ကိုကြီး. . . ရှာပါဦး"

" ခွေးသေကောင်ပုတ် ထင်တယ်"

ပုတ်စော်နံလို့တဲ့. . .

" နံပြီပေါ့. . . ဗိုက်ကြီးသယ်မ အိမ်ရှေ့မှာ ပြုံးစိစိနဲ့ မောင်တို့ ကိုကြည့်နေရင်း ရပ်နေတာကိုး။"

အမလေး. . .

ဖြစ်နေလိုက်ကြတာ. . . အိတ္တျာစိတ်ရှိ သလောက်သာလုပ်လို့ရရင် ဒီကောင်မလေး စိစိညက်ညက် ကြေနေပြီ။





ပုတ်စော်နံတာ မောင့်ကိုဖက်တက်နေလို့ ပျောက်သွားမှာကျနေတာပဲ။

မောင်လည်းအတူတူပဲ မောင့်မျက်နှာက ကောင်မလေးရင်ဘတ်ထဲ ရောက်နေတယ်။ ကောင်မလေးရင်ဘတ်က ပုတ်နေတယ်များထင်နေလား မသိဘူး။

ပလူးနေကြပုံ. . . လောကကြီးကိုတောင် မေ့လို့. . .

အချစ်စိတ်တွေ တလူလူတောင်တက်နေတယ်။

ခုချိန်မှာ ဘာအပုတ်နံ့မှ သူတို့နှာခေါင်းထဲမတိုးတော့ဘူးထင်ပါရဲ့။

အိတ္တျာ ဒေါသတွေ မိုးကြိုးသွားလို စူးလက်ထက်ရှလို့သွား၏။

အဲဒီအချိန်မှာ

" ဂီး. . . "

" ဂစ်. . . "

" ဂစ်. . . "

" ဂီး "

ငှက်ဆိုးတစ်ကောင် မောင့်အိမ်ခေါင်ပေါ် ဝဲပျံအော်မြည်လျှက်ရှိသည်။

ကြင်နာလို့အရှိန်မြင့်နေသူနှစ်ဦး ထိတ်လန့်ကြီးစွာ လူးလဲထ၏။ ငှက်ဆိုးသံကလည်း သေမင်းခေါ်သံအလား ခြောက်ချားဖွယ်အတိ။

ကြားရဆိုးလိုက်လေ. . .

ညည့်ခန်းမီး ဖြတ်ခံနဲ့ပွင့်လာ၏။

ခဏအကြာ. . .

" ရှပ် "



www.burmeseclassic.com

www.burmeseclassic.com



" ရှပ် "

" ရှပ် "

" ကိုကြီးအရမ်းဆိုးတယ်. . . "

မူနွဲ့နွဲ့ ချိုအီအီအသံက အိတ္တာရင်ကို မီးစနဲ့မြှိုက်လိုက်သလို ပူလောင်လျှက်. . . .

" ဟင် "

မောင်နဲ့အတူ မိန်းမတစ်ယောက် အဝတ်အစားဖယိုဖရဲနဲ့ ဧည့်ခန်းထဲရောက်လာသည်။

အိတ္တာရင်တွေ ကြေမွစုတ်ပျက်သွားသည်။

" ဂိုး. . . "

" ဂစ်. . . ဂစ်. . . "

" ဂိုး "

ငှက်ဆိုးထိုးသံကြီး ထပ်မံကြားရသည်။

"အမလေး. . . ကိုကြီး"

" ကိုကြီး. . . "

" မြတ်ကြောက်တယ် "

" ကြောက်တယ်. . . "

" သ. . . သရဲခြောက်တာထင်တယ်. . . "

" ကြောက်တယ်"

သေမင်းငင်အော်သံနဲ့ မြတ်ဆိုတဲ့ ကောင်မလေး. . . မောင့်ရင်ခွင်ထဲ လိုသည်ထက် ပို၍တိုးလိုက်၏။

အိမ်တံခါးအပြင်ဘက်က အိတ္တာကိုတော့ မြင်ပုံမရ

" ကိုကြီးရဲ့ အိတ္တာများ မကျွတ်မလွတ်လို့များလား ဟင်"

" ရက်စက်လိုက်ကြတာနော်. . . ဖြစ်နိုင်ရင် နှစ်ယောက်





စလုံးရဲ့ ဝိညာဉ်ကိုတောင် နှုတ်လိုက်ချင်တယ် "

" မကြောက်ပါနဲ့ မြတ်ရယ်. . . မြတ်မှာ ဘာမှအပြစ်မရှိပါဘူး. . . အိတ္တာမကျေနပ်ရင်တောင် ကိုကြီးကိုပဲသတ်မှာပါ. . . "

အိတ္တာကို မောင်မေ့သွားနိုင်ပြီပေါ့နော်

မြတ်ကိုတော့ ချစ်ပြနေလိုက်တာ. . .

သေတဲ့အထိ အသက်ပေး ချစ်ပြတော့မယ့်သဘောပဲ။ အိတ္တာတစ်ကိုယ်လုံး အက်ဆစ်ရိုင်းနဲ့ အပက်ခံရလို စုတ်ပြတ်သတ်အောင် နာကျင်ရပါသည်။

ရက်စက်ရက်တဲ့ မောင့်ခန္ဓာကိုယ်အနှံ့ မိုးကြိုးလျှပ်စီးလို ပြင်းထန်တဲ့ အကြည့်တွေနဲ့ ကြည့်ပစ်လိုက်တယ်။

ရက်စက်လိုက်တဲ့ မောင်. . .

ကျွန်မနဲ့ မောင့်ရဲ့ပိုက်ဆံနဲ့ဝယ်စုထားတဲ့ ဒီမင်္ဂလာကုတင်ပေါ်. . . မောင်မို့ တခြားမိန်းမ တစ်ယောက်နဲ့နေရက်တယ်နော်

အိတ္တာအပိုင် အိတ္တာမင်္ဂလာကုတင်က အဲဒီမိန်းမအတွက် မင်္ဂလာကုတင် ဖြစ်ရရောလား. . .

" ဆိုးလိုက်တဲ့ ကံတရား. . . "

" အိတ္တာရေ. . . ခြောက်မယ်ဆိုလဲ မောင့်ကိုခြောက်ဟေ့ မြတ်ကိုတော့ မခြောက်နဲ့. . . အိတ္တာနဲ့မောင်က ဘဝခြားသွားပြီ. . . "

မောင်. . . ရယ်လေ သူ့ကောင်မလေးကျေနပ်အောင် ထင်ရာမြင်ရာ လျှောက်အော်နေလေရဲ့. . .

အိတ္တာကို မောင်မေ့သွားပြီ. . .

အိတ္တာရဲ့အချစ်တွေက သုံးမရအောင် တန်ဖိုးမဲ့သွားပြီလား



www.burmeseclassic.com

www.burmeseclassic.com



" မောင်သစ္စာမရှိဘူး. . . "

" မောင့်ကို မုန်းတယ် "

" မောင့်ကိုရော မြတ်ဆိုတဲ့ မိန်းမကိုရော မုန်းလိုက်တာ"

" သေစေချင်လိုက်တာ တကယ်ပါ"

" ဟီး. . . "

သူမအနီးမှ ဗိုက်ကြီးသည်မလည်း သူမနည်းတူ ပေါက်ကွဲနေပြီ

ပြုံးကျယ်စိမ်းပြောင် မျက်လုံးထဲမှာ ရက်စက်ခြင်းတွေ ခြောင်းခြောင်း ထနေပြီ. . .

ထိုစဉ် ဝင်းထိန်သော ခါတ်မီးရောင်က ဗိုက်ကြီးသည်မ မျက်နှာပေါ် ထိုးကျလာ၏။

ဗိုက်ကြီးသည်မ၏ ရုပ်လုံးမပီတော့သော မျက်နှာကြီးထက်မှာ အပြုံးတွေရုပ်ဆိုးခတ်ထန်စွာ ပွင့်နေလေရာ. . . သွားတွေသည် ငမန်းရိုင်း တစ်ကောင်ရဲ့ အစွယ်များလို ချွန်ပြီး ဖွေးလက်သွား၏။

ထိုမြင်ကွင်းကို မြတ်ဆိုသည့် မိန်းမမြင်သွားသည်။

" အီး "

" သရဲကြီး "

မြတ်၏ ငယ်သံပါအောင်အော်သံနက်ကြီးကား ခွေးအူသံများကိုပင် ဖုံးလွှမ်းသွားလေသည်။

သေမင်းငင်အောင်အော်ရင်း သွေးရူးသွေးတမ်းနဲ့ လမ်းမပေါ်ထွက်ပြေးသွားတော့သည်။

" သရဲကြီး. . . "

" သရဲမကြီး. . . "

" ရှင်းသန့်အိမ်ထဲမှာ သရဲမကြီး. . . "





ခါတ်မီးရောင်တွေနဲ့အတူ မောင့်ခြံထဲ လူတွေပြေးဝင်လာကြ၏။

ခွေးသံလူသံ ဆူဆူညံနေသည်မှာ ပုလဲဆိပ်ကမ်းဝုံးကွဲသ ထက်ပင် ပွက်လောရိုက်နေ၏။

ပြေးထွက်သွားရာ မြတ်နောက်သို့ မောင်ပြေးလိုက်သွားစဉ်

" ဒုန်း ".

" အား "

" မြတ် "

လမ်းကြားထဲမှ အရှိန်မလျှော့ပဲ မောင်းလာသောကားနှင့် အိမ်ထဲမှထွက်ပြေးသွားသော မောင်နှင့်မြတ်ကို ဝင်တိုက်မိတော့သည်။

" မောင်"

အိတ္တာအော်သံကိုတော့ မောင်မကြားတော့ပေ။

မောင်ရော မြတ်ပါ သွေးအိုင်ထဲလဲကျနေ၏။

" ဟာ "

" ကားတိုက်ပြီဟေ့ . . . Amloulance ကားခေါ်ကြပါ ဟာ လုပ်ကြပါ. . . ဖုန်းဆက်ကြပါ "

ရပ်ကွက်သူ ရပ်ကွက်သားများ ဆူညံစွာမောင်တို့ဆီ ပြေးသွားကြတော့သည်။

မောင်တို့ ထိုသို့ ရုတ်ရုတ် ရက်ရက်ဖြစ်နေစဉ်

ပိတ်ဖြူစင်ကြယ်ဝတ် အဖိုးကြီး ဗိုက်ကြီးသည်မဆီ ပြေးဝင်လာပြီး လက်ထဲမှတောင်ဝှေးနဲ့ ပြေးရိုက်သည်။

လူတွေကို တိုးဖြတ်ပြေးလွှားရှောင်တိမ်းနေသော ဗိုက်ကြီးသည်မနှင့် လိုက်ရိုက်သော ပိတ်ဖြူဝတ်အဖိုးကြီးတို့ လူအုပ်ကြားထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝရုန်းသုန်းကား ပြောင်းဆန်လို့နေသည်။

အိတျာရဲ့ ရှေ့မှာ ဗိုက်ကြီးသည်မလည်း သားပိုက်ကောင် တစ်ကောင်လို ခုန်ဆွခုန်ဆွနဲ့ ဒရောသောပါး ပြေးနေတော့သည်။

အိတျာတို့ ထွက်ပြေးကြ၏။

သကျသီဟဘုရားတောင်ဖက်မုခ်ရောက် အိတျာနဲ့ ဗိုက်ကြီးသည် လူချင်းကွဲသွားကြ၏။

အိတျာ. . .

မောင့်ကိုစိတ်မချ. . .

မောင့်ဆီပြန်သွားချင်၏။

သို့သော်. . .

မသွားရဲတော့ပေ. . .

အိတျာတို့၏ တိုက်ပျက်ကြီးဆီသွားဖို့ ကြံစည်မိပေမယ့်. . . .မသွားဖြစ်ပါ။

" အူ. . ."

" အူ. . ."

" အူ. . ."

ခွေးတွေ အိတျာနောက်သို့ တစ်သီတစ်တန်းကြီး ထိုးအူ ပြေးလိုက် လာကြ၏။

အိတျာ ရပ်မနေရဲတော့ပါ။ ခြေဦးတည့်ရာပြေးခဲ့သည်။ ခြေကုန်လက်ပန်းကျသည်အထိ ပြေးနေမိသည်။

မောဟိုက် ပင်ပန်းမှုက အကြိမ်ကြိမ်သေဆုံးလိုက်ရသလို ခက်ထန် လွန်းလှသည်။

သို့တိုင်အောင် ပြေးမြဲသာ ပြေးနေတော့သည်။

အိတျာ ဘယ်ကိုရောက်နေပြီလဲ. . .





အိတျာ နောက်မှာ ခွေးနက်ကြီးတွေ တစ်ဖွေးရှရှ အစွယ် ပြူးပြူးတို့ဖြင့် လိုက်လာဆဲဖြစ်၏။

ဘာမှ မစဉ်းစားနိုင်တော့ပေ. . . နီးစပ်ရာခြံထဲ ပြေးဝင် လိုက်သည်။

ခွေးနက်ကြီးများ မျက်ခြေပြတ်သွား၏။

သို့သော်

" ဝုတ်. . ."

" ဝုတ်. . ."

" ဝေါင်း. . ."

ချွန်စူးစူးအသံလေးနဲ့ ခွေးလေးတစ်ကောင် အိတျာဆီ ပြေးလာ၏။

အိမ်ရှေ့ဝရန်တာမီး ဖျတ်ခနဲလင်းသွားသည်။

အိတျာ မှောင်ရိပ်ကျရာ တမာပင်တစ်ပင်အောက် ပြေးကပ် လိုက်တော့. . .

အိတျာ မှောင်ရိပ်ကျရာ တမာပင်တစ်ပင်အောက် ပြေးကပ် လိုက်တော့. . .

ကြက်သီးမွေးညှင်းတွေ တဖြန်းဖြန်းသီးထကာ ရင်ထဲမှာ အပျော်နဲ့ အမောရောထွေးသွားရသည်။

" တွေ့ပြီ. . ."

" ဒါ. . ."

" ဒါ. . .

" မောင့်နာရီလေး. . ."

" အိတျာ နာရီလေး. . ."

အနည်းငယ်မှိုမောက်နေသော မြေပုံပူစာလေးထဲ အိတျာ



www.burmeseclassic.com

www.burmeseclassic.com



လက်ဝင်သွားသည်။

"အို. . . ဝမ်းသာလိုက်တာ"

" အိတ္တျာ နာရီလေး ပြန်ရပြီမောင်ရေ။ မောင့်နာရီလေး အိတ္တျာဆီပြန်ရောက်ပြီ. . ."

အိတ္တျာ စိတ်မှတ်မဲ့ဒလစပ်ပြောနေစဉ်. . .

ချစ်စရာ့စုတ်ဖွားခွေးလေး အိတ္တျာမျက်နှာဆီ ပြေးဟတ်ခုန်ကိုက်လိုက်၏။

အိတ္တျာ အလန့်တကြား နောက်ဆုတ်အရှောင်လိုက်မှာ လူတစ်ယောက်၏ မျက်နှာကို အနီးကပ်မြင်သည်။

မြင်ဖူးသလိုလိုရှိ၏။ ပြောလို့သာပြောသည် ဒီစုတ်ဖွားခွေးလေးကိုလည်း အိတ္တျာ ရင်းနှီးနေသလိုခံစားရသည်။

"လီရောင်ဂျေး. . ."

" ဟဲ့. . ."

" သား. . . ဘာဖြစ်နေလဲ. . ."

" လာလာ. . ."

" အမွှေဆီလာ. . ."

" အိုး. . . လီရောင်ဂျေးဆိုပါလား။ ကြားဖူးတယ် ရင်းရင်းနှီးနှီးကြားဖူးတယ်. . . ကိုရီးယားမင်းသားလား. . . ဟုတ်တော့ ဟုတ်တယ်။ ဒါပေမယ့် ဒီနာ မည်ကို လက်ပွန်းတတီးကို မှတ်မိနေတာ. . . မင်းသားတစ်ယောက်ရဲ့ နာမည် အဖြစ်နဲ့ မဟုတ်ဘူး။"

စုတ်ဖွားခွေးလေးကတော့ သူမကိုမှတ်မိဟန်မတူ စူးရဲရဲနဲ့ အိတ္တျာကို ကြည့်လိုက်. . . သူ့ သခင်မ အန်တီကြီးတစ်ယောက်ကို ကြည့်လိုက်နဲ့. . . ဝေခွဲ မရဖြစ်နေဟန်. . .





အိတ္တျာ. . . ခွေးလေးကို မကြောက်ဘူး ချစ်တောင်ချစ်မိသလို ရှိခိုက်မှာ. . .

" ဟေတုပစ္စယောတိ. . ."

" ဟေတု. . ."

" ဟေတု သပ္ပယုတ္တကာနံ ဓမ္မာနံ သံသမုဋ္ဌာနာ နဥ္စရူပါနံ. . . ဟေတုပစ္စယေနပစ္စယော. . ."

အိမ်ကြီးဆီမှ ယောကျ်ားကြီးတစ်ယောက် နှစ်ဆယ့်လေးပစ္စည်း ပစ္စုဒ္ဒေသရွတ်ဖတ်သံကို နားဆတ်ဆတ်ကြားမိ၏။

"အာရမဏပစ္စယောတိ. . . ရူပါယထနံစက္ခုဝိညာန ဓါတုယာ. . ."

အိတ္တျာ ပဋ္ဌာန်းဒေသနာတော်ကို အလွတ်ရနေပြီးသားမို့ လိုက်ရွတ် နေမိတော့သည်။ စိတ်ပါလက်ပါ ရွတ်နေမိတော့သည်။

အိတ္တျာ ခန္ဓာကိုယ်ပေါ် တောင်ကျချောင်းရေတွေ စီးကျလာသလို အေးခနဲဖြစ်သွား၏။

အိတ္တျာ ဆက်ရွက်နေသည်။

"အဓိပတိပစ္စယောတိ. . ."

"ဆန္ဒာဓိပတိ. . ."

အိတ္တျာ မျက်စိမှိတ်ထားပေမယ့် အိတ္တျာ မျက်စိထဲကြည်လင်အေးမြသော အလင်းတန်းကြီး ဖြတ်ဝင်လာသည်။

အိတ္တျာ တစ်ကိုယ်လုံး လုံခြုံလင်းလက်သွားလေပြီ. . .

အဲဒီ့နောက်မှာတော့ အိတ္တျာ. . . ကိုယ့်ကိုကိုယ်ပင် မဖြစ်တော့ ဘာကိုမှမမြင်တော့ အနီရောင်နံရံတွေရှိတဲ့ အခန်းလေး တစ်ခုထဲ ရောက်သွားသည်။

အိတ္တျာ ပဋ္ဌာန်းဒေသနာတော်ကိုတော့ ရွက်မြဲတိုင်း ရွက်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပွားများ လျှက်ရှိသည်။

နီရဲမှောင်မည်းမှုက အိတ္တာအတွက် ကျဉ်းမြောင်းပေမယ့်. . . အိတ္တာကို ခြောက်ချားစေသည့် ခွေးနက်ကြီးတွေ မတွေ့ရတော့. . . ဗိုက်ကြီးသည် သရဲမအပါအဝင်. . . အမယ်ကန်ဆိုသည့် အရုပ်ဆိုးဆိုး အဖွားကြီးကို မမြင်ရတော့ပေ. . .

အိတ္တာ. . .

ဒီအခန်းကျဉ်းလေးထဲက ထွက်ပြေးလို့လည်း မရတော့သလို ထွက်ပြေးချင်စိတ်လည်းမရှိတော့ပါ။

ပဌာန်းဒေသနာတော် ပစ္စယုဒ္ဒေယ (မကျဉ်းမကျယ်) ကို အပြီးတိုင် ရွက်ပြီးတော့ အိတ္တာမောဟိုက် အိပ်ငိုက်လာသည် ထင်သည်။

မိုက်ခနဲ တစ်ချက်ဖြစ်သွား၏။

နောက်ဆုံးသိတာတစ်ခုကတော့. . . ဘုန်းကြီးကျောင်းမှ တုံးခေါက် သံအဆုံး. . . တဝေဝေကြေးစည်သံလေးကိုသာ ကြားအပြီးဘာကိုမှ မကြားတော့ မသိတော့ပေ. . .

" တူ. . ."

" ဝေ. . ."

" ဝေ. . ."

" ဝေ. . . ."



## အခန်း (၇)

မနက်လင်းပိုင်းရောက်မှ ခေါင်းမူးနောက်ကျိလို့ ဒေါ်သင်းမြ အိပ်ယာထဲပြန်ဝင်ကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့သည်။

အိပ်ယာနိုးချိန် စားပွဲတင်နာရီကြည့်လိုက်တော့ ကိုးနာရီခွဲ နေလေပြီ. . .

" အိုး. . ."

" အဲလောက်ထိ အိပ်ပျော်သွားတာပါလား. . . "

" တော်သေးတယ်. . . ဒီနေ့ ဆိုင်ပိတ်ရက်မို့. . ."

" သမီး ပုံပုံ ကျောင်းသွားပြီ ကိုမိုးလုံး. . . "

ဆေးရုံသွား နေချိန်ဖြစ်၍ ငြိမ်ငြိမ်သက်သက်အိမ်လေး. . . ပိုမိုတိတ်ဆိတ် လျှက်ရှိသည်။

ရေချိုးခန်းထဲမှာ အကြာကြီး ရေစိမ်ချိုးပစ်လိုက်၏။ တစ်ကိုယ်လုံး အေးစက်လန်းဆန်းသွားတော့သည်။

" မမသင်း. . ."

" ရွှေတောင်ခေါက်ဆွဲလုပ်ထားတယ်။ ခါတိုင်းလိုပဲ ကြက်မောက်သီးဖျော်ရည်နဲ့ ထိပ်ထားပြင်လိုက်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



" ကြက်မောက်သီးဖျော်ရည် မလုပ်နဲ့တော့ ထိပ်ထား...
လက်ဘက်ရည်ဆိုင်က ကျစိမ့်ရှယ်တစ်ခွက်သာ ဝယ်ပေး..."

" ပြီးရင်... ခေါက်ဆွဲနဲ့လက်ဘက်ရည်ကို တမာပင်
အောက် ကခုံတန်းဆီ လာပို့လှည့်..."

" ရှင်..."

" လက်ဘက်ရည်ကျစိမ့်ဟုတ်လား"

" အေး "

" မမကြီး တစ်ခါမှ ကျစိမ့်မသောက်ဖူးပါဘူး..."

" အေးဟယ်..."

" အခု ဘယ်လိုဖြစ်တယ် မပြောတတ်ဘူး..."

" ရှယ်ကျစိမ့်ချဉ်ခြင်းတနေမိတယ်..."

" ရှင်..."

" ချဉ်ခြင်း... ချဉ်ခြင်းတတာ ကိုယ်ဝန်ဆောင် သည်တွေ
မှ တတာမှတ်နေတာ"

" မသိဘူးအေ... မောလိုက်တာနင့်ရှင်းပြနေရတာ တစ်
မျိုး"

ဒေါ်သင်းမြ ခပ်ဆတ်ဆတ်လေးပြောလိုက်မှ ထိပ်ထား
သုတ်သီး သုတ်ပျာထွက်သွားသည်။

သိပ်မကြာလိုက်...

ရွှေတောင်ခေါက်ဆွဲ၊ လက်ဘက်ရည်ခွက်၊ ရေနွေးကြမ်းခရား
လက်သုတ်ပုဝါတို့ ယူကာ ထိပ်ထားပြန်ရောက်လာ၏။

" မမသင်း "

" ထိပ်ထားဘာလုပ်ပေးရအုံးမလဲ..."

" ငါ့ကို ဘာမှမလုပ်ပေးနဲ့... အိမ်ထဲမှာလုပ်စရာရှိတာသာ





သွားလုပ်"

" ဟဲ့ "

" ထိပ်ထား..."

" ငါမခေါ်မချင်း ငါ့နားမလာနဲ့"

" ကြားလား..."

" ဟုတ်ကဲ့ မမသင်း..."

" အလုပ်တွေပြီးရင် ဇာတ်လမ်းတွဲ ကြည့်မယ်နော်..."

" ကြည့်ဟေ့ ..."

" ကြည့်"

" နင့်မလဲ ဒီကိုရီးယားတွေနဲ့ပဲ နပန်းလုံးနေတော့တာ ကြည့်
လုပ်ဦး..."

" လီရောင်ဂျေးနဲ့ညားနေဦးမယ်..."

" အို..."

" မမသင်းကလဲ..."

" အဆိုတော်ရိန်းလို့ ပြောပါလားလို့..."

" အမလေး..."

" အီနေလိုက်တာအေ... သွားပါတော့ ရှင်ထိပ်ထား
လေးရယ်။ ရှင့်ကြည့်ရတာ ခေါင်းတွေနောက်လွန်းလို့ပါ။"

အဲတော့မှ ထိပ်ထားသည် လျှာကလေးပြူတစ်တစ်လုပ်ခါ
မြီးကောင် ပေါက်မလေးလို ဘတ်စကတ်ဘောလုံးလေးလို...
အိမ်ထဲဝင်ပြေးတော့လေသည်။ ခုန်ဆွ ခုန်ဆွ။

" လီရောင်ဂျေးလို့ မခေါ်နဲ့နော် မမသင်း... ရိန်းလို့ပြော
လီရောင်ဂျေးဆို အိမ်ကခွေးနဲ့မှားမှာစိုးလို့..."

" အဟိ "



www.burmeseclassic.com

www.burmeseclassic.com



ပြေးရင်းလွှားရင်း ခုန်ပေါက်ရင်းနဲ့ အော်သွားသေးသည်။

"တော်တော်အရူးထတဲ့ ထိပ်ထား. . . မကြီးမငယ်နဲ့သွားပုံး လာပုံကိုက"

ဒေါ်သင်းမြ ထိပ်ထားထံ မသက်မသာကြည့်ကာ သက်ပြင်းဖွဖွချ၏။

ကိုဖိုးလုံး၏ ဆွေမျိုးနီးစပ်မို့ အိမ်မှာခိုင်းသည်သာဆိုရသည်။ ညီမ အရင်းလို. . . ငယ်သူငယ်ချင်းလို ဆက်ဆံသည်။ ထမင်းစားတာကအစ လက်ဆုံတစ်ဝိုင်းတည်းစားဖြစ်၏။ ထိပ်ထားကလည်း ရိုးရိုးဖြောင့်ဖြောင့်. . . မခိုမကပ်၊ မခိုမဝှက်။

လီရောင်ဂျေးဆိုတဲ့ ကိုရီးယားမင်းသားလေးကို. . . ထိုင်းမလေးတွေ နီးနီး. . . စွဲလန်းနှစ်ခြိုက်သူ။

လီရောင်ဂျေးဆိုမှ သတိရသည်။ မနက်လေးနာရီလောက်က ခွေးလေး လီရောင်ဂျေး. . . ဒီတမာပင်အောက်မှာ စူးစူးဝါးဝါး ဟောင်သည်။ သူမကြည့်တော့လည်း ဘာမှမတွေ့. . . ခဏနေမှ ပြန်ငြိမ်သွား၏။ ထူးထူး ခြားခြားဘာမှမတွေ့. . .

သို့သော် . . .

အနည်းငယ်ထူးတာတစ်ခုက ကိုဖိုးလုံးပဋ္ဌာန်းရွက်သည့် အချိန်မှာ . . . သူမတစ်ကိုယ်လုံး. . . ချမ်းစိမ့်တက်လာပြီး. . . ခေါင်းတွေ လေးလာ၍ အိပ်ပစ်လိုက်ရသည်။ ရာသီဥတုက ဆိုလောက်အောင်မအေးပါဘဲ ဘာကြောင့်ချမ်းရသည်လဲ။

လေးနာရီမတ်တ ်းအိပ်ရာထပြီးတိုင် ပြန်အိပ်သည့်အကျင့် မရှိပါဘဲ ဘာကြောင့် အိပ်ခဲ့မိသည်လဲ။

ပြီးတော့ ဒေါ်သင်းမြ အိပ်မက်ဆန်းဆန်း မက်ခဲ့ သလိုပဲ အိုး. . . သိပ်ဟုတ်တာပေါ့. . . အိပ်မက်ထဲမှာသိပ်လှတဲ့ မိန်းကလေး





တစ်ယောက်. . .

ဒေါ်သင်းမြ လွှက်ရည်တစ်စုတ်သောက်ရင်း အိပ်မက်ထဲမှ နတ်သမီးလို မိန်းမချောလေး၏ ရုပ်သွင်ကထင်ရှား၍ လာတော့သည်။

ဒေါ်သင်းမြ၏ရွှေဆိုင်သည် တစ်နေ့တစ်ခြား ဝယ်သူစည်ကားလျှက်ရှိသည်။

အလျှော့တွက်လက်ခ သင့်မြတ်ချိုသာခြင်း၊ ပန်းထိမ်လက်ရာထူးခြား ဆန်းသစ်ခြင်း၊ ဝယ်သူစိတ်ကြိုက် အပ်ထည်များ၊ အော်ဒါများကို ရက်ချိန်းတိကျ တလေးတစားလုပ်လေ့ရှိခြင်း၊ အရည်အသွေးပြည့်မှီသော ရွှေစင်၊ ရွှေသားကိုသာ ကိုင်တွယ်ရောင်းတက်ခြင်း၊ မြို့ခံနယ်ဝေးဖောက်သည်များအတွက် လူမှုရေးအကူအညီကို ဘုန်းကြီးကျောင်း တစ်ကျောင်းလို ရိုင်းပင်းကူညီတတ်ခြင်း။

ဝန်ထမ်းများအား တစ်ပြေးညီတစ်သားတည်း ဆွေမျိုးရင်းပမာ ဆက်ဆံခြင်း၊ ထိုက်တန်သော လစာပေးသည့်အပြင် နှစ်စဉ်အရောင်းမြှင့်တင်ရေး ကာလသတ်မှတ်၍ ဝန်ထမ်းများအတွက် မြောက်မြားစွာသော ဘောနပ်(စ်)ပေးလေ့ရှိခြင်း. . .

နိုင်ငံခြားသားများအတွက်လည်း အဖိုးတန်ကျောက်မျက်များကတစ်မျိုး. . . ကျောက်စိမ်းအသား၊ ကျောက်ပန်းပုလက်ရာ ဆန်းများဖြင့် တစ်ဖုံ ဆွဲဆောင်နိုင်စွမ်းသည်။

. . . စသည့် ဝန်ဆောင်မှုများကြောင့် မြို့ခံနယ်ခံ၊ မြို့ဝေးနယ်ဝေး၊ အိုဟာဆီးများမှ ဖောက်သည်များတိုး၍တိုး၍ လာသည်။

နိုင်ငံကျော်ဆိုင်ကြီးများနည်းတူ ရောင်းပန်းဝယ်ပန်းကောင်းမွန် ကျော်ကြားရုံသာမက ယုံကြည်စိတ်ချရမှုက ထိပ်ဆုံးမှာ ရှိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သင်းမြ ပီတိဖြစ်လို့မဆုံးတော့ပေ. . . ဒါတွေအားလုံး . . . ဒီလို တိုးတက်အောင်မြင်တာသည် သမီးငယ်အိတျာ၏ အစွမ်းကြောင့်ဖြစ်သည်။

နတ်သမီးတစ်ပါးလို လှပလွန်းသော သမီးငယ်သည် အလုပ်အကိုင်၊ ဉာဏ်ရည်ဉာဏ်သွေး လူမှုဆက်ဆံရေးနယ်ပယ်မှာလည်း ထက်မြက်ပါးနပ်သည်။

ခေတ်၊ ဈေးကွက်၊ ဝယ်လိုအား၊ ရောင်းလိုအား၊ အရောင်းထိုင်း၊ အရောင်းသွက်၊ မီဒီယာ၊ ကြော်ငြာ၊ ပန်ထမ်းကောင်းမွေးမြူခြင်း၊ ကိုယ်ပိုင်ဒီဇိုင်း၊ အတက်ပညာရှင်ဒီဇိုင်း၊ ကျွမ်းကျင်ထက်မြက်သွက်လက်ချက်ချာသော လူငယ် ဝန်ထမ်းများနှင့် စွမ်းရည်ပြည့်ဝလူကြီးပိုင်း ဝန်ထမ်းတို့ကို အချိုးညီ စုစည်းထားခြင်း. . . .

သီအိုရီနဲ့လက်တွေ့ ပေါင်းစပ်ခြင်း စတာတွေကို အသက်နှစ်ဆယ် အရွယ် ကျောင်းပြီးစ သမီးငယ်အိတျာ ဦးဆောင်တာပါ။

လူတကာချီးမွမ်းလက်ဖျားခါရလောက်အောင် စီးပွားရေးအမြင် ကြီးမားနက်ရှိုင်းသည်။

အကြီးမကြီး ပုံ့ပုံ့ကတော့ သူ့အဖေ ဦးဖိုးပြုံး ခြေရာ နင်းသူဖြစ်၏။ ဆရာဝန်မကြီး ဒေါ်ပုံ့ပုံ့ဖြစ်နေပြီ သုံးဆယ်နှစ်နှစ်အထိ အိမ်ထောင်မပြုသေးသော အပျိုကြီးသည် ရွှေဆိုင်အရောင်းတိုးတက်ဖို့ထက် နှလုံးသွေးကြောမှာ ရောဂါပိုးသယ်ဆောင်တဲ့ ပိုးမွှားကောင်ရေဘယ်လောက်ရှိ သလဲဆိုတာကို ပို၍စိတ်ဝင်စားသည်။ သမီးငယ်လောက်မလှပေမယ့် ပြုံးချိုအေးမြသော မျက်နှာရိပ်က လူနာတွေအားကိုး ယုံကြည်ချင်စရာ အပြည့်အဝ။

ဖခင်ဖြစ်သူ နှလုံးအထူးကုသမားတော်ကြီး ဦးဖိုးလုံး၏ အရှိန်အဝါကလည်း သမီးကြီး ဂုဏ်တက်ဖို့ အထောက်အပံ့ကောင်း





ဖြစ်သည်။

ဒေါ်သင်းမြကတော့ သမီးငယ် အိတျာကိုပဲ ပို၍အားကိုးသည်။ အိမ်၏ စီးပွားရေးကလည်း သမီးငယ်လက်ထက်မှာ အံ့သြလောက်အောင် တိုးတက်လာခဲ့သည်။

ဒေါ်သင်းမြနှင့်ဦးဖိုးလုံးတို့ ပိုပြီးဂုဏ်တက်စေသည်မှာ သမီးကြီးရော သမီးငယ်ပါ အိမ်ထောင်မပြုသေးခြင်းကြောင့်ဟုဆိုရမည်။

သမီးငယ်လေး အိတျာကိုမူ မိမိရွှေဆိုင်ကြော်ငြာအတွက် ကိုယ်တိုင် သရုပ်ဆောင်ဖူးသောကြောင့် ရုပ်ရှင်ဒါရိုက်တာများ၊ ရုပ်ရှင်ဗီဒီယိုထုတ်လုပ်သူများ မျက်စိကျလျှက်ရှိ၏။ သို့သော် သမီးငယ်က စီးပွားရေးလုပ်ငန်းမှလွဲရင် ဘယ်အရာကိုမှ စိတ်မဝင်စားပေ။

ဒါသည်ပင် မိခင်အနေနဲ့ ရင်အေးရ၏။

သမီးငယ်၏ မျက်နှာသည် ဒေါ်သင်းမြရင်မှာ အေးမြလွန်းသော ရေစင်လိုငြိမ်းချမ်းစေသည်။

ကြည့်မဝ၊ ရှုမဝနိုင်တော့ပေ။

" အိတျာ. . . "

" သမီးငယ်လေးရယ် "

နှုတ်မှာ အချိုမြိန်ဆုံးစကားလုံးတွေနဲ့ ဒေါ်သင်းမြအပြုံးတွေ တစ်လောကလုံး ချိုရီလတ်ဆတ်သွားသည်အထိ ဝင်းလက်လို့သွား၏။

" ဟာ. . . "

" ငါ့မိန်းမ ရွှေဆိုင်အမြတ်တွေတွက်ပြီး ပြုံးနေတာထင်တယ်ဟေ့. . . ငါ့မိန်းမအပြုံးက လင်းလွန်းတော့ တစ်လောကလုံးရဲ့အရောင်အဝါတွေ မှိန်ကုန်ပြီကွာ. . . ဒီလိုလှတဲ့



www.burmeseclassic.com

www.burmeseclassic.com



အပြုံးတွေ မတွေ့ ရတာ ဆယ်နှစ်ကျော်သွားပြီ လှလိုက်တာ မိန်းမရာ. . . "

ဦးဖိုးလုံးအသံကြားမှ ဒေါ်သင်းမြ ရှက်ရယ်ရယ်၏။

ညက အိပ်မက်ကိုပြန်လည်မြင်ယောင်နစ်မျောမိတာကို ပြောပြတော့ ဦးဖိုးလုံးနှစ်နှစ်ခြိုက်ခြိုက်ထရယ်လိုက်၏။

" မင်းအိပ်မက်ကလည်း နာမည်တွေဘာတွေ အတိအကျ ပါတာ ပါလား. . . အိတ္တျာဟုတ်လား. . . နာမည်လေးက ချစ်စရာ ပါလား မသင်းမြရာ မင်းအိပ်မက်အရဆို. . . ဒို့မှာ. . . နောက်ထပ်. . . သမီးရတနာတစ်ပါး ရဦးမယ့် သဘောပေါ့။ ဝမ်းသာလိုက်တာ မသင်းမြရယ်. . . ငါ့သမီး ကြီးအတွက် အဖော် ရပြီပေါ့၊ ချစ်စရာညီမလေး ရတော့ မယ်ပေါ့. . . "

" ဟုတ်တယ်ထင်တယ် ကိုဖိုးလုံး. . . သမီးငယ်လေးကို အိတ္တျာလို့ပဲ ခေါ်ကြရအောင်နော်. . . "

" တနင်္ဂနွေသမီးမဟုတ်ရင်ရော"

" ဘာပဲဖြစ်ဖြစ်ရှင်. . . အိတ္တျာလို့ပဲမှည့်မယ်"

" ဟား. . . "

" ဟား. . . "

" ဟား. . . "

" ငါတို့အဖြစ်က မုန်ဆီကြော်ကအဝေးကြီး ရှိသေးတယ်. . . နွတ်ခမ်း နာနဲ့ တည့်ပါ့မလားဖြစ်နေပြီ၊ လာ ကို ကိုယ်တိုင် မင်းကို စမ်းသပ်ပေးမယ်"

" ဘာစမ်းမှာလဲ. . . ရှင်ကလဲ ဆရာဝန်ပီပီ တွေ့သမျှလူကို စမ်းသပ်မယ်. . . ကုသမယ်ဆိုတာချည်းပဲ. . . ကျွန်မနေ





ကောင်းပါတယ်"

" မင်းပဲ သမီးငယ်လေးကို အိပ်မက်မက်တယ်ဆို"

" အဲဒီတော့"

" အဲဒီတော့. . . "

" ကိုယ်ဝန်ရှိ မရှိ. . . စမ်းကြည့်ရမယ်လေ. . . လာပါ မိန်းမရယ်. . . result လေးက ကိုယ်တို့အတွက် မင်္ဂလာ သတင်းသယ်ဆောင် ပေးမှာပါ"

" အို . . "

" ဟုတ်တာပေါ့. . . "

" အော်. . . "

" သမီးလေးရယ်. . . "

" မေမေ့ဗိုက်ထဲရောက်နေပါတော့ကွယ်. . . "

ဒေါ်သင်းမြ သူမဗိုက်ကို ပွတ်သပ်ကာ တောင့်တောင့်တတ ရေရွတ် တမ်းတနေသည်။

ဒေါက်တာ ဖိုးလုံးကလည်း ပြုံးလို့ချိုလို့ ချစ်ဇနီး၏ ဦးခေါင်း ကို ချစ်စနိုးတို့းဖွလို့. . . အိမ်ထဲဝင်ခဲ့ကြ၏။

" မင့် မင်္ဂလာသတင်းအတွက် ကိုယ်ဂုဏ်ယူပါတယ် မသင်းမြ ရယ် ကိုယ့်အောင်မြင်မှုအတွက်လည်း ချီးမြှောက်ပါဦး ကွ. . . "

" ဘာဖြစ်လို့လဲဟင်. . . "

" နှလုံးအလုပ်မလုပ်တော့တဲ့ အန်ကွန်းရှပ်(စ်) လူနာကို ရအောင်အသက်ကယ်နိုင်ခဲ့တယ်ကွ"

" ဟုတ်လား. . . ဝမ်းသာလိုက်တာရှင်၊ မွန်မြတ်တဲ့ ဆရာ့အ လုပ်အတွက်. . . "



www.burmeseclassic.com

www.burmeseclassic.com

" ရော့..."

" ကွန်ဂရက်ဂျူလိတ်..."

" လက်ဘက်ရည် မသင်းမြကိုယ်တိုင် ဖျော်ပေးတာနော်..."

" ဟာ..."

" ငါ့မိန်းမ"

" ဒီနေ့ထူးဆန်းနေပြီကွ၊ လက်ဘက်ရည်တွေ ဘာတွေ တောင် သောက်လို့ပါလား... ကျားသားမိုးကြိုး..."

" အဲဒါလည်း သမီးလေးကြောင့် ထင်တာပဲ။ သမီးလေးက လက်ဘက်ရည် သောက်ချင်နေလို့ဖြစ်မှာပေါ့။ ဆက်ပြောပါဦး ကိုယ့်လူနာက ဘယ်လိုဖြစ်တာလဲ... ရှော့(ခ်)ရတာလား... ရောဂါလား"

" ရှော့(ခ်)ရတာကွ... အံ့သြဖို့ကောင်းတာက အိမ်မှာသူ့ ရည်းစားကို တစ်ယောက်တည်း စောင့်နေတုန်းဖြစ်သွားတာ"

" ဒါဆို သေသွားရောလား"

" သေတော့ မသေဘူး ရူးသွားရှာပြီ"

" ဘုရား..."

" ဘုရား..."

" ဘုရား..."



အခန်း(၈)

၆၂လမ်းရှိ မောင်သင်း လက်ဘက်ရည်ဆိုင်လေးသည် စားသူ သောက်သူ တွေစည်ကားသိုက်မြိုက်လှသည်။

လက်ဘက်ရည်ဆိုင်တစ်ဆိုင်ထက် မင်္ဂလာခန်းမတစ်ခုနဲ့ ပိုတူနေ၏။ မောင်သင်း၊ မပုံ့ပုံ့တို့၏ မင်္ဂလာညှော်ခံပွဲ...

နဖူးစည်းစာတန်းကို အဝေးကြီးမှပင် လှမ်းမြင်နေရ၏။

ဆိုင်ပိုင်ရှင်လည်းဖြစ်သူ၊ သတို့သားလည်းဖြစ်သူ မောင်သင်း၏ အပြုံးတွေက ရောင်စုံမီးများထက်ပင် ပိုမိုလင်းပလျှက်ရှိသည်။

သတို့သမီး ဆရာဝန်ပုံ့ပုံ့ကတော့ ပြုံးမြမြရှက်အမ်းအမ်း။

" မနက်ခင်းမင်္ဂလာမဟုတ်... ဆည်းဆာမင်္ဂလာလည်း မဟုတ်... ညနက်သန်းခေါင်မင်္ဂလာပွဲက တမင်ထွင်လိုက်တာဖြစ်မယ်ကွ"

"မဟုတ်ဘူး... သက်ပြင်း... သတို့သားနဲ့သတို့သမီးရဲ့ အမှတ်တရ... ကြောင်မလေးနဲ့ပတ်သက်တဲ့နေ့ကို တမင်ကျင်းပတာတဲ့"

" သူများတကာတွေကတော့ ဆည်းဆာမှာ ဆောင်လိုက်၊


www.burmeseclassic.com

www.burmeseclassic.com



အာရုံဦးမှာ ဆောင်လိုက်၊ ည သန်းခေါင်းဆောင်လိုက်နဲ့၊ ဟုတ်နေကြတာ. . . ငါတို့ လူပျိုးသိုးကြီးပဲ လက်ထပ်မယ် လုပ်လိုက် ကောင်မလေးသေလိုက်နဲ့ မျောခဲ့ရတာ သနားရှာပါတယ် ရဲရင့်ရယ်. . . "

"အဲဒီကောင်က သရဲဝင်စားတဲ့ ကောင်မလေးကို စောင့်နေတာဖြစ်မှာပေါ့. . . "

"ဒါဆို အသက်ခြောက်ဆယ်ကျော်သွားမှာပေါ့ကွ ။ အရှုးမထတာ တစ်လတောင်မပြည့်သေးဘူး"

" မြတ်ကို အရှုးမလို့မပြောကြပါနဲ့ကွာ. . . မင်းတို့ နှစ်ယောက်ကို အဲဒီတစ်ခုတော့ တောင်းဆိုပါတယ်. . . "

ရှင်းသန့်ဆွေးမြေ့ထိရှစွာပြော၏။ ပြီးတော့. . . စည်းကားသိုက်မြိုက်တဲ့ မင်္ဂလာပွဲလာသူတွေကို စိတ်မှတ်မဲ့ငေးလို့နေသည်။ သူ့မြင်ကွင်းထဲရှိနေသည် တို့ကိုတော့ ဘာတစ်ခုမှမြင်ဟန်မတူ။ ငူငူငေါင်ငေါင်နဲ့ စိတ်ကူးတွေ လေတံခွန်လို လွှင့်နေပုံရသည်။

မြတ်ကိုသနားသည် နင့်နင့်နဲနဲသနားမိသည်။ မြတ် အခုလို အဖြစ်မျိုးကြုံ့ရခြင်းသည် သူ့အပြစ်လုံးလုံးလျားလျားဖြစ်၏။

သူသာ. . . မြတ်ကို သူ့အိမ်မှာခေါ်မထားမိခဲ့ပါလျှင် သို့မဟုတ်. . .

သူသာ. . .၊ မြတ်ကို အိတျာကိုယ်စားမချစ်မိခဲ့ပါလျှင်. . . မြတ်ဘာသာလေး သူ့ဖာသာ ငြိမ်းချမ်းပြည့်စုံနေရောမည်။

တကယ်တော့ သူမြတ်ကိုသနားမိခဲ့တာပါ။

တစ်သက်လုံးစောင့်ရှောင့်ဖို့အထိ သနားမိခဲ့တာပါ။

သို့သော်. . .

အိတျာ. . .





အိတျာ အမြင်လွဲခြင်းလား. . .

အစွဲအလန်း နက်ရှိုင်းလွန်းသော အိတျာ. . . သေသည်၏ အလွန်မှာ အထိ သူ့အပေါ် တမူးတမေ့ချစ်မိမယ်လို့. . . မထင်ခဲ့ဘူး။ ဒါကိုက သူ့ရဲ့အဓိက အမှား. .

အိတျာ အချစ်က သစ္စာကြီး၊ အစွဲကြီးတဲ့အချစ်၊ သံသရာ အကွေ့အလိမ်၊ အရှည်အလျား မဆုံးသရွေ့ မြဲခိုင်[illegible]အချစ်။

အိတျာရယ်. . . မောင်လည်းမင်းကို မဆုံးသော ချစ်ခြင်းနဲ့ ချစ်နေပါတယ်။

ဒါပေမယ့်. . .

မောင် မှားတာဝန်ခံပါတယ်။

သေခြင်းအလွန်ထိ လိုက်ခဲ့ဖို့မောင့်အချစ်တွေ ဆုံးဖြတ်ချက် ဝေဝါးခဲ့မိတယ်။

ဘဝခြားချစ်သူကို ချစ်မြဲချစ်နေတဲ့ တစ်နှစ်တာလုံးလုံးမှာ ရော အိတျာ ဘယ်ပျောက်နေတာလဲ. . . မောင် စောင့်နေခဲ့တယ် ကွာ။ အိတျာ. . . သေဆုံး ခဲ့တဲ့နေကစပြီး တစ်နှစ်တိတိ မောင့် နှလုံးသားထဲကို ဘယ်မိန်းကလေးမှ နေရာမပေးထားခဲ့ဘူး. . .

မောင့်အတွက် အိတျာ. . . အိတျာအတွက်မောင်. . . ဒါပဲ. . . အချစ်ဆိုတဲ့ ခံစားမှုကို ဘောင်ခတ်ခဲ့တာ။

ဖြစ်မယ့်ဖြစ်တော့လည်း အိတျာက မောင့်အမှားကို စောင့်နေခဲ့တာကိုး. . .

မောင် အိတျာကို ရှက်ပါတယ်။

ဘယ်လောက်ကြာပြီထင်လဲ. . .

အနှစ် နှစ်ဆယ်ကြာပြီ

စိတ်ချ အိတျာ



www.burmeseclassic.com

www.burmeseclassic.com



မောင့်အချစ်တွေ အိတ္ချာကို နောက်တစ်ကြိမ်ပြန်မြင်ရမှပဲ ပြန်လည် အသက်ဝင်တော့မှာသေချာတယ်။

အမှားစောင့်တတ်တဲ့ အိတ္ချာ ကြိုက်သလောက်စောင့် လိုက်စမ်း. . .

နှစ်တမ်းတွေ တစ်လျှောက်ကြီးစောင့်စေဗျာ. . .

မောင် ဆံဖြူသွားကျိုးတဲ့အထိ စောင့်လိုက်စမ်းပါ။

သစ္စာကြီးတဲ့ ဦးရှင်းသန့်အဖြစ် အိတ္ချာတွေ့ရလိမ့်မယ်

ယုံ. . . ပြောသာပြောရတာပါ

မောင့်အမှားစောင့်တဲ့အိတ္ချာ အနှစ်နှစ်ဆယ်လုံးလုံး ပျောက်နေတယ်။

စောင့်ထိန်းတဲ့မောင့်ကို မစောင့်ထိန်းမိ‌ခဲ့ အပြစ်တစ်ခုနဲ့ ဒဏ်ခတ် လိုက်တာပေါ့ ဟုတ်လား။

ကောင်းပါလေ့ကွယ်. . .

လုပ်လိုက်စမ်း. . .

အခု မောင် အသက်လေးဆယ်ပြည့်ပေမယ့် အိတ္ချာနဲ့ ပြန်တွေ့ရင် အမြဲတမ်းဆယ်ရှစ်နှစ်ပဲ သတိသာထား အိတ္ချာ အချစ်ရယ်

စည်ကားသိုက်မြိုက်ဆဲ မင်္ဂလာပွဲအလယ်မှာ ရှင်းသန့် အလွမ်းတွေ သံသရာရှည်နေ၏။

<<<

" မောင်ရယ် ဖြေးဖြေးမောင်းပါကွာ. . . "

" ဘာလဲ. . . အိတ္ချာက မောင်နဲ့အတူမသေရဲလို့လား. . . "

" ဘာတွေပြောနေတာလဲ မောင်. . . နိမိတ်မရှိတာတွေ





မပြောနဲ့ ဟယ်. . . "

"မောင်ကတော့ သေထိတိုင်အောင်ချစ်နေမယ်ဗျာ. . .

ဟောဒီ. . . နယူး ရီးယားညမှာ သေရတော့ ပိုလို့တောင် မှတ်မှတ် ရရ ရှိနေဦးမယ်. . . "

မောင် ကားကို ပိုလို့ အရှိန်မြှင့်ရင်းအောင်ပြော၏။

လမ်းဘေးသစ်ပင်တွေ၊ လူနေအဆောက်အဦးတွေ စား သောက်တန်းတွေ လှစ်ခနဲ လှစ်ခနဲ နောက်ကျန်ရစ်သည်။

မောင်က အဲ့လိုလူ ပြောစကားနားမထောင်တက်တာကိုက မောင့်ရဲ့ အမှတ်တံဆိပ်။ မပြောတော့ဘူး. . .

သုံးဆယ့်ငါးလမ်းဂုံးကျော်တံတားပေါ် လွှားခနဲဖြတ်ခဲ့ သည့် မောင့် ပြိုင်ကားနီနီလေးက မောင်နဲ့သဏ္ဍာန်တူ စိတ်မြန်သွေးရဲပုံရ သည်။

ကားတကာကို ကျော်၊ ဆိုင်ကယ်တွေကိုလည်းကျော် ဟော. . .

၆၂လမ်းဖက်ချိုးလိုက်ပြီ

"ဟက်ပီးနယူးရီးယား. . . "

" ဟေ့. . . အိတ္ချာ"

" အော်မယ်လေး. . . "

"ဟက်ပီးနယူးရီးယား. . . "

နှစ်ကူးညကို အိပ်မပျော်ရက်သူတွေနဲ့အတူ မောင်နဲ့အိတ္ချာ လည်း အော်လိုက်ကြ၏။

" ဝေး. . . "

" ဟူး. . . "

" နယူးရီးယား. . . "



www.burmeseclassic.com

www.burmeseclassic.com



"ဝိုး. . ."

လေတိုးသံတွေနားထဲမှာ အရှိန်မြင်းပြင်း ဆောင့်တိုးနေ၏။

" ဝေါ. . ."

" ဝူး. . ."

" ဝူး. . ."

" ကျွိ. . ."

" ဒုန်း "

" အား "

ပြိုင်ကားနီလေးသည် အရှေ့မှ ဖြတ်ပြေးသော ကြောင်မင လေးကြောင့် ဘရိတ်ဆောင့်အုပ်. . . စတီယာရင်းကိုဆွဲအကွေ့ လမ်းဘေးအုတ်ခုံကို ပြေးဆောင့်လိုက်လေပြီ။

" လာကြပါဦး"

" ကားမှောက်လို့ "

" ဟာ. . ."

" Ambulance ခေါ်ကြလေ. . . ဆေးရုံကို ဖုန်းဆက်. . ."

" ကြဲ့တဲ့ကား တားကြစမ်းကွာ"

လက်ဖက်ရည်ဆိုင်လေးထဲမှ လူတွေ ဘရောသောပါးပြေးထွက်လာကြသည်။

" မောင်ရေ. . ."

" မောင်ဘယ်မှာလဲ"

အိတျာမျက်ခင်းပြင်ပေါ် မှောက်ခုံလဲကျနေတဲ့ မောင့်ကို အနီးမှာ တွေ့လိုက်ရ၏။

" မောင် အသက်မှရှိသေးလား. . ."

" ဘုရား. . ."





" ဘုရား. . ."

" မောင်. . ."

" မောင် ဘာမှမဖြစ်ပါစေနဲ့. . ."

" ဒါပေမယ့် အိကျာ ဆုတောင်းမပြည့်တော့ဘူး. . ."

" မောင့် နှလုံး အလုပ်မလုပ်တော့ဘူး. . ."

" မောင်သေပြီ. . ."

" မောင်သေပြီ. . . မောင်ရေ"

အိတျာရင်ထဲ ဆို့နင့်မွန်းသိပ်သွား၏ မောင့်အနီးမှာ မောင့်ရဲ့ နာရီလေး ကြိုးပျက်နေတာတွေ့ရသည်။

နာရီငုံ့ကြည့်တော့ ဆယ်နှစ်နာရီ ဆယ့်နှစ်မိနစ်

အိတျာ ဆက်ကြည့်နေပေမယ့် နာရီလေးကတော့ ဆယ်နှစ်နာရီ ဆယ့်နှစ်မိနစ်ကိုပဲ ပြမြဲတိုင်းပြနေ၏။

သွားပြီ နာရီလေးလည်း သူ့သခင်နဲ့အတူ ဘဝတစ်ခု ဇာတ်သိမ်းပြီ. . .

နာရီလေးကို ကြည့်ပြန်သည်

ဆယ်နှစ်နာရီ ဆယ့်နှစ်မိနစ်

မောင့်ကိုကြည့်၏။

နှလုံးသွေးရပ်ကာ အန်ကွန်းရှပ်(စ်) အိုးမဲဟုတ်ဘူး သွေးခုန်နှုန်းကို မရှိတော့ဘူး. . . မောင်သေပါပြီ။

" သေချာပြီ. . ."

" မောင်သေပြီ. . . မောင်ရယ်"

အိတျာ ခေါင်းတွေမူးဝေနောက်ကျိသွား၏။ အမြင်အာရုံတွေ ရှုပ်ထွေး ဝေဝါးသွားသည်။

အိတျာ ခေါင်း အိတျာ ပြန်ကိုင်လိုက်တော့ သွေးစေးတွေ



www.burmeseclassic.com

www.burmeseclassic.com



အိတျာ နဖူးမှစီးကျနေ၏။ အိတျာတစ်ကိုယ်လုံး သွေးတွေနဲ့ ညှီစို့စေးပျစ်လို့သာနေတော့သည်။

"သွားပြီ. . . တစ်ယောက်ကတော့ ပွဲချင်းပြီး။ တစ်ယောက်ကတော့ သေမသေ မသေချာဘူး. . . "

" ဆေးရုံကား ရောက်ပြီ တင်ကြပါဟ. . . သေသွားတဲ့ အလောင်းရော ကောက်တင်ကြကွာ. . . "

အိတျာ ခေါင်းတွေမထူနိုင်တော့ပေ. . .

အိတျာလဲကျ သွားသည်ထင်၏။ သို့မဟုတ် လဲကျနေခဲ့တာလား. . .

လူသံတွေ ဝေး၍ ဝေး၍ ပျောက်သွားပြီး. . .

"ညောင်"

အိတျာ နားထဲသို့ ကြောင်အော်သံကြား၏။

သတိလစ်လဲကျနေသော ကြောင်လေးတစ်ကောင်. . . လူးလဲ ထလိုက်သည်။

အိတျာရဲ့မောင့်ကိုပေးခဲ့သော နာရီလေးကို လက်နဲ့ဆွဲကုတ်ယူလိုက်၏။

အိတျာကြည့်နေသည်။

အိတျာကိုယ်တိုင် မောင့်နာရီလေးကို ဆုပ်ကိုင်လိုက်ရသည့်အထိ အတွေ့ခံစားရသည်။

ဒါပေမယ့်. . .

" အို. . . "

" အိုး. . . "

" အိတျာမရှိတော့ဘူးပဲ . . . အိတျာပျောက်သွားပြီပဲ အိတျာကို အိတျာရှာမတွေ့တော့ပါလား"





" မောင်ရေ. . . "

" အိတျာဘယ်မှာလဲ. . . "

" အိတျာကို အိတျာ ရှာမတွေ့ တော့ဘူး"

" အိုး. . . "

" ကောင်မလေးတစ်ယောက်. . . အိတျာကို ပွေ့သွားကယ်"

" ဟင်. . . "

" အိတျာကို ကြောင်မလေးတစ်ကောင်လို ပွေ့ချီသွားတယ်. . . "

" ညောင်"

အိုး ဘယ်လိုဖြစ်ပါလိမ့်. . . အိတျာအော်ခေါ်နေတာ

" မောင်"

လို့ခေါ်နေတာပါ။

ဘာကြောင့်. . . ကြောင်တစ်ကောင်လို မြည်နေပါလိမ့်. . .

အိုး. . .

အိတျာက ကြောင်မလေးဖြစ်သွားပြီလား. . . ဘာတွေလဲ မဟုတ်ဘူး. . . အိတျာ မသေဘူး. . . မောင်သေတာ. . . "

အိုး အရိပ်မည်းကြီး အိတျာကိုဆွဲခေါ်သွားပြီ. . .

" မောင် သိပ်ရက်စက်တာပဲ. . . "

" အိတာရှေ့မှာ မြတ်ဆိုတဲ့ ကောင်မလေးကို လွှက်ရည်ခွံတိုက်နေရက်တယ်. . . "

" အိတျာကို သူတို့ မမြင်ကြဘူး. . . "

" ဘာတဲ့. . . "

" အိတျာသေတာ တစ်နှစ်တောင်ပြည့်ပြီတဲ့. . . "

" ဟုတ်စ. . . "



www.burmeseclassic.com

www.burmeseclassic.com



" ဟား. . . "

" ဟား. . . "

" ဟား. . . "

အိုး ခွေးတွေကို အိတျာမမုန်းပါဘူး. . . အခုကြည့်လို့မရဘူး အိတျာကို မျှားဆို ထိုးထိုးဟောင်တာ. . . ဟောင်တာလည်း မဟုတ်ဘူး. . .

မသဒ်ီစရာအသံကြီးနဲ့ စူးစူးဝါးဝါးအူကြတာ

အိုး. . . ဟိုးမှာ မြင်ရတာ. . . ကြာနီကန်သုသာန်ရဲ့ မီးသင်္ဂြိုလ်စက်၊ မီးခိုးခေါင်းတိုင်. . . ဒီတိုက်ပျက်ကြီးက ဘုန်းကြီးကျောင်းဟောင်းနဲ့တော့တူ တယ်။ ဒါပေမယ့် အိမ်ပျက်ကြီးမှာပါ။

" ဟဲ့. . . "

" သမီးငယ်. . . "

" အော်. . . ဒီကလေး. . . "

" အိပ်ငိုက်နေတာကိုး သွားလေ. . . မမကြီးတို့က ဆယ့်နှစ်နာရီဆယ့်နှစ်မိနစ်မှာ မင်္ဂလာသြဘာစာ ဖတ်မှာ. . . "

မေမေ ဒေါ်သင်းမြအသံကြားမှ. . . အိတျာ. . . အိပ်မက် မှန်း၏။ အိပ်မက်သည် အိတျာမက်နေကျအိပ်မက်. . . အကြိမ် ပေါင်းမရေတွက်နိုင်အောင် မက်ခဲ့သည့်အိပ်မက် စွဲနေသည်။

အထူးသဖြင့်. . . အိပ်မက်ထဲမှ အိတျာရဲ့မောင့်ကို စွဲမြဲ မှတ်မိနေသည်။ ရှင်းသန့်တဲ့. . . တွေ့ရသည့် အိပ်မက်တိုင်းမှာ အိတျာကို ရင်ခုန်စေသူ ရှင်းသန့်. . .

" အိုး. . . "

" အိတျာ့ရင်တွေ ပရမ်းပတာ ထ'ခုန် နေပါရောလား. . . "

" အိုး. . . "





" ဟဲ့. . . "

" လီရောင်ဂျေး ဘာတွေချီလာတာလဲ. . . "

အိတျာခြေရင်းမှာ လီရောင်ဂျေးထားသည့် ဗူးနီလေးကို ချလိုက်၏။

ဒီ လီရောင်ဂျေးသည် သေခဲ့သော ခွေးလေးလီရောင်ဂျေး ကို သတိရ၍ ပေးထားသည့် နာမည်ဖြစ်၏။

လီရောင်ဂျေးတုး၏အသက်က သုံးနှစ်ပင်မပြည့်သေး ပေ. . . မမကြီး ဂွပ်ပွအချစ်တော် လီရောင်ဂျေးတုး၏ ရှေ့မှ ဗူးနီလေး ကို အိတျာစိုက်ကြည့်လိုက်သည်။

ရင်ထဲမှာ ရှိန်းတိန်းဖိန်းတိန်းခံစားချက်တွေ လှန်ထိုးနေပြီ ဗူးနီလေးကို တုန်ရီသောလက်တွေနဲ့ ဆွဲဖွင့်မိသည်။

" အိုး. . . "

" နာရီလေး. . . "

အိပ်မက်ထဲမှ မောင့်နာရီလေးကို ပလက်တီနာမ် ဆွဲကြိုး လေး၏ ဆွဲပြားအဖြစ်လုပ်ထား၏။

အိတျာရင်ခုန်မှုတွေ တဒုန်းဒုန်းညံသွားသည်။

" မောင်နဲ့တွေ့ရတော့မယ်ထင်ပါရဲ့. . . "

အိတျာ တိုးတိုးရွက်ရင်း. . . ဆွဲကြိုးလေးကို လည်ပင်းမှာ မြတ်နိုးစွာ ဆွဲစွက်လိုက်၏။

" တကယ်တော့ ဒါ အိတျာ့ပစ္စည်း အိတျာချစ်တဲ့ မောင့် ပစ္စည်း အိတျာ ဆွဲတာဘာဖြစ်လဲ. . . "

" ဟက်ပီးနယူးရီးယား. . . "

အိတျာဆွဲကြိုးလေး၏ နာရီဆွဲပြားလေးကို ငုံ့နမ်း လိုက် စဉ်. . . နှစ်ကူးသွားလေပြီ



www.burmeseclassic.com

www.burmeseclassic.com



အိတ္တျာလည်း ပျော်ရွှင်နှစ်လိုစွာ အောက်လိုက်ပါပြီ။

" ဟက်ပီးနယူးရီးယား. . . "

ပြီးတော့ မမကြီး၏ မင်္ဂလာပွဲဆီ အိတ္တျာနဲ့မေမေထွက်ခဲ့၏။

အခါတော်. . .

ပေးတာက. . . . နတ် ရေး ငယ် ရွှေ စာ. . .

မင်္ဂလာ အခါတော်တေးသံ ငြိမ့်ငြိမ့်နဲ့အတူ ကိုကြီးသင်းနဲ့ မမကြီးပုံ့တို့၏ အပျော်တွေက တံလျှပ်ချိုချိုများလို တရိပ်ရိပ် လက်ဖြာနေ၏။

မကြီးပုံ့ လက်ကလေးကိုဆုပ်ကိုင်ထားသည့် ကိုကြီးသင်း၏ လက်တွေသည်. . . မီးအိမ်ကိုင်နိုက်တင်ဂေးလို ချိုမြိန်ခြင်းတွေ ဝေ့သီလျှက်. . .

ခေါင်းကြီးထိပ်ထားကမ်းပေးသော ရေခဲမုန့်ခွက်ကလေး လှမ်းယူရင်း အိတ္တျာမျက်စိရွှေ့စားပွဲသို့ ရွှေ့လျောအရောက်မှာ

" အို. . . "

" မောင်. . . မောင်ပါလား. . . "

" အိတ္တျာရဲ့ အိပ်မက်မောင်"

အိတ္တျာလွတ်ခနဲထရပ်မိပြီး. . . မောင့်ကိုတစ်ချက် ငေး ကြောင် ကြည့် နေမိပြီး. . . ခြေလှမ်းတွေက ထိန်းချုပ်မဲ့ စိတ်မှတ်မဲ့ မောင့်ဆီလျှောက်သွားမိ၏။

မောင်ကတော့ အတွေးနည်ချဲ့နေသည်လား. . . လမ်းမဆီ ကိုသာ စိုက်ကြည့်နေဆဲပင်. .

အိတ္တျာ မောင်တို့စားပွဲရှေ့ ရောက်တဲ့အခါ မောင် အိတ္တျာကို မမြင် သေးပေ။

သို့သော်. . . မောင့်အနီးမှ မောင့်သူငယ်ချင်းတွေ အိတ္တျာ





ကို မော့ကြည်၏။

အားလုံး ပါစပ်အဟောင်းသားနဲ့. . .

ပြီးတော့. . . အထိတ်တလန့်နဲ့

" အိတ္တျာ. . . "

မောင့်သူငယ်ချင်းနှစ်ယောက် အော်သံကျယ်ကျယ် ထွက် ပေါ်လာ၏။

အဲတော့မှ မောင် အိပ်မက်မှလန့်နိုးသူလို အိတ္တျာကို မော့ကြည့်သည်။

အကြာကြီး. . . မောင် ကြည့်နေသည်။ အိတ္တျာကို ဆွေးမြေ့ ရီဝေစွာ ကြည့်နေ၏။

မောင့်အကြည့်ထဲမှာ အချစ်နဲ့အလွမ်းတွေ ဆတူရောယှက် ပါဝင်နေတာ အိတ္တျာခံစားရသည်။

မောင်မျက်ဝန်းတွေ တဖျပ်ဖျပ်လက်လာ၏။

" အို. . . "

" မောင်. . . "

" မောင်ငိုနေတယ်. . . ဟုတ်လား. . . "

" မောင်ငို နေတာလား. . . "

" မငိုနဲ့မောင်. . . "

" အိတ္တျာ ရောက်နေပြီလေ. . . "

အိတ္တျာရင်ထဲမှာလည်း ကြေကွဲမှုနဲ့ ကြည်နူးခြင်းတွေ တလူးလူး တလွန့်လွန့် တိုးလို့နေသည်။

" မငိုနဲ့မောင်. . . "

" အိတ္တျာနဲ့မောင် ဘယ်တော့မှမဝေးတော့ဘူး. . . "

" မောင် ချစ်တာ အိတ္တျာယုံပါတယ်. . . "



www.burmeseclassic.com

www.burmeseclassic.com



အိတျာ့နှလုံးသားထဲက စကားတွေဟာ အသံအဖြစ်ဖြင့် မလာခဲ့ပေ လည်ချောင်းဝမှာသာ တစ်ဆို့နေတော့သည်။

" အို အိတျာလည်း မျက်ရည်ကျနေပါလားမောင်. . . "

" မောင်နဲ့ အိတျာက ထပ်တူတပ်မျှ ခံစားရသူတွေပါ"

" အိတျာရယ်"

" အိတျာ. . . အနှစ်နှစ်ဆယ်လုံး ခြေရာဖျောက်ပြီး မောင့်ကို ခဏလာဖြေသိမ့်ပြန်ပြီပေါ့ ဟုတ်လား. . . မောင့်အမှားအတွက် အကွက်ထောက်ဖို့ ရောက်လာပြန်တာဆိုလည်း မောင်ပျော်တယ်. . . မောင် စောင့်ရကျိုးနပ်ပြီ။ အိုး . . . သေရင်တောင်. . . သေပျော်ပြီ. . ."

" ပြောပြန်ပြီမောင် ဒီသေစကားကို မပြောပါနဲ့. . . အဲဒီသေခြင်းကြောင့် တမလွန်ဝက်ပါမှာ အိတျာ. . . မျှော်ခဲ့ရတာနော်. . ."

" မောင်မသိဘူး. . . ဘယ်လောက် ပင်ပန်းတယ်မှတ်လဲ. . ."

အိတျာနဲ့မောင် အကြည့်ချင်းဆုံနေပေမယ့် အိတျာစကားတွေ ထွက်ကျမလာဘူး. . .

မောင်ကတော့ အိတျာလက်ကလေးကို အနူးညံ့ဆုံး ပန်းတစ်ပွင့်ကို ထိခြင်းမျိုးနဲ့ ဖွဖွထိကိုင်လို့လေ. . .

" အိတျာ. . . မောင့်ကိုချစ်သေးတယ်မဟုတ်လား . . . မေးစရာမလိုပါဘူးလေ. . . "

" မောင့်အိတျာက မောင့်ကို သံသရာတစ်ဆုံး ချစ်နေမှာ သံသယ ဝင်စရာမှမရှိတာ. . ."

" ဒါပေါ့. . . မောင်"





" အိတျာ. . . မောင့်ကို သိပ်ချစ်တာပါ"

" ဟင်. . . ဘာဖြစ်လို့ပါလိမ့် အိတျာနှုတ်ခမ်းတွေသာ တဆတ်ဆတ် လှုပ်နေတယ် စကားသံတွေ မဖြစ်လာတော့ဘူး. . ."

အိတျာ့ အသံတွေဆုံးသွားပြီ. . .

အိတျာ နှလုံးသားမှာ တုန်လှုပ်မှုတွေနဲ့ ကတိမ်းကပါး တိုးတိုးခုန် နေ၏။

အိတျာ လည်ပင်းမှ ဆွဲကြိုးလေးကို ကိုင်ပြတော့. . .

" မှော်. . . လေ. . . "

" မောင်. . . "

" ငိုတယ်. . . "

" မငိုနဲ့လေမောင် အိတျာမသေတော့ပါဘူးနော်. . . စိတ်ချပါ သေရမှာ ကြောက်လို့မဟုတ်ဘူး. . . မောင်နဲ့ ထပ်မတွေ့ရမှာစိုးလို့. . . "

" အိ. . . အိတျာ. . . "

" ညီမလေး ဘာဖြစ်လို့လဲ"

မမကြီးပုံ့တို့ အိတျာတို့ဆီပြေးလာတယ်။

" အိတျာ ဘာမှမဖြစ်ဘူး အိတျာသိပ်ချစ်တဲ့မောင်နဲ့ပြန်တွေ့လို့ ပျော်နေတာ မမကြီး အိတျာဘာမှမဖြစ်ဘူး. . . "

အိတျာ ပါးစပ်က အဆက်မပြတ်သာလှုပ်နေတယ် ဘာသံမှ မထွက်ကာ မမကြီးသိသွားပြီး. . .

" အိတျာ"

" ညီမလေး မမကြီးမေးနေတယ်. . . "

" ပြန်ဖြေပါဦး. . . "



www.burmeseclassic.com

www.burmeseclassic.com



" အိုး. . . မောင်သင်း. . . "

" ညီမလေးဘာဖြစ်သွားပြီလဲ. . . စကားသံတွေ မထွက်တော့ဘူး. . . ဒါ Heart Shock ဖြစ်တာ. . . "

မမကြီး အိတျာကို ဆွဲဖယ်လိုက်တယ်။

" ဒါပေမယ့် အိတျာ အတင်းရုန်းပြီး မောင့်ရင်ခွင်ထဲတိုးဝင်ပြီး မောင့် ကိုဖက်လိုက်တယ်။ ပြီးတော့ သည်းသည်းထန်ထန် ငိုပစ်လိုက်တယ်. . . "

" ဒါပေမယ့် အသံတိတ် ငိုခြင်းပေါ့. . . "

မောင် အိတျာကို တင်းတင်းကျစ်ကျစ်ဖက်ပြီး ပျာယာခတ်သွားရှာတယ်. . . သနားလိုက်တာမောင်ရယ်။ အိတျာမောင့်ကို စိတ်ပူအောင် လုပ်မိပြန်ပြီလား. . .

" အိတျာ. . . "

" အိတျာလေး. . . မောင့်အိတျာလေး"

မောင့်အသံက ကမ္ဘာပျက်ထဲက တစ်ယောက်တည်း ကျန်သူသားရဲ့ ကြေကွဲခြင်းမျိုးနဲ့ အက်ရှနေရှာတယ်။

အိတျာမျက်နှာပေါ် မောင့်ပါးပြင်ကစီးကျမျက်ရည်တွေ မနားတမ်း လှိမ့်ဆင်းလာတယ်. . .

" မောင်ရယ်. . . "

" အိတျာ သိပ်ချစ်တာယုံပါတော့နော်. . . "

" အမလေး. . . "

" ကျွန်မညီမလေး. . . အသံမထွက်တော့ဘူး. . . "

" ဖေဖေရေ ညီမလေး. . . အသံမထွက်တော့ဘူး လုပ်ပါဦး"

မမကြီးလည်း သည်းသည်းထန်ထန် ပူပန်နေရှာတယ်။ ဖေဖေတို့ မေမေတို့ ပြေးလာတယ်။





အိတျာ. . . အမူအရာ အမျိုးမျိုးပြပြီး မောင့်နဲ့အိတျာ ချစ်သူတွေဆိုတာ လူအများကြီးရှေ့မှာ ပြောနေမိတယ်။

"သမီးလေး. . . "

မေမေနဲ့ဖေဖေ ခေါ်ပေမယ့် အိတျာ မောင့်ရင်ခွင်ထဲသာ တိုးပြီးရင်း တိုးနေလိုက်တယ်။

"ငံမောင်နဲ့အိတျာကို မခွဲကြပါနဲ့"

"အိတျာလေးရယ်. . . "

" ခံစားချက်တွေ. . . တစ်ထစ်ချလိုက်ပါလားကွာ. . . အိတျာမောင့်ကိုချစ်တာ ဘာသက်သေမှမရှိဘူး မောင်သိပြီးသားပါ"

မောင်ကတော့ နက်နက်ရှိုင်းရှိုင်း ငိုရင်းပြောတယ်။

မမကြီးငိုသံ သဲ့သဲ့လည်းထွက်လာတယ်။

မေမေဆို ခြေမကိုင် လက်မကိုင်မိဖြစ်လို့ . . .

" အိတျာ တစ်ခါ ထပ်သေတော့မလို့လား. . . "

" မသေပါရစေနဲ့ဦး. . . မောင့်ကို အိတျာချစ်တဲ့ မောင့်ကို အိတျာလက်ထဲက ရေခဲမုန့်လေးကျွေးဦးမယ် အိတျာချက်တတ်သမျှ အစားအသောက်တွေနဲ့ မောင့်ကိုကျွေးချင် သေးတယ်. . . "

အိတျာ နှုတ်ခမ်းလှုပ်ကာ အသံမထွက်ပဲ အဆက်မပြတ် အော်ပြောရင်း လက်ထဲကရေခဲမုန့်လေး မောင့်နှုတ်ခမ်းဆီထိုးကပ် ပေးလိုက်ပါတယ်။

" ဟာ. . . လေ. . . "

" မောင်. . . "

" အိတျာ ကျွေးတာစားပါဦး. . . "



www.burmeseclassic.com

www.burmeseclassic.com



မောင်ကတော့ မျက်ရည်တွေရွှဲနေတဲ့ တုန်ရီနှုတ်ခမ်းတွေနဲ့ အိတျာ စိတ်ကြိုက်ပယေးရှာတယ်။

"သိပ်ချစ်စရာ ကောင်းတဲ့မောင်. . ."

အိတျာရင်ခုန်သံတွေ ပေါက်ကွဲမတတ်ဖြစ်ကာ

" မောင့်ကို ချစ်တယ်"

" မောင့်ကို သိပ်ချစ်တယ်"

အိတျာစကားသံထွက်သွား၏။

" ဟယ်. . ."

" အိတျာလေး စကားပြောနိုင်ပြီ"

" ဝမ်းသာလိုက်တာကွယ်"

" အို. . မောင်လောက်ပျော်တဲ့သူ ဒီကမ္ဘာမှာ ရှိမှာမဟုတ်ဘူး. . ပျော်လိုက်တာ အိတျာရယ်"

မောင်အရမ်းဝမ်းသာနေရှာသည်။

" ညီမလေးစကားပြောနိုင်ပြီပေါ့နော်"

" အိတျာကတော့ ပိုလို့ပျော်တာပေါ့. . . ရှင်"

" ဝက်ပါဆန်တဲ့ တမလွန်ထဲကနေ အိတျာ လွတ်လပ်စွာနေပါရစေတော့"

" အိတျာလေးရယ်"

မောင့်ရဲ့ အကြင်နာနွေးနွေးလက်နှစ်ဖက်ကြား အိတျာ ခေါင်းတိုးဝင်လိုက်ပါသည်။

ထိုစဉ်. .

လက်ဘက်ရည်ဆိုင်ထဲမှ အရိပ်မည်းကြီးတစ်ခု (၆၂)လမ်းအတိုင်း မြောက်စူးစူးသို့ ပြေးထွက်သွားတော့သည်။

ခွေးအူသံတွေ တသီတတန်းကြီးက ညဉ့်လယ်ယံကြီးထဲ တွန့်တွန့်လူး လွမ်းခြုံသွားလေပြီ။

ထွက်ပြေးသွားတာ မြတ်ပါ ဆိုတာကိုတော့ အိတျာမည်သူ့ကိုမျှ ဖွင့်မပြောတော့ပါ။

စာဖတ်ပရိသတ်၏ မေတ္တာကိုခံယူလျက်. . .

ပုဏ္ဏက







www.burmeseclassic.com